# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက် | ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၁၈ ရက်၊ အင်္ဂါနေ့၊ | အတွဲ (၅၆)၊ အမှတ် (၂၈၈)


**ဆရာ တပည့် ဆက်ဆံရေး**

သူတစ်ပါးကို ဆုံးမသည့်အတိုင်း မိမိကိုယ်တိုင် လိုက်နာပြုကျင့်ခြင်းသည် ထိရောက်အောင်မြင်သော ပညာပေးခြင်းမည်၏။ တရားကို မင်ရာမှ ပုဂ္ဂိုလ်ကိုပါ ခင်မင်စေနိုင်သဖြင့် ခိုင်မာသော ဆရာတပည့် ဆက်ဆံရေးကို ဖြစ်ပေါ်စေနိုင်သည်။ (မိမိပြောသည်ကို သူတစ်ပါးအား လိုက်နာကျင့်သုံးစေလိုလျှင် မိမိပြောသလို မိမိကိုယ်တိုင် ကျင့်ကြံလိုက်နာပါ။)

**အတ္တဝဂ်(ဓမ္မပဒ - ၁၅၉)**

## မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

စာ-၃



# နှစ်အနည်းငယ်အတွင်း ခရီးသည်ဦးရေ တိုးတက်လာသည့် ရန်ကုန်မြို့ပတ်ရထား

**သတင်း - မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ - မင်းထက်**

**ရန်ကုန် ဇူလိုင် ၁၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ ရန်ကုန်မြို့ပတ်ရထားသည် ယခင်နှစ် အနည်းငယ်အတွင်းက စီးနင်းလိုက်ပါမှု အထိုက်အလျောက်သာရှိခဲ့သော်လည်း ယခုကာလတိုတစ်ခုအတွင်းမှာပင် လိုက်ပါစီးနင်းသည့် ခရီးသည်ဦးရေ နေ့စဉ်နှင့်အမျှ တိုးတက်မှုရှိလာသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံ၏ လူဦးရေအထူထပ်ဆုံးဖြစ်သော ရန်ကုန်မြို့တွင် နေ့စဉ်နှင့်အမျှ သွားလာလည်ပတ်သူများနှင့် အလုပ်သွား/အလုပ်ပြန်များသည့် နေရာအနှံ့အပြားခရီးလမ်းကြောင်းများပေါ်တွင် ရထား၊ ကားတို့ဖြင့် လိုရာခရီးကို သင့်တင့်လျောက်ပတ်သလို သွားလာလှုပ်ရှားလျက်ရှိသည်။ ယင်းသို့ ပြည်သူများ သွားလာမှုအဆင်ပြေစေရန် မကြာမီက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကြီးကြပ်မှုအဖြစ် ပြုပြင်ပြောင်းလဲလိုက်သော YBS ကားများ ပြေးဆွဲပေးလျက်ရှိသလို မြန်မာ့မီးရထားမြို့ပတ်တွဲဆိုင်းများကလည်း နေ့စဉ်ခေါက်ရေ ၂၀၀ ကျော်ကို မြန်မာ့မီးရထား တိုင်းအမှတ်(၇) ရန်ကုန်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ပြေးဆွဲပေးလျက်ရှိသည်။

"မြို့ပတ်ရထားကတော့ အရင်နဲ့စာရင် ခုနောက်ပိုင်းလိုက်ပါစီးနင်းတဲ့ ခရီးသည် တော်တော်များလာပါတယ်။ အဓိက အလုပ်ဆင်း၊ အလုပ်တက်ချိန်တွေမှာ ခရီးသည်လိုက်ပါစီးနင်းမှုက အပြည့်အလျှံပါပဲ။ အထူးသဖြင့် လှော်ကားလမ်းကြောင်း မြို့ပတ်ရထားကတော့ တွဲဆိုင်းတိုင်းလိုလို ရုံးတက်/ရုံးဆင်းအချိန်တွေဆို ခရီးသည်လိုက်ပါမှု အတော်လေးပိုများလာပါတယ်။ ကျန်တဲ့ မြို့ပတ်လမ်းကြောင်း တွဲဆိုင်းတွေလည်း အလားတူ ခရီးသည်လိုက်ပါစီးနင်းမှုက အခုနှစ်ပိုင်းအတွင်းမှာ ပိုများလာပါတယ်"ဟု မြန်မာ့မီးရထားမြို့ပတ်မှ

*စာမျက်နှာ ၈ ကော်လံ ၁* ❖



ရန်ကုန်မြို့ပတ်ရထားပေါ်၌ စီးနင်းလိုက်ပါလာသည့် ခရီးသည်များ

## လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် အားကောင်းလာနိုင်


**နေပြည်တော် ဇူလိုင် ၁၇**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေနှင့် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ အားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၁၇-၇-၂၀၁၇

ရေးမြို့
၅ ဒသမ ၁၅ လက်မ
ထားဝယ်မြို့
၄ ဒသမ ၇၆ လက်မ
လောင်းလုံးမြို့
၄ ဒသမ ၄၀ လက်မ
ပေါင်မြို့
၄ ဒသမ ၃၃ လက်မ
ဟိုင်းကြီးကျွန်းမြို့
၄ ဒသမ ၁၇ လက်မ
ကျိုက္ခမီမြို့
၃ ဒသမ ၈၂ လက်မ
မချမ်းဘောမြို့
၃ ဒသမ ၂၃ လက်မ
ဘားအံမြို့
၃ ဒသမ ၁၉ လက်မ
သထုံမြို့
၃ ဒသမ ၁၁ လက်မ

မြန်မာ့အလင်း

# ပြည်သူတို့၏ ညီညွတ်သောဆန္ဒနှင့် ဉာဏ်ပညာ

ဒုတိယကမ္ဘာစစ်အပြီး အရှေ့တောင်အာရှနိုင်ငံအများစုတို့မှာ နယ်ချဲ့ကိုလိုနီလက်အောက်ခံနိုင်ငံများဘဝမှ လွတ်မြောက်ရေးအတွက် ရုန်းကန်ကြိုးပမ်းနေကြချိန်။ ထိုနိုင်ငံအသီးသီးတို့၏ အမျိုးသားခေါင်းဆောင်များအနက် အသက်အရွယ်အားဖြင့် ငယ်ရွယ်နုပျိုသလောက် ကျန်းမာကြံ့ခိုင်ကာ ထူးချွန်ထက်မြက်သည့်ခေါင်းဆောင်မှာ ဗိုလ်ချုပ်အောင်ဆန်းဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ မျိုးချစ်စိတ်ဓာတ်၊ ရိုးသားဖြောင့်မတ်မှုနှင့် ထူးချွန်ထက်မြက်မှုတို့က ပြည်တွင်း၌ (ဗိုလ်ချုပ်၏စကားအတိုင်းဆိုရလျှင်) ပေါ်ပြူလာဖြစ်ရုံမျှမက ပြည်ပသို့တိုင်အောင်ပင် ထင်ရှားခဲ့သည်။ သို့အတွက်ကြောင့်ပင် ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးခဲ့ရခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွက်သာမဟုတ်၊ အာရှနိုင်ငံအားလုံးအတွက် အလွန်ထူးချွန်ထက်မြက်သည့် ခေါင်းဆောင်ကောင်းတစ်ဦး ဆုံးရှုံးခဲ့ရခြင်းဖြစ်ကြောင်း အိန္ဒိယခေါင်းဆောင်ကြီး နေရူးက မှတ်ချက်ချခဲ့ခြင်းဖြစ်သည်။

ယင်းသို့မှတ်ချက်ချခြင်းမှာလည်း သံတမန်သဘောဆန်ဆန်လောကဝတ်အရ ချီးမွမ်းခန်းဖွင့်ခဲ့ခြင်းမဟုတ်ဘဲ ဗိုလ်ချုပ်၏ ခေတ်ပြိုင်ကမ္ဘာ့ရေးရာများအပေါ် ရှုမြင်သုံးသပ်ပုံ၊ အနာဂတ်အတွက် ကြိုတင်မျှော်တွေးနိုင်ပုံ၊ လူသားစိတ်ပြည့်ဝပြီး လူသားဝါဒကို လက်ကိုင်ထားသူဖြစ်ပုံ၊ စစ်ဆန့်ကျင်ရေးနှင့် ကမ္ဘာကြီးထာဝရငြိမ်းချမ်းရေးအတွက် တွေးခေါ်မြော်မြင်ပုံတို့မှာ အမျိုးသားခေါင်းဆောင်တစ်ဦးအဆင့်ထက် ကျော်လွန်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ဗိုလ်ချုပ်၏ အဆိုပါအရည်အသွေးတို့ကို ၎င်းကိုယ်တိုင် အင်္ဂလိပ်ဘာသာဖြင့်ရေးသားခဲ့သည့် **Burma's Challange** စာအုပ်တွင် အကဲဖြတ်နိုင်သည်။

"အရှေ့တောင်အာရှ သေနင်္ဂဗျူဟာတွင် ဗမာပြည်၏မရှောင်လွှဲနိုင်သော အရေးပါအရာရောက်မှုကြောင့်ပင် ကမ္ဘာက (အထူးသဖြင့် အရှေ့တိုင်းနှင့် ကမ္ဘာတွင်တည်ဆောက်ရေးနှင့် ငြိမ်းချမ်းမှုကို ထိန်းသိမ်းပေးထားရန် အထူးလိုလားနေသူတို့က) (ကမ္ဘာကြီးနှင့် အရှေ့ခြမ်းတွင် ငြိမ်းချမ်းရေး ဖန်တီးထိန်းသိမ်းရေးအတွက် အရေးတကြီးလိုလားနေသည့် တိုင်းပြည်များက) ဗမာကို ယခုထက်ပို၍ အာရုံစိုက်စိတ်ဝင်စားသင့်သည်။ ၎င်းတို့အဖို့ ဗမာပြည်၏အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်အခြေအနေ၊ ဗမာက ကမ္ဘာကို ဘာပေးစွမ်းနိုင်သည်၊ ဗမာကိုကမ္ဘာကဘာပေးစွမ်းနိုင်သည် အစရှိသည်တို့ကို သိထားဖို့လိုသည်"ဟူ၍ **Burma's Challange** စာအုပ်၏နိဒါန်းတွင် ဗိုလ်ချုပ်အောင်ဆန်းက ရေးသားခဲ့သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် မြန်မာလူမျိုးတို့ အားထုတ်ကြိုးပမ်းမှုကို ကမ္ဘာကအာရုံစိုက်လာစေရန်၊ နားလည်မှုရှိလာစေရန်၊ စာနာမှုရှိလာစေရန်၊ ထိထိရောက်ရောက်ထောက်ခံလာစေရန်အတွက် အဆိုပါ စာအုပ်ကို ဗိုလ်ချုပ်က ရေးသားခဲ့ခြင်းဖြစ်ရာ ထူးချွန်ထက်မြက်နုပျိုသော အမျိုးသားခေါင်းဆောင်တစ်ယောက်၏ "စံ"ထားစရာအရည်အသွေးများကို အဆိုပါစာအုပ်ကို ဖတ်ရှုခြင်းဖြင့် နားလည်လာနိုင်မည်ဖြစ်သည်။

ဗိုလ်ချုပ်၏ အတွေးအခေါ်အရဆိုလျှင် နိုင်ငံရေးဟူသည် မျက်မြင်တွေ့ရှိနိုင်သော အဆုံးမရှိသည့် သံသရာတစ်ခုပင်ဖြစ်သည်။ နိုင်ငံရေးသံသရာထဲတွင် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တို့အကြောင်းနှင့်အကျိုးဆက်စပ်ကာ တဝဲဝဲလည်ပတ်နေသည်။ သမိုင်းဘီးကို စနစ်တကျ လည်ပတ်စေနိုင်မည့်အင်အားမှာ ပြည်သူတို့၏ ညီညွတ်သောဆန္ဒနှင့် ဉာဏ်ပညာတို့ဖြစ်သည်ဟု ဗိုလ်ချုပ်ကကိုယ်တိုင်ယုံကြည်ခဲ့သလို ပြည်သူတို့ကိုလည်း ကိုယ့်အင်အားကို ကိုယ်ယုံကြည်ရန် တိုက်တွန်းအားပေးခဲ့သည်။

"အဓိကအားဖြင့် ကိုယ်၏တည်ဆောက်မှုစွမ်းအားကို ကိုယ်သံသယမဖြစ်ကြနှင့်။ ဤစွမ်းအားမှာ တောင်များကိုလည်းကောင်း၊ မိုးကောင်းကင်ကိုလည်းကောင်း ရွှေ့ပြောင်းနိုင်စွမ်းရှိသည်" ဟူသည့် ဗိုလ်ချုပ်၏မိန့်မှာချက်သည် မျက်မှောက်ကာလတွင်ပါ နိုင်ငံတည်ဆောက်ရေးအတွက် အတိုင်းမသိကြီးမားသည့် ခွန်အားတို့ကို ပေးစွမ်းနေဆဲဖြစ်ပါကြောင်း။ ။

## တရုတ်-မြန်မာချစ်ကြည်ရေးပန်းချီပုံရိပ်အဖွဲ့က ကျောင်းသုံးအထောက်အကူပြုပစ္စည်းများ လှိုင်သာယာ စာသင်ကျောင်းငါးကျောင်းအား လှူဒါန်း

**ရန်ကုန် ဇူလိုင် ၁၇**

ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာဦးစီးဌာနသို့ တရုတ်-မြန်မာချစ်ကြည်ရေး ပန်းချီပုံရိပ်အဖွဲ့က ကျောင်းသုံးအထောက်အကူပြု ပစ္စည်းများအား လှူဒါန်းရာ အဆိုပါပစ္စည်းများကို မြို့နယ်များရှိ ကျောင်းများမှ ကျောင်းသားများအား ပြန်လည်ပေးအပ်ခဲ့ရာ ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းက လှိုင်သာယာမြို့နယ် ပညာရေးမှူးရုံးတွင် ကျောင်းငါးကျောင်းမှ ကျောင်းသား ၂၀၀ အား ကျောင်းသုံး အထောက်အကူပြုပစ္စည်းများအား သက်ဆိုင်ရာ ကျောင်းအုပ်များထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**



ကတ်ပုံးကြီးတွင် ကျောင်းသုံးအထောက်အကူပြုပစ္စည်းများပါသော ကတ်ပုံးလေးပုံးပါရှိပြီး ထိုကတ်ပုံးများထဲ၌ ကျောပိုးအိတ်၊ မိုးကာ၊ စားပွဲတင်နာရီ၊ ပန်းချီဆွဲစာအုပ်၊ ရောင်စုံခဲတံ၊ ကွန်ပါဘူးအိတ်နှင့် ကွန်န်ပါဘူး၊ ပေတံအစုံ၊ ခဲဖျက်နှင့် ခဲတံတို့ပါရှိပြီး မူလတန်းကျောင်း ငါးကျောင်းမှ ကျောင်းသား ၂၀၀ အတွက် လှိုင်သာယာမြို့နယ် ဒုတိယမြို့နယ်ပညာရေးမှူး ဦးသန်းအောင်က ကျောင်းအုပ်ဆရာမငါးဦးအား ပေးအပ်ခဲ့ကြောင်း သိရသည်။

"ကျောင်းငါးကျောင်းက ကျောင်းသား ၂၀၀ အတွက် ဒီနေ့ပေးအပ်လိုက်တာပါ။ စာသင်ကျောင်းနဲ့ ကျောင်းအတွက် လိုအပ်ချက်တွေကို ပညာရေးဝန်ကြီးဌာနက ပံ့ပိုးဆောင်ရွက်ပေးနေပါတယ်။ လိုအပ်တာကိုလည်း တင်ပြတောင်းခံထားပါတယ်။ အခုပစ္စည်းတွေက တရုတ်-မြန်မာချစ်ကြည်ရေး ပန်းချီပုံရိပ်အဖွဲ့ကလှူတာပါ" ဟု ဒုတိယမြို့နယ်ပညာရေးမှူး ဦးသန်းအောင်က ပြောသည်။

တရုတ်-မြန်မာ ချစ်ကြည်ရေးပန်းချီပုံရိပ်အဖွဲ့က ကျောင်းသား ၄၀၀၀ အတွက် ပေးအပ်လှူဒါန်းခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၃ မြို့နယ်မှ ကျောင်းများကို တိုင်းဒေသကြီး အခြေခံပညာရေးဦးစီးဌာနမှ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-သန်းထိုက် (လှိုင်သာယာ)**

## ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**ဒီမော့ဆို ဇူလိုင် ၁၇**

ကယားပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ ဇူလိုင် ၁၅ ရက်က ဒီမော့ဆိုမြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးမင်းနောင်နှင့် NRC အဖွဲ့တို့ ပူးပေါင်းကာ လွိုင်ကော်ခရိုင် ဒီမော့ဆိုမြို့နယ် နန်းမယ်ခုံကျေးရွာ အ.ထ.က ကျောင်းရှိ ကျောင်းသားကျောင်းသူ ၁၅၀ အတွက် နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့သည်။



ပေးအပ်ပွဲ၌ ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က နိုင်ငံသားစိစစ်ရေးကတ် လျှောက်ထားမှုတွင် ကိုယ်ရေးမှတ်တမ်းများ ကွဲလွဲမှုမရှိစေရေး၊ တိကျစွာရေးသွင်းရန်နှင့် အရေးပါတန်ဖိုးရှိမှုများအား အသိပေးရှင်းလင်းပြီး ပြည်နယ်မှူး၊ ခရိုင်ဦးစီးမှူးနှင့် ကျောင်းအုပ်ကြီးတို့က ကျောင်းသားကျောင်းသူတစ်ဦးချင်းစီအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့သည်။

**ကိုမျိုး (ရွှေပေါက္ကံ)**

## သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်တွင် တရုတ်နိုင်ငံမှ ပညာရှင် လာရောက်ပို့ချ

**ရန်ကုန် ဇူလိုင် ၁၇**

တရုတ်နိုင်ငံ ဟောင်ကောင်တက္ကသိုလ် (University of Hong Kong) မှ Dr.Alex W.K Chan သည် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်တွင် ယနေ့နံနက် ၉ နာရီက ဆရာ၊ ဆရာမများအား ခေတ်မီသွားမြစ်တွင်းကုသမှု (Advances in Endodo-ntics) အကြောင်း လာရောက်ပို့ချခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၇-၇-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၂၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၄၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၀/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၇၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၀/၇၁၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၆၉၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ ・၀ |
| ဥရောပ | တစ်ယူရို | ၁၅၅၃ ・၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၅ ・၇၄ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ ・၉၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ・၀၇ |
| တရုတ် | တစ်ယွမ် | ၂၀၀ ・၁၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၆ ・၈၅ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



# စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်

**တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက် အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ၊ အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး၊ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်၊ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်မယ်။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်တွင် ပင်လုံစော်ဘွားများနှင့် ထမင်းစားပွဲ၌ မိန့်မှာချက်မှ ကောက်နုတ်ချက်)

## လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၈ / ၂၀၁၇**
**၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်**
**( ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက် )**

**လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်းကို စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ (င)နှင့် ပုဒ်မခွဲ(စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(စ)နှင့် ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က) တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးကြီး ဖုန်းတင့်ကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့တွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

*✻ ကျောဖုံးမှ*

လောလောဆယ်တော့ ရွာဦးဘုန်းကြီးကျောင်းမှာ နေရာချထားပေးပါတယ်။ လူနဲ့ တိရစ္ဆာန်တွေအတွက် သောက်သုံးရေနဲ့ အခြားထောက်ပံ့ရေးပစ္စည်းတွေ အရေးပေါ် အကူအညီလိုအပ်နေပါတယ်”ဟု အဆိုပါကျေးရွာတွင် နေထိုင်သူ ဦးရဲမြင့်အောင်က ပြောသည်။

ချင်းယားကျေးရွာသည် ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်ကြားတွင် တည်ရှိပြီး ချင်းတွင်းမြစ်ရေ မြင့်တက်လာမှုကြောင့် ကျေးရွာအတွင်းမြစ်ရေ ငါးပေခန့် ဝင်ရောက်လျက်ရှိသည်။ အဆိုပါကျေးရွာတွင် အိမ်ခြေ ၂၃၂ လုံးရှိပြီး လူဦးရေ ၁၀၀၈ ဦး နေထိုင်ကြကြောင်း သိရသည်။

# မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဗျူရို၊ ကိုရီးယားနှင့် ဂျပန်နိုင်ငံဆိုင်ရာ ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး သံအမတ်ကြီး မစ္စတာ ဂျိုးဇက်ဝိုင်၊ ယွန်းတို့ ဆွေးနွေးစဉ် (သတင်းစဉ်)

**နေပြည်တော် ဇူလိုင် ၁၇**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဗျူရို၊ ကိုရီးယားနှင့် ဂျပန်နိုင်ငံဆိုင်ရာ ဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီး သံအမတ်ကြီး မစ္စတာ ဂျိုးဇက်ဝိုင်၊ ယွန်းအား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# အခွန်ဆိုင်ရာဥပဒေရေးရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေး



**နေပြည်တော် ဇူလိုင် ၁၇**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund – IMF) မှ Policy and Legal Advisor Mr. Michael Oomen ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ် (I-1) ၌ လက်ခံတွေ့ဆုံသည်။ **(ဓဝပုံ)**

တွေ့ဆုံစဉ် အခွန်ဆိုင်ရာဥပဒေရေးရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေ

**နေပြည်တော် ဇူလိုင် ၁၇**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ၉ ပေမှ ၁၄ ပေခန့် ရှိနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **(မိုး/ဇလ)**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရေသယံဇာတနှင့်ဘေးအန္တရာယ်များဆိုင်ရာ တတိယအကြိမ် ကုလသမဂ္ဂအထူးအစည်းအဝေးသို့တက်ရောက်ရန်ထွက်ခွာ

ဒုတိယ သမ္မတ ဦးဟင်နရီ ဗန်ထီးယူ ကိုရီးယားသမ္မတနိုင်ငံဆိုးလ်မြို့သို့ ထွက်ခွာရာ ရန်ကုန် အပြည်ပြည် ဆိုင်ရာ လေဆိပ်၌ ပို့ဆောင် နှုတ်ဆက်သူများနှင့် အတူ တွေ့ရစဉ်
(သတင်းစဉ်)



**ရန်ကုန် ဇူလိုင် ၁၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ကျင်းပမည့် ရေသယံဇာတနှင့် ဘေးအန္တရာယ်များဆိုင်ရာ တတိယအကြိမ် ကုလသမဂ္ဂအထူးအစည်းအဝေးသို့ တက်ရောက်ရန်အတွက် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့သို့ ယနေ့ည ၁၁ နာရီ ၁၅ မိနစ်က လေကြောင်းခရီးဖြင့်ထွက်ခွာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ သံရုံးဒုတိယအကြီးအကဲ Mr. John R. Groch နှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြပြီး ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့မှတစ်ဆင့် နယူးယောက်မြို့သို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။
**(သတင်းစဉ်)**

# အမေရိကန် - မြန်မာ စစ်ဘက်ဆက်ဆံရေး ပိုမိုမြှင့်တင်ရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ ဗျူရို၊ ကိုရီးယားနှင့် ဂျပန်နိုင်ငံဆိုင်ရာ ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး သံအမတ်ကြီး မစ္စတာ ဂျိုးဇက်ဝိုင်၊ ယွန်းအား ယနေ့မွန်းလွဲ ၂ နာရီတွင် ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဧည့်သည်တော်ဝန်ကြီးနှင့် အဖွဲ့ဝင်များက ကိုရီးယားကျွန်းဆွယ်အရေး၊ အာရှပစိဖိတ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ကြွယ်ဝချမ်းသာရေး၊ အမေရိကန် - မြန်မာ စစ်ဘက်ဆက်ဆံရေး ပိုမိုမြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကိုရီးယားကျွန်းဆွယ်အား နျူကလီးယားကင်းမဲ့ဇုန်ဖြစ်စေလိုကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း လက်နက်ကိုင်ပဋိပက္ခများရှိနေ၍ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးနှင့် ငြိမ်းချမ်းရေးအတွက် လုပ်ဆောင်နေကြောင်း၊ ကမ္ဘာ့နိုင်ငံများ၏ တပ်မတော်များနှင့်လည်း ချစ်ကြည်ရင်းနှီးလိုပါကြောင်း ပြန်လည်ဆွေးနွေးသည်။
**(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ ဗျူရို၊ ကိုရီးယားနှင့် ဂျပန်နိုင်ငံဆိုင်ရာ ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး သံအမတ်ကြီး မစ္စတာ ဂျိုးဇက်ဝိုင်၊ ယွန်းတို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)



# ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ယူကေအောက်လွှတ်တော် စီမံကိန်းမန်နေဂျာအား တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၇**

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် ယူကေအောက်လွှတ်တော် စီမံကိန်းမန်နေဂျာ Mr. Liam Laurence Smyth အား ယနေ့မွန်းလွဲ ၁ နာရီတွင် အမျိုးသားလွှတ်တော် (J) ဆောင်၌ လက်ခံတွေ့ဆုံခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး နှစ်နိုင်ငံလွှတ်တော်အတွေ့အကြုံများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

❍ *ကျောဖုံးမှ*

သို့ဖြစ်၍ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ ဟသ်ာတမြို့နယ် နှင့် ဇလွန်မြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**ချင်းတွင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် သုံးပေခွဲခန့်၊ ကလေးဝမြို့တွင် နှစ်ပေခွဲခန့်နှင့် မင်းကင်းမြို့တွင် သုံးပေခွဲခန့်နှင့် မုံရွာမြို့တွင် နှစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း မော်လိုက်မြို့ ကလေးဝမြို့ မင်းကင်းမြို့နှင့် မုံရွာမြို့တို့တွင် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအောက်သို့ ပြန်လည်ကျဆင်းနိုင်ပါသည်။ **(မိုး/ဇလ)**

# စာကြည့်တိုက်ရှိ စာအုပ်များထဲမှ ပြည်သူများ ကိုးကားအသုံးပြုနိုင်ရေး ရှာဖွေဖတ်ရှုတတ်အောင် စာကြည့်တိုက်မှူးများက ကူညီဆောင်ရွက်ပေးရမည်

**မြစ်ကြီးနား ဇူလိုင် ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးနေဝင်းနှင့်အတူ ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ဝိုင်းမော်မြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်နှင့် လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ထိုသို့စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ရုံးစာကြည့်တိုက်တွင် စာဖတ်သူ၊ စာအုပ်ငှားသူ တိုးပွားလာစေရေးနှင့် မိမိတို့ရုံးစိုက်ရာဒေသရှိ လူအများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရေးနှင့် ၎င်းတို့စိတ်ဝင်စားမှုရှိလာစေရေးတို့အတွက် အဖွဲ့အစည်းအမျိုးမျိုးနှင့် ချိတ်ဆက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့စာကြည့်တိုက်ရှိ စာအုပ်များထဲမှ ပြည်သူများ ကိုးကားအသုံးပြုနိုင်ရေး ရှာဖွေဖတ်ရှုတတ်အောင် စာကြည့်တိုက်မှူးများက ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကလေးစာဖတ်ခန်းများသို့ ကလေးများလာရောက်နိုင်ရေး ဖိတ်ခေါ်ဆောင်ရွက်သွားရမည်ဖြစ်ပြီး လူအများနှင့် ဆက်သွယ်စည်းရုံး၍ ရပ်ရွာအားကိုးသည့် စာကြည့်တိုက်များ၊ Community Centre များအဖြစ် အသုံးဝင်သည့်နေရာ၊ အကျိုးကျေးဇူးရှိသည့် နေရာတစ်ခု ဖြစ်လာစေရန် မိမိတို့ဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရုံးစာကြည့်တိုက်အတွင်း စာအုပ်များ ခင်းကျင်းဆောင်ရွက်ထားရှိမှု၊ စာဖတ်သူ၊ စာအုပ်ငှားမှုအခြေအနေ၊ ကလေးစာဖတ်ခန်းနှင့် ရုံးလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(ပြည်နယ် ပြန်/ဆက်)**



# ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေ ပြဋ္ဌာန်း

**ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေ**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၃။)**
**၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)**
**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

## အခန်း(၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ပြည်တွင်းရေကြောင်းပို့ဆောင်ရေး** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းဖြစ်သော ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးကို ဆိုသည်။

(င) **ဆိပ်ကမ်း**ဆိုရာတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်များ သွားလာနိုင်သော မြစ်များ၊ ချောင်းများ၊ တူးမြောင်းများနှင့် ကမ်းရိုးတန်း တစ်လျှောက် မြို့၊ ရွာများရှိ ရေယာဉ်ဆိုက်ကပ်နိုင်သော ဆိပ်ကမ်းများ ပါဝင်သည်။

(စ) **ရေယာဉ်**ဆိုရာတွင် ရေကြောင်းသွားလာရာ၌ စက်တပ် သို့မဟုတ် စက်မဲ့ရေယာဉ်ကို ဆိုသည်။ ယင်းစကားရပ်တွင် သစ်ဖောင်၊ ဝါးဖောင် တို့လည်း ပါဝင်သည်။

(ဆ) **စက်ရုံ၊ အလုပ်ရုံ** ဆိုသည်မှာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် သင်္ဘောကျင်းများရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနနှင့် အလုပ်ဌာနခွဲများ ကို ဆိုသည်။

(ဇ) **ဝန်ဆောင်မှုလုပ်ငန်း** ဆိုရာတွင် အခကြေးငွေ၊ အဖိုးအခ အဖိုးစားနား သို့မဟုတ် ကတိနှင့် ညီညွတ်ချက်ဖြင့် ဆောင်ရွက်ပေးသည့် လုပ်ငန်း ကိုဆိုသည်။ ယင်းစကားရပ်တွင် ရေယာဉ်ဖြင့် ခရီးသည်နှင့်ကုန်စည် ပို့ဆောင်ရေးလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ ဖျော်ဖြေမှုလုပ်ငန်း၊ ဟိုတယ် လုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်း၊ တည်းခိုခန်းနှင့် စားသောက်ဆိုင် လုပ်ငန်းများနှင့်အစိုးရအဖွဲ့က ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည်ဟု အခါ အားလျော်စွာ သတ်မှတ်သည့် လုပ်ငန်းများလည်း ပါဝင်သည်။

(ဈ) **စီမံခန့်ခွဲရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး စီမံခန့်ခွဲရေးအဖွဲ့ကို ဆိုသည်။

(ည) **ဦးဆောင်ညွှန်ကြားရေးမှူး** ဆိုသည်မှာ ပြည်တွင်းရေကြောင်းပို့ဆောင် ရေး ဦးဆောင်ညွှန်ကြားရေးမှူးကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာနိုင်ငံအတွင်း ရေယာဉ်များသွားလာနိုင်သည့် မြစ်များ၊ ချောင်းများ နှင့် ကမ်းရိုးတန်းတစ်လျှောက်တွင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများကို ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံမှုရှိစွာ အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရန်၊

(ခ) ပြည်သူလူထု၏ စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေးတို့တွင် အဓိက ကျသည့် ကုန်စျေးနှုန်း တည်ငြိမ်ကျဆင်းရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ရေကြောင်းသယ်ယူပို့ဆောင်ရေးအဖြစ် ဆောင်ရွက်နိုင်ရန်၊

(ဂ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ စီမံအုပ်ချုပ်မှုနှင့် ငွေကြေးသုံးစွဲမှု စနစ်တို့ကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ရေရှည်ရပ်တည်နိုင်သည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းအဖြစ် ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်၊

(ဃ) ရေကြောင်းသယ်ယူပို့ဆောင်ရေးကို ဥပဒေနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်။

## အခန်း(၃)
## ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဖွဲ့စည်းခြင်းနှင့် ယင်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၄။ (က) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကို အစိုးရအဖွဲ့က အတည်ပြုထားသည့် ဖွဲ့စည်းပုံနှင့်အညီ တည်ထောင်ထားရှိရမည်။

(ခ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ဝန်ထမ်းများအတွက် ရပိုင်ခွင့် နှင့် အကျိုးခံစားခွင့်များကို နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၅။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည်-

(က) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ တည်ဆဲဥပဒေအရ လုပ်ငန်းတာဝန် များကို အောင်မြင်စွာဆောင်ရွက်ရန် တရားဝင်လုပ်ပိုင်ခွင့်များ အပ်နှင်း ခြင်းခံရသော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းဖြစ်သည်။

(ခ) နိုင်ငံတော်က ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ရင်းနှီးငွေများကို လည်းကောင်း၊ ပိုင်ဆိုင်မှုပစ္စည်းတွင် ပါဝင်သော ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း ဆက်ခံ ရမည်။

(ဂ) ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်တို့ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ခွင့်၊ တရားစွဲဆိုခွင့်နှင့် စွဲဆိုခံပိုင်ခွင့်၊ နိုင်ငံတော်က သတ်မှတ်ပေးထားသော ပိုင်ဆိုင်မှုပစ္စည်းများအားလုံးတို့ကို ရယူခွင့်၊ လက်ဝယ်ထားရှိခွင့်နှင့် ပိုင်ဆိုင်ခွင့်များ ရှိသည်။

၆။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်အတွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းနှင့် ဤဥပဒေအရ အခြားဆက်စပ်သည့် ရေယာဉ်ဖြင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ခ) ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရေယာဉ်၊ ရေယာဉ်ဝန်ထမ်းများ၊ ခရီးသည်များနှင့် ကုန်စည်များ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံမှုရှိရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိ စေရေးတို့နှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဂ) ဝန်ကြီးဌာနက သတ်မှတ်ထားသော မြစ်ကြောင်းများနှင့် မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်တွင် ရေယာဉ်များဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဃ) သင်္ဘောကျင်းများနှင့် ရေယာဉ် တည်ဆောက်ပြင်ဆင်ခြင်းဆိုင်ရာ လုပ်ငန်း များအတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများ၊ စက်ပစ္စည်းကိရိယာများနှင့် စက်သုံးဆီများ ဝယ်ယူဖြည့်တင်းခြင်း၊

(င) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပြည်တွင်းပြည်ပပုဂ္ဂလိကနှင့် အဖွဲ့အစည်း ပိုင် ရေယာဉ်များကို မွမ်းမံပြင်ဆင်ခြင်း၊ ရေယာဉ်အသစ် တည်ဆောက် ရောင်းချခြင်းနှင့် အခြားလုပ်ငန်းများကို လက်ခံဆောင်ရွက်ခြင်း၊

(စ) အစိုးရအဖွဲ့ကဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ပေးအပ်သော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် သက်ဆိုင်သည့် လုပ်ငန်းတာဝန် များကို ဆောင်ရွက်ခြင်း၊

(ဆ) အမျိုးသားအကျိုးစီးပွား၊ အမျိုးသားလုံခြုံရေးအတွက် အစိုးရအဖွဲ့၊ ဝန်ကြီး ဌာနက အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ဆောင်ရွက်ခြင်း၊

(ဇ) နိုင်ငံတော်ပိုင်ပစ္စည်းများနှင့်ဘဏ္ဍာငွေများကို လေလွင့်၊ ဆုံးရှုံး၊ ပျက်စီး၊ ပျောက်ဆုံးမှုမရှိစေရန် ကြီးကြပ်ထိန်းသိမ်းခြင်း၊

(ဈ) ဝင်ငွေနှင့်အကျိုးအမြတ်တိုးပွားစေရေးအတွက် ဆောင်ရွက်ရန်လိုအပ်သည့် ကိစ္စရပ်များကို အစိုးရအဖွဲ့၊ ဝန်ကြီးဌာန၏ သဘောတူညီမှုဖြင့် ဆောင်ရွက် ခြင်း၊

(ည) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ရရန်ရှိသည့် ငွေကြေးများကို တည်ဆဲ ဥပဒေနှင့်အညီ အရကောက်ခံ၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းသို့ ပေးသွင်းခြင်း၊

(ဋ) ငွေကြေးသုံးစွဲမှုဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ စီမံ ခန့်ခွဲခြင်း။

၇။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ဝန်ထမ်းများက ယင်းတို့ တာဝန်ယူ ဆောင်ရွက်ရသည့်လုပ်ငန်းများကို အောင်မြင်မှုရရှိရန် တာဝန်ခံ၍ စီမံကြီးကြပ် ဆောင်ရွက်ရမည်။

၈။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ရေယာဉ်၊ ဗောတံတားနှင့် အခြားလိုအပ်သည့်ပစ္စည်းများကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ အငှားချထားခြင်း၊

(ခ) ကုန်လှောင်ရုံနှင့် ကမ်းတက်ဆိပ်ကမ်းများကို တည်ဆောက်ခြင်း၊ အငှားချ ထားခြင်း၊

(ဂ) ရေကြောင်းလမ်းများတစ်လျှောက်ရှိ မြို့ရွာများတွင် ကုန်စည်များ လက်ခံ တင်ဆောင်ခြင်းနှင့် သိုလှောင်ဖြန့်ဖြူးခြင်းတို့ကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပိုင်ခွင့်၊

(ဃ) လုပ်ငန်းဆိုင်ရာဝန်ဆောင်ခနှုန်းများ၊ လုပ်ခနှုန်းများ၊ ထုတ်လုပ်မှုစံနှုန်းများ၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်သည့် ဝန်ဆောင်ခနှုန်းများ၊ အလုပ်ချိန်များ၊ အလုပ်ခွင်စည်းမျဉ်း စည်းကမ်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့် အညီ သတ်မှတ်ပိုင်ခွင့်၊ ပြင်ဆင်ပိုင်ခွင့်၊

(င) ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်းများနှင့် ရေယာဉ် တည်ဆောက်မှုလုပ်ငန်းများကို ပြည်တွင်းပြည်ပလုပ်ငန်းရှင် များနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ပိုင်ခွင့်၊

(စ) မိမိလုပ်ငန်းအတွက် လိုအပ်သည့် မြေ၊ ဆိပ်ကမ်း၊ အဆောက်အအုံတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သုံးစွဲပိုင်ခွင့်၊

(ဆ) အစိုးရအဖွဲ့၏ သဘောတူညီမှုဖြင့် ဆောင်ရွက်ရန် လိုအပ်သော ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးပိုင် စက်ပစ္စည်းနှင့်စက်ကိရိယာများ၊ မြေ၊ အဆောက်အအုံများနှင့် အခြားပိုင်ဆိုင်ခွင့်များကို သက်ဆိုင်ရာလုပ်ငန်း များအတွက် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များကို ငှားရမ်းခွင့်၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်ပိုင်ခွင့်၊

(ဇ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်များကို ပြည်တွင်း လုပ်ငန်းရှင်များနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ပိုင်ခွင့်၊

(ဈ) ငှားရမ်းခ၊ အခနှုန်းထားများသတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ပြန်အမ်းခြင်း၊ လျှော့ပေါ့ခြင်းနှင့် အရကောက်ခံခြင်းတို့ ဆောင်ရွက်ပိုင်ခွင့်၊

(ည) တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့် အညီ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်၊ ယာဉ်နှင့် အသုံး မလိုသည့်ပစ္စည်းများ၊ ရေယာဉ်ပြင်ဆင်ရာမှရရှိသည့် အသုံးမလိုသည့် ပိုလျှံပစ္စည်းများကို ထုခွဲရောင်းချခြင်းနှင့် လဲလှယ်ခြင်းတို့ ဆောင်ရွက် ပိုင်ခွင့်၊

(ဋ) အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် လုပ်ငန်းသဘောတူ စာချုပ်များ ချုပ်ဆိုခြင်း၊

(ဌ) ရေယာဉ်များကို တစ်စီးချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပပုဂ္ဂလိကနှင့် အဖွဲ့အစည်းများ အား ငှားရမ်းခြင်း၊

(ဍ) ကူးတို့ရေယာဉ်များ ပြေးဆွဲခြင်း၊

(ဎ) တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများ နှင့်အညီ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်မြေနှင့် အဆောက် အအုံများကို အသုံးပြု၍ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဏ) မိမိပိုင်ဆိုင်သည့် သို့မဟုတ် ခွင့်ပြုချက်ရရှိထားသည့် အသိဉာဏ်ပစ္စည်း ဆိုင်ရာ မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ မည်သူ့ကိုမဆို မိမိခွင့်ပြုချက်မရရှိဘဲ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ အသုံးပြုခြင်း သို့မဟုတ် တစ်နည်းနည်း ဖြင့် လွှဲပြောင်းခြင်းပြုလုပ်လျှင် တရားစွဲဆိုပိုင်ခွင့်။

## အခန်း(၄)
## စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၉။ ဝန်ကြီးဌာနသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ရေကြောင်းသယ်ယူ ပို့ဆောင်ရေးဆိုင်ရာလုပ်ငန်းများကို စီမံခန့်ခွဲနိုင်ရန် ဦးဆောင်ညွှန်ကြားရေးမှူးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ အထွေထွေ မန်နေဂျာနှင့် ဌာနမှူးများက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော စီမံခန့်ခွဲ ရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၁၀။ စီမံခန့်ခွဲရေးအဖွဲ့၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ တာဝန်များကို အောင်မြင်စွာ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများ နှင့်အညီ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့်သက်ဆိုင်သော ခရီး သည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ၊ ဝန်ထမ်းရေးရာနှင့် ရေယာဉ်ရေးရာ ကိစ္စရပ်များကို နိုင်ငံတော်နှင့် ပြည်သူများအကျိုးကို ရှေးရှု၍ စီမံခန့်ခွဲ ခြင်း။

၁၁။ စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ လုပ်ပိုင်ခွင့်များကို အောင်မြင်စွာ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ လုပ်ပိုင်ခွင့်ထက်ကျော်လွန်သော စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဝန်ကြီး ဌာနသို့ တင်ပြဆောင်ရွက်ခြင်း။

## အခန်း(၅)
## ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့်စာရင်းများ

၁၂။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည်-

(က) နိုင်ငံတော်၏ တည်ဆဲဥပဒေအရ ကျသင့်သည့်အခွန်အခများကို ပေးသွင်းရမည်။

(ခ) ဘဏ္ဍာရေးနှစ်အလိုက် စုစုပေါင်း အရအသုံးခန့်မှန်းခြေငွေစာရင်းများ ကို ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ပြည်ထောင်စု ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်အညီ ထည့်သွင်းရေးဆွဲရမည်။

(ဂ) မြန်မာကျပ်ငွေနှင့် နိုင်ငံခြားသုံးငွေများကို သီးခြားစီဘဏ်စာရင်း ဖွင့်လှစ်ထားရှိရမည်။

(ဃ) နိုင်ငံတော်က ပြဋ္ဌာန်းထုတ်ပြန်ထားသည့် ဘဏ္ဍာရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်ရမည်။

(င) အောက်ပါစာရင်းများကို ဝန်ကြီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ တင်ပြ ရမည်-

(၁) ဝန်ထမ်းအင်အားစာရင်း၊

(၂) ငွေသားအခြေအနေ၊

(၃) ကုန်ပစ္စည်းထုတ်လုပ်သည့်၊ ရောင်းဝယ်သည့် သို့မဟုတ် ဝန်ဆောင် သည့် စာရင်း၊

(၄) အရှုံး၊ အမြတ်စာရင်း၊

(၅) လက်ကျန်ရှင်းတမ်း။

(စ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် လုပ်ငန်းနှင့်စာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုကို ခံယူရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

အာဇာနည်နေ့အကြို

# စီးပွားရေး နာလန်ပြန်ထနိုင်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းညွှန်ခဲ့သော အခြေခံကျကျ အယူအဆ

စောနိုင်(အသုံးချဘောဂဗေဒ)

လွတ်လပ်ရေးဖခင်ကြီး၊ အမျိုးသားခေါင်းဆောင်ကြီး၊ တပ်မတော်ဖခင်ကြီးစသဖြင့် ဂုဏ်ပုဒ်အမျိုးမျိုးဖြင့် အမွှမ်းတင်ခံခဲ့ရသော ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံ့လွတ်လပ်ရေးအတွက် တော်လှန်ရေးကာလတစ်လျှောက် တော်လှန်ရေးသမား၊ စစ်သား၊ နိုင်ငံရေးသမားစသဖြင့် ဘဝပုံစံအမျိုးမျိုးအသွင်ပြောင်းခဲ့ရသူဖြစ်သည်။ ထို့ကြောင့် သူ၏ခေါင်းထဲတွင် တော်လှန်ရေးနှင့် နိုင်ငံ့လွတ်လပ်ရေးအကြောင်းများသာရှိနေခဲ့လိမ့်မည်။ နိုင်ငံ့စီးပွားရေးနှင့်ပတ်သက်၍ အတွေးအခေါ်၊ အိုင်ဒီယာမရှိနိုင်ဟုထင်မိခဲ့ပါက မှားပေလိမ့်မည်။ အသက် ၃၀ ဝန်းကျင်သာသာရှိ လူငယ်လူရွယ် အမျိုးသားခေါင်းဆောင်ကြီးသည် နိုင်ငံ၏စီးပွားရေးအခြေအနေများကိုလည်း မျက်ခြည်မပြတ်၊ စီးပွားရေးသဘောတရားများနှင့်လည်း အကျွမ်းတဝင်ရှိခဲ့ကြောင်း ဖတ်မှတ်ခဲ့ရသောစာအုပ်အချို့မှ သိရှိခဲ့ရသည်။



လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလ ဗိုလ်ချုပ်အောင်ဆန်း လူထုသို့ မိန့်ခွန်းပြောကြားသည့် မှတ်တမ်းဓာတ်ပုံ

**အခြေခံကုန်ထုတ်ကဏ္ဍတွင်အရေးပါဆုံး လယ်ယာကဏ္ဍမှ လယ်သမားများအတွက်**

"...... ဆင်းရဲသားတွေ လယ်ယာမဲ့နေတယ်၊ လယ်ရအောင် လုပ်ပေးမယ်ဆိုလျှင် ပထမ ဗမာပြည်မှာ ဘယ်နှယောက် လယ်ယာမဲ့နေတယ်ဆိုတာ သိရမည်၊ ဒုတိယ လိုသလောက်လူတွေကို ပေးစရာမြေမရှိ၊ ရှိလျှင်လည်း ဘယ်လိုလုပ်၍ ဘယ်လောက်စီ ပေးဝေရမည်ကို သိရမည် ......" **(၁၉၄၀ ခုနှစ် ၊ဖေဖော်ဝါရီလထုတ် ဒဂုံမဂ္ဂဇင်း)**

"လယ်ယာမြေပိုင်ဆိုင်မှုကိစ္စမှာဆိုလည်း လယ်ယာမြေလုပ်တဲ့သူတွေ လယ်ယာမြေရအောင် အခြေခံတွေချရလိမ့်မယ်၊ လယ်မြေဧက အမြောက်အမြားပိုင်တဲ့ လယ်ရှင်ကြီးစနစ်ကိုတော့ ဥပဒေအရ ကန့်သတ်ချုပ်ချယ် ပယ်ဖျက်ရလိမ့်မယ်၊ ......... လယ်ယာမြေများကို အမှန်အားဖြင့်ဆိုရင် နောက်ဆုံး တိုင်းပြည်ပိုင်( အစိုးရနှင့်သမဝါယမအဖွဲ့ပိုင်) လုပ်နိုင်ရင် ကောင်းမှာပဲ၊ သို့သော်လည်း အဲဒီဟာမလုပ်မီ လယ်ယာမြေလုပ်သူတိုင်း မြေလက်ရှိရအောင် လုပ်နိုင်ရမယ်၊ အဲဒီအခါမျိုးမှာ အစိုးရအလတ်တန်းနှင့် အောက်တန်းကျတဲ့ တောင်သူလယ်သမားကို တတ်နိုင်သမျှ ကူညီရလိမ့်မယ်။" **(၁၉၄၇ ခုနှစ် မေလ ၁၉ ရက်တွင်ကျင်းပသည့် ဖဆပလ ပဏာမ ပြင်ဆင်မှုညီလာခံ၌ မိန့်ကြားသည့် မိန့်ခွန်း)**

"ကျွန်တော်တို့တိုင်းပြည်၏ အခြေခံထွက်ကုန်သည် ဆန်စပါးပင်ဖြစ်ပါသည်။ ရှေးဦးစွာ လယ်ယာကိုင်းကျွန်း ဆန်စပါးစိုက်ပျိုးမှုတွင် စက်ကိရိယာအသုံးပြုရေးကို တီထွင်ရမည်။ ထိုကိစ္စအတွက် စုပေါင်းဆောင်ရွက်ရေးစနစ်ကို သုံးရန်လိုလျှင် သုံးရလိမ့်မည်။" **(၁၉၄၇ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့ ပြည်လမ်း ဆိုရန်တိုဗီလာ အဆောက်အအုံ၌ မြွက်ကြားသည့် မိန့်ခွန်း)**

"လယ်ယာစိုက်ပျိုးရေးကို သင့်မြတ်စွာထွက်ရှိမှုသဘောဖြင့် စီမံသင့်ပါသည်။ လယ်ယာစိုက်ပျိုးမှုတိုးတက်ဖွံ့ဖြိုးရေးအဖြစ်ဖြင့် လယ်သမားများကြွေးမြီပြဿနာနှင့် အတိုးနှုန်းသက်သာစွာနှင့် လယ်ယာလုပ်ကိုင်ရေးအတွက် ငွေချေးငှားနည်း စသည်တို့ကို စဉ်းစားရပါလိမ့်မည်။" **(၁၉၄၇ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့ ပြည်လမ်း ဆိုရန်တိုဗီလာ အဆောက်အအုံ၌ မြွက်ကြားသည့် မိန့်ခွန်း)**

**သယံဇာတပေါကြွယ်ဝမှုကို အကျိုးရှိစွာအသုံးပြုနိုင်ရေးအတွက်**

"ဗမာ(မြန်မာ)နိုင်ငံသည် သဘာဝအလျောက်တည်ရှိနေသော ဥစ္စာရတနာအပေါင်းတို့နှင့် ပြည့်စုံသည့် နိုင်ငံဖြစ်လေသည်။ ......အသင်တို့သည် အထွေထွေပညာရေးနှင့်တကွ စက်မှုလက်မှုပညာတို့ကို အားပေးအရေးယူ သင့်လေသည်။ သို့မှသာ ဗမာ(မြန်မာ) အပေါင်းတို့သည် ထိုဥစ္စာ ရတနာ အပေါင်းတို့ကို တိုးတက်အောင်ဆောင်ရွက်ရာတွင် မိမိတို့ တတ်သိသောပညာတို့ကို စူးဆောက်ပမာအသုံးချနိုင်မည် ဖြစ်သည်။ တစ်ဖန် အလုပ်လုပ်ကိုင်လိုသော စိတ်ဓာတ်ကို သွင်းပေးခဲ့သော် ဗမာ့(မြန်မာ့) ဥစ္စာရတနာအပေါင်းတို့သည် တိုးတက်မည် အမှန်ဖြစ်သည်။ .........။" **(ဂျပန်ခေတ် လွတ်လပ် ရေး ကြေညာသောအခမ်းအနား၌ မိန့်ဆိုသော စစ်သေနာပတိ မိန့်ခွန်း )**

**နိုင်ငံရေးနှင့် စီးပွားရေးအပြန်အလှန်ဆက်စပ်မှုရှိနေသည်ကို သတိပြုနိုင်ရန်အတွက်**

"စီးပွားရေးလွတ်လပ်မှုမရှိရင် နိုင်ငံရေးလွတ်လပ်မှုဆိုတာ ပြက်ရယ်ပြုစရာဖြစ်မယ်။ အသားလွတ် ဟန်ပြတာဖြစ်မယ်၊ ဒါ့အပြင် တခြားမဖြစ်နိုင်ဘူး။" **(၁၉၄၆ ခုနှစ် မေလ ၁၆ ရက်နေ့၊ ဖဆပလအဖွဲ့ချုပ်၏ ဒုတိယမြောက် ဗဟိုဦးစီးအဖွဲ့အစည်းအဝေးတွင် ပြောကြားသောမိန့်ခွန်း)**

"ကျွန်ုပ်တို့၏ နိုင်ငံရေးရောဂါမှာ ဆေးချက်မှန်ပြီဖြစ်သော်လည်း စီးပွားရေးမှာကား ကုသရန် ကျန်နေပေသေးသည်၊ စီးပွားရေးမကောင်းသမျှကာလပတ်လုံး ကျွန်ုပ်တို့ မြန်မြန်ဖြစ်စေချင်သော ငြိမ်းချမ်းသာယာရေးမရနိုင်။" **(၁၉၄၇ ခုနှစ် မတ်လ ၁ ရက်နေ့၊ မြန်မာပြည် အင်္ဂလိပ်ကုန်သည်ကြီးအသင်း နှစ်ပတ်လည်အစည်းအဝေးတွင် မြွက်ကြားသည့် မိန့်ခွန်း)**

"ပထမဦးဆုံးလိုအပ်သည့်အချက်က စီးပွားရေးဘက်မှ အခြေခံကောင်းကောင်းနှင့် ပြန်လည်ထူထောင်ရေးအတွက် လုပ်ငန်းစဉ်ရေးဆွဲထားဖို့ဖြစ်ပါသည်။ ......... စီးပွားရေးနှင့် နိုင်ငံရေးမှာအချင်းချင်း အညမည ဆက်သွယ်နေသည့်အတွက် တစ်ခုနှင့်တစ်ခု သီးခြားခွဲခြားထား၍ မရနိုင်ပါ။ **(၁၉၄၇ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့ ပြည်လမ်း ဆိုရန်တိုဗီလာ အဆောက်အအုံ၌ မြွက်ကြားသည့် မိန့်ခွန်း)**

**သမဝါယမလုပ်ငန်း၏ အရေးပါမှုအတွက်**

"တိုင်းပြည်အနှံ့အပြားမှာ သမဝါယမလုပ်ငန်းတွေ ဆောင်ရွက်ဖို့ အချိန်သင့်နေပါပြီ၊ ...... ဒီလုပ်ငန်းဟာ ကျုပ်တို့ပြည်သူတွေရဲ့ နှလုံးသားထဲကို ပူးပေါင်းဆောင်ရွက်လိုစိတ်၊ စည်းစည်းလုံးလုံး နေထိုင်လုပ်ကိုင်လိုစိတ်တွေ သွင်းပေးပါလိမ့်မယ်။ ......ကိုယ်ထူကိုယ်ထလုပ်မှု၊ တီထွင်ဖန်တီး ကြိုးပမ်းတတ်မှုတွေ ရှိလာအောင်လည်း အားပေးအားမြှောက်ပြုပါလိမ့်မယ်။ ......တိုင်းပြည်မှာ အရင်းအနှီးသိပ်ရှားပါးနေချိန်မှာ သမဝါယမလုပ်ငန်းဟာ တိုင်းပြည်ရဲ့သာယာဝပြောရေးကို မြှင့်တင်ဖို့ အတွက် အကောင်းဆုံးနည်းလမ်းပဲ ဖြစ်တယ်ဆိုတဲ့အကြောင်း ......။" **(၁၉၄၆ ခုနှစ် မေလ ၁၆ ရက်နေ့၊ ဖဆပလအဖွဲ့ချုပ်၏ ဒုတိယမြောက် ဗဟိုဦးစီးအဖွဲ့အစည်းအဝေးတွင် ပြောကြားသော မိန့်ခွန်း)**

**တိုင်းပြည်အတွက်အရေးကြီးသော လုပ်ငန်းများအတွက်**

"မြန်မာပြည်၏ အရေးကြီးသော စက်မှုလုပ်ငန်းအရပ်ရပ်ကို ပြည်သူပိုင်လုပ်ရန် ကျွန်ုပ်ကြံရွယ်ကြောင်း၊ ထိုသို့ပြုလုပ်မှသာ လူတို့စိတ်ကျေနပ်၍ ပျော်ရွှင်စွာနေနိုင်သော အဆင့်အတန်းကို ရရှိမည်ဟု ကျွန်ုပ်စွဲမြဲစွာယုံကြည်ကြောင်း။" **(၁၉၄၇ ခုနှစ် မတ်လ ၁ ရက်နေ့၊ မြန်မာပြည် အင်္ဂလိပ်ကုန်သည်ကြီးအသင်း နှစ်ပတ်လည်အစည်းအဝေးတွင် မြွက်ကြားသည့် မိန့်ခွန်း)**

**အခွန်အကောက်များအပေါ်ပြည်သူလူထုအရေးထားမှုပိုမိုရှိလာစေရန်အတွက်**

"အခွန်ဘဏ္ဍာကို တိုင်းသူပြည်သားတို့မပေးဘဲ ငြင်းဆန်ခြင်းသည် တိုင်းပြည်နိုင်ငံ၏ စီးပွားရေးကို အစိတ်စိတ်အမွှာမွှာဖြစ်အောင် ဖြိုခွဲဖျက်ဆီးပစ်ခြင်းပင်ဖြစ်၍ ဤသို့ နိုင်ငံစီးပွားရေး ပြိုကွဲသွားပါက နောက်ဆုံး၌ အများဆုံး အနစ်နာခံရမည့် သူတို့မှာ တိုင်းသူပြည်သား လူထုပင်ဖြစ်သည်။" **(၁၉၄၇ ခုနှစ် မတ်လ ၂၁ ရက်နေ့ည နေ့ရီခွဲအချိန်တွင် ရေဒီယိုမှအသံလွှင့် မိန့်ခွန်း)**

**လက်ဝါးကြီးအုပ်၍ ချုပ်ကိုင်၍ စီးပွားရေးလုပ်သည့် အန္တရာယ်များအတွက်**

"(Monopoly )လက်ဝါးကြီးအုပ် အရင်းရှင်ကုမ္ပဏီကြီးများဖြစ်ကြတဲ့ (Cartel, Syndicate, Trust) အစရှိတဲ့ တစ်သီးပုဂ္ဂလ ပစ္စည်းလုပ်ငန်းကြီးတွေကိုတော့ ကျုပ်တို့ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာ အတိအလင်း ပိတ်ပင်ထားရလိမ့်မယ်။" **(၁၉၄၇ ခုနှစ် မေလ ၁၉ ရက်တွင်ကျင်းပသည့် ဖဆပလ ပဏာမ ပြင်ဆင်မှုညီလာခံ၌မိန့်ကြားသည့် မိန့်ခွန်း)**

"နိုင်ငံတကာကုန်သွယ်ရေး၏ အရေးပါမှုကို သတိပြုနိုင်ရန်အတွက် နိုင်ငံခြားကူးသန်းရောင်းဝယ်ရေးကိစ္စဆိုရင် အစိုးရ အုပ်ချုပ်နိုင်အောင်စီစဉ်ရမယ်။ ....... ဒီလိုမဟုတ်ရင် အရင်းရှင်တွေက ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်တဲ့ အဖြစ်မျိုးရောက်ပြီး တိုင်းသူပြည်သားတွေအပေါ် အရင်းရှင်တွေက လက်ဝါးကြီးအုပ် သွေးစုပ်နိုင်တဲ့ အခြေအနေမျိုး ရောက်သွားမယ်။" **(၁၉၄၇ ခုနှစ် မေလ ၁၉ ရက်တွင် ကျင်းပသည့် ဖဆပလ ပဏာမပြင်ဆင်မှုညီလာခံ၌ မိန့်ကြားသည့် မိန့်ခွန်း)**

**စီးပွားရေးကိန်းဂဏန်းစာရင်းအင်းများနှင့် ပတ်သက်၍ သတိပြုနိုင်ရန်အတွက်**

"ကျွန်တော်တို့ သတိထားရမည့်အချက်မှာ ကျွန်တော်တို့ဟာ အကြောင်းတစ်ခုကို စာရင်းအင်းအမြင်အားဖြင့် အခိုင်အမာသဘော သက်ရောက်အောင် ပြောလာပြီဆိုရင် ယုံလွယ်တတ်ကြသည့် အန္တရာယ်ဖြစ်ပါသည်။ ...... ၎င်းတို့ကိုကြည့်၍ များစွာနားလည် အကူအညီရသော်လည်း ပထမက ထင်မြင်စိတ်ကူးထားချက်တွေ အခိုင်အမာဖြစ်အောင် စုဆောင်းပြုလုပ်ထားသည့် စာရင်းအင်းမျိုးနှင့် တွေ့ကြုံနေကြရမည့်အချက်ကို သတိပြုထားကြဖို့လိုပါသည်။" **(၁၉၄၇ ခုနှစ် ဇွန်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့ ပြည်လမ်း ဆိုရန်တိုဗီလာအဆောက်အအုံ၌ မြွက်ကြားသည့် မိန့်ခွန်း)**

*စာမျက်နှာ ၇ သို့*

**"အခွန်ဘဏ္ဍာကို တိုင်းသူပြည်သားတို့ မပေးဘဲငြင်းဆန်ခြင်းသည် တိုင်းပြည်နိုင်ငံ၏ စီးပွားရေးကို အစိတ်စိတ်အမွှာမွှာ ဖြစ်အောင် ဖြိုခွဲဖျက်ဆီးပစ်ခြင်းပင် ဖြစ်၍ ဤသို့နိုင်ငံစီးပွားရေး ပြိုကွဲသွားပါက နောက်ဆုံး၌ အများဆုံး အနစ်နာခံရမည့်သူတို့မှာ တိုင်းသူပြည်သား လူထုပင်ဖြစ်သည်"**

## အလေးပြုစို့

* ဆယ့်ကိုးဇူလိုင်
မေ့နိုင်ရိုးလား၊
ဗိုလ်ချုပ်ဆို ပြည်ချစ်ပန်း
ကြွေနွမ်းရက်များ။

* တွေးဆမျှော်
သွေးလှဖော် ခေါင်မှူးဖျား။
ချိန်မတန် ကြွေလွင့်စော
နှမြောမိသား။

* မေ့မရလွမ်းမပြေ
ချစ်စိတ်ဝေ ပျက်ပြယ်ခဲ၊
များပြည်သူ သည်းနှလုံး
သိမ်းကျုံးနိုင်မြဲ။

* နောင်ကောင်းလို့ မြဲတည်ရန်
ဆွဲစီမံ လမ်းစဉ်ကောင်း၊
များပြည်သူ ရင်မှာကိန်း
မတိမ်းမစောင်း။

* ကိုယ်ကျိုးစွန့် အနစ်နာခံ
စိတ်ရင်းမှန် ရိုးဖြောင့်စင်း၊
များပြည်သူ
ပွားဂုဏ်ယူ သည်းနှလုံး
ပြုံးရိပ်ဖြာဆင်း။

* သူ့ကျွန်မခံ စိတ်ဓာတ်မွေး
ဗိုလ်ချုပ်သွေးရဲရဲနီ၊
တို့များယုံကြည်။
စည်းလုံးလို့ညီညီ
မြဲခိုင်ကျည်တည်စေဖို့။
မြင့်မြတ်နှလုံးသားကိုလ
အသည်းကြား စွဲထားပါလို့
ခုချိန်ခါ ဂုဏ်ပြုတေးတွေနဲ့
(ပြည်သူများတို့ရေ) အလေးပြုစို့။ ။

ဖိုလေးလုံးသောင်းကိုကို

## သတိပေးနှိုးဆော်ချက်

၂၀၁၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်သို့ လာရောက်ကြည့်ရှုသူ ပြည်သူများသွားလာမှုအဆင်ပြေစေရေး အတွက် ဗိုလ်ချုပ်ပြတိုက်လမ်းအား နံနက် ၅ နာရီမှ ပြတိုက်ပိတ်ချိန်အထိ မော်တော်ယာဉ်များ သွားလာခွင့်မပြုဘဲ ခေတ္တလမ်းပိတ်ထားမည်ဖြစ်သဖြင့် မော်တော်ယာဉ်များ အနေဖြင့် အခြားလမ်းများမှ သွားလာအသုံးပြုကြပါရန် ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

## သတိပေးနှိုးဆော်ချက်

၂၀၁၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် နှစ်(၇၀)ပြည့် အာဇာနည်နေ့ အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၀၄၀၀ နာရီအချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းနှင့် လင့်လမ်းဆုံ၊ ဓမ္မစေတီလမ်းနှင့် အင်းလျားလမ်းဆုံ၊ ဓမ္မစေတီလမ်းနှင့် ဦးဝိစာရလမ်းဆုံ၊ အနောက် ရွှေဂုံတိုင်လမ်းနှင့် ဦးဝိစာရလမ်းဆုံတို့မှ လမ်းလွှဲစနစ်ဆောင်ရွက်မည်ဖြစ်ပြီး အာဇာနည်လမ်း ၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ ရွှေတိဂုံဘုရားအနောက်ဘက်မုခ်၊ ရွှေတိဂုံဘုရား တောင်ဘက်မုခ်၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ် (သွေးဆေးကန်) လမ်းတို့ကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ကြိုတင်သတိပေးနှိုးဆော် အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

*စာမျက်နှာ ၆ မှ*

**လူနေမှုစရိတ်စကကြီးမြင့်နေမှုအတွက် အခြေခံကျကျ ဖြေရှင်းရမည့်ကိစ္စအတွက်**

"နေထိုင်ရေးစရိတ်စက လျော့ကျဖို့ကိစ္စနှင့် ပတ်သက်၍ ဆိုလျှင် ယခုကဲ့သို့စရိတ်ကြီးမြင့်နေရသည့် အကြောင်းရင်း ပထမအချက်မှာ အရေးမကြီး၊ မရှိလည်းဖြစ်နိုင်သော ကုန်စည်များကို ဈေးကြီးကြီးပေး၍ ဝယ်နေရခြင်းကြောင့် ဖြစ်ပါသည်။ ထိုကြောင့် ထိုသို့အရေးမကြီးလှသော ကုန်စည်များကို နိုင်ငံခြားမှ အသွင်းလျှော့ရန်၊ သို့မဟုတ် လုံးဝရပ်စဲပစ်ရန် လိုပါသည်။ နိုင်ငံခြားမှ အဆိုပါကုန်ပစ္စည်းတွေကို ဝယ်ယူနေရသည်မှာ နိုင်ငံ၏ငွေကြေးဘဏ္ဍာမကုန်သင့်ဘဲ အလဟဿ ကုန်နေရပါသည်။ ........." **(၁၉၄၇ ခုနှစ် ဇွန်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့ ပြည်လမ်း ဆိုရန်တိုဗီလာအဆောက်အအုံ၌ မြွက်ကြားသည့် မိန့်ခွန်း)**

"ဆီ၊ ငရုတ်၊ ကြက်သွန် အစရှိသည်တို့ကို ဝယ်ယူသုံးစွဲနေကြရသဖြင့် ကျွန်တော်တို့ ငွေအလွန် ကုန်ကျနေပါသည်။ ယင်းကုန်ပစ္စည်းများမှာ မိမိတို့တိုင်းပြည်၌ မိမိတို့ စိုက်ပျိုးနိုင်ပါလျက်၊ ဤကဲ့သို့ အခြားနိုင်ငံမှ မှာယူသုံးစွဲရသည် ဆိုသည်မှာ ကျွန်တော်တို့ ငြင်းဆိုခြင်းမပြုနိုင်သည့် စွပ်စွဲချက်ဖြစ်၍ များစွာ ရှက်ဖွယ်ကောင်းလှ၏......၊ ဤကဲ့သို့ ကြက်သွန်၊ ငရုတ်၊ ဆီ အစရှိသောပစ္စည်းများ တန်ချိန်မည်မျှ မည်မျှသာ ဝင်လာစေသင့်သည်ကို ကြီးကြပ်အုပ်ချုပ်ရန် လို မလို စဉ်းစားရန် လိုပေသည်၊"

**(၁၉၄၇ ခုနှစ် ဇွန်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့ပြည်လမ်း ဆိုရန်တိုဗီလာ အဆောက်အအုံ၌ မြွက်ကြားသည့် မိန့်ခွန်း)**

**ငွေကြေးအရင်းအနှီးစီးထွက်မှုနှင့် အလုပ်လက်မဲ့ပြဿနာအတွက်**

"ငွေရင်းနိုင်ငံအပြင်ဘက်သို့ ထွက်မသွားစေရန် အချို့သော နိုင်ငံများ၌ တတ်နိုင်သမျှ ကာကွယ်ရန်ကြိုးစားထားကြပါသည်၊ ငွေရင်းနိုင်ငံ ပြင်ပသို့ထွက်သွားလျှင် ကျွန်တော်တို့၏ ဝယ်လိုအားကို စွန့်ပစ်လိုက်သကဲ့သို့သာ ဖြစ်ပေမည်။ ကျွန်တော်တို့ နိုင်ငံခြားမှ ငွေချေးယူရခြင်းကို တတ်နိုင်သမျှ လျော့ပေါ့သက်သာသွားအောင် ငွေစုရေးကို အားပေးရပေလိမ့်မည်။" **(၁၉၄၇ ခုနှစ် ဇွန်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့ ပြည်လမ်း ဆိုရန်တိုဗီလာ အဆောက်အအုံ၌ မြွက်ကြားသည့် မိန့်ခွန်း)**

"အလုပ်လက်မဲ့ပြဿနာနှင့် ပတ်သက်၍ဆိုရလျှင် ယခုလို စီးပွားရေး၏ အလိုက်အထိုက် အခြေအနေများအတိုင်းဆိုပါက အလုပ်လက်မဲ့ပြဿနာ ဖြေရှင်းသွားလိမ့်မည်ဟု ကျွန်တော်တို့ မြင်နိုင်ရန်အကြောင်းမရှိ၊ တိုင်းပြည်နှင့် အစိုးရကကူညီရပေလိမ့်မည်။ အလုပ်လက်မဲ့ဖြစ်ခြင်းသည် တိုင်းပြည်အတွက် အကြီးဆုံး ကံဆိုးမိုးမှောင်ဖြစ်လျက် စက်မှုလက်မှုလုပ်ငန်းနှင့် တကွ တိုင်းပြည်တွင်း မကောင်းကျိုးဖြစ်ပေါ်စေတတ်သည်။ အလုပ်လက်မဲ့ဖြစ်ခြင်းကြောင့် လုပ်သားများ၏ ကျွမ်းကျင်မှုကို ယုတ်လျော့စေပြီး ၎င်းတို့၏ နေထိုင်ရေးအဆင့်အတန်းကို ညံ့ဖျင်းစေသည်။ အလုပ်လက်မဲ့ပြဿနာသည် အမျိုးသားရေးအတွက် ဂြိုဟ်ဆိုးဖြစ်သည့်အလျောက် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်ကို စီမံပြုလုပ်ရာ၌ ကျွန်တော်တို့သည် သေချာကျနစွာ ပြုလုပ်မှသာလျှင် အခြေအနေတိုးတက်လာပြီး အလုပ်လက်မဲ့ပြဿနာ ဖြေရှင်းသွားနိုင်လိမ့်မည်။ လူတစ်ဦးတစ်ယောက်အတွက်သော် လည်းကောင်း၊ အိမ်ထောင်စုတွင်ပါဝင်သော သူများအတွက်သော်လည်းကောင်း အလုပ်ရနိုင်စေရန် ကျွန်တော်တို့ နည်းလမ်းများကို ရှာဖွေရပေလိမ့်မည်။

ထိုသို့ပြုလုပ်ရာတွင် ကျွန်တော်တို့သည် အချို့သောသူများကို အလုပ်မှရပ်စဲရန်လိုလျှင် ရပ်စဲရမည်။ ပြဿနာကို ဖြေရှင်းသွားနိုင်စေရန် နည်းလမ်းကောင်းမှာ နိုင်ငံတော်အစိုးရသည် အရေးပါ၍ အပြောကျယ်သောလုပ်ငန်းများကိုသာ လက်ထဲ၌ အဆင်သင့်ရှိစေရမည်။ .......။"**(၁၉၄၇ ခုနှစ် ဇွန်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့ ပြည်လမ်း ဆိုရန်တိုဗီလာ အဆောက်အအုံ၌ မြွက်ကြားသည့် မိန့်ခွန်း)**

ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံ့လွတ်လပ်ရေးအတွက် နယ်ချဲ့ကိုလိုနီတို့ကို တော်လှန်ရေး ၊ သူ့ကျွန်ဘဝမှလွတ်မြောက်ရေး အားထုတ်မှုများလုပ်ဆောင်နေရင်းမှာပင် လွတ်လပ်ရေးရပြီးကာလအလွန် နိုင်ငံ၏ချွတ်ခြုံကျနေသော စီးပွားရေးအတွက်လည်း အခြေခံကျကျ အိုင်ဒီယာကောင်းများကို စဉ်းစားပေးနိုင်ခဲ့သူဖြစ်သည်။ ယခုနှစ် (၇၀) မြောက် အာဇာနည်နေ့အချိန်အခါတွင် ဗိုလ်ချုပ်မိန့်မှာခဲ့သော နိုင်ငံ့စီးပွားရေးနာလန်ပြန်ထူနိုင်ရေးနှင့်ပတ်သက်သည့် အမှာစကားအချို့ကို ပြန်လည်ရှာဖွေမျှဝေရင်း အာဇာနည် ဗိုလ်ချုပ်အောင်ဆန်းနှင့်လုပ်ဖော်ကိုင်ဖက်အပေါင်းအပါတို့အား အမှတ်တရ လွမ်းဆွတ်တသလျက် ရေးသားဂုဏ်ပြု ဖော်ပြအပ်ပါသတည်း။

**(ကိုးကား၊ မြတ်မော်၏ ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် စစ်ရေးအတွေးအခေါ်များ၊ ၁၉၇၀)**



ဇူလိုင် ၁၇ ရက်က ကျောက်တန်းမြို့နယ် အီလက်ထရွန်နစ် စာကြည့်တိုက်ကြီးကြပ်မှုကော်မတီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ စီစဉ် ကျင်းပသည့် နှစ်(၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ် ဓာတ်ပုံနှင့် စာအုပ်ပြပွဲကို အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများ ကြည့်ရှုလေ့လာကြစဉ်

စိုးဝင်း(ကျောက်တန်း)

## နှစ်(၇၀)ပြည့် အာဇာနည်နေ့ အကြိုဟောပြောပွဲ

**မော်လိုက် ဇူလိုင် ၁၇**

နှစ်(၇၀)ပြည့် အာဇာနည်နေ့ အကြိုဟောပြောပွဲကို ဇူလိုင် ၁၇ ရက်က မော်လိုက်မြို့ အခြေခံပညာအထက်တန်းကျောင်းရှိ စုံညီခန်းမ၌ကျင်းပရာ ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးမြတ်ယုက အမှာစကားပြောကြားပြီး အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသားကျောင်းသူများအား ဆုများချီးမြှင့်ခဲ့ကြသည်။ ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဘိုသိန်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးအေးပိုနှင့် အလယ်တန်းပြဆရာမ ဒေါ်အိအိစံတို့က အာဇာနည်နေ့နှင့်ပတ်သက်၍ သိမှတ်ဖွယ်ရာများ ဟောပြောခဲ့ကြသည်။ **မော်လိုက်သားလေး**

# ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့၊ နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကျင်းပစဉ် လမ်းကြောင်းပိတ်ဆို့ထားမှု၊ အာဇာနည်ဗိမာန်သို့ဝင်ရောက်ရမည့်လမ်းကြောင်းသတ်မှတ်မှုနှင့် လုံခြုံရေးကိုထိခိုက်စေနိုင်မည့် ပစ္စည်းတစ်စုံတစ်ရာယူဆောင်ခွင့်မပြုကြောင်း သတ်မှတ်ကြေညာခြင်း

၁။ နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကို ရန်ကုန်မြို့ အာဇာနည်ဗိမာန် ၌ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့ ၀၈၀၀ အချိန်၌ စတင်ကျင်းပမည်ဖြစ်ရာ ဇူလိုင်လ ၁၈ ရက်နေ့ ၁၈၀၀ အချိန်မှ ဇူလိုင်လ ၁၉ ရက်နေ့ ၁၈၀၀ အချိန်ထိ အောက်ဖော်ပြပါလမ်းကြောင်းများကို ဖြတ်သန်းသွားလာမှု ယာယီပိတ်ဆို့ထား မည်ဖြစ်ပါသည်-

(က) ဦးဝိစာရလမ်းနှင့် အနောက်ရွှေဂုံတိုင်လမ်းဆုံရာမှ အနောက်ရွှေဂုံတိုင်လမ်းအတိုင်း လင့်လမ်းနှင့် ဆုံရာအထိ။

(ခ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံဘုရားအရှေ့မုခ်စောင်းတန်းအထိ။

(ဂ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်ဗိမာန်သို့ တက်ရောက်ရာအုတ်လှေကားလမ်းနှင့် ကျောက်ဆည်ဓမ္မာရုံဘေးလမ်းကြားများ။

၂။ အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားထားသော ဧည့်သည် တော်များသည် ရွှေတိဂုံတောင်ဘက်မုခ်မှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ်မှတစ်ဆင့် ရွှေတိဂုံမြောက်ဘက်မုခ်ရှိ အာဇာနည်ဗိမာန် ဝင်ပေါက်ဂိတ် (၂)မှ ဝင်ရောက်ပြီး အနောက်ရွှေဂုံတိုင်လမ်းသို့ ဂိတ်(၃)မှ ပြန်လည်ထွက်ခွာရမည် ဖြစ်ပါသည်။

၃။ ဇူလိုင်လ ၁၉ ရက်နေ့ မွန်းတည့် ၁၂၀၀ အချိန်မှ ၁၇၀၀ အချိန်ထိ အာဇာနည် ဗိမာန်သို့ အများပြည်သူ လာရောက်ဂါရဝပြုနိုင်ရန် ဖွင့်လှစ်ထားမည်ဖြစ်ရာ လာရောက်ကြမည့် ပြည်သူများသည် အနောက်ရွှေဂုံတိုင်လမ်းမှတစ်ဆင့် အနောက်ရွှေဂုံတိုင်လမ်းနှင့် အာဇာနည်လမ်းဆုံရှိ ဂိတ်(၁)မှ ဝင်ရောက်၍ ဂိတ် (၂)မှတစ်ဆင့် အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ် စောင်းတန်းသို့ ထွက်ခွာရမည် ဖြစ်ပါသည်။

၄။ အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်ပြတိုက်နှင့် ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး)များသို့ ဝင်ရောက်ဂါရဝပြုကြမည့်သူများသည် ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ ဗီနိုင်းစ အမျိုးမျိုး၊ ပုလင်း၊ ဘူးအမျိုးမျိုး၊ အလံအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်၊ သံပိုက်၊ ကော်ပိုက်နှင့် ကြိုတင်စစ်ဆေးခံယူမှု မရှိသော လုံခြုံရေး ကိုထိခိုက်စေနိုင်မည့် ပစ္စည်းတစ်စုံတစ်ရာ ယူဆောင်ခွင့်မပြုကြောင်း ကြိုတင် အသိပေးကြေညာအပ်ပါသည်။

၅။ အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်ပြတိုက်နှင့် ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)များသို့ ဝင်/ထွက်ရာ လမ်းကြောင်းနှင့် ဂိတ်များ၌ လုံခြုံရေးအရရှာဖွေစစ်ဆေးမှုများ ကို ပူးပေါင်းကူညီသောအားဖြင့် ကြည်ဖြူစွာ အစစ်ဆေးခံပေးကြပါရန်နှင့် သတ်မှတ် လမ်းကြောင်းမှသာ စည်းကမ်းတကျ ဝင်ရောက်ထွက်ခွာကြပါရန် မေတ္တာရပ်ခံပါသည်။

### အသိပေးကြေညာချက်

**အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်ပြတိုက်နှင့် ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး) များသို့ လာရောက်ကြည့်ရှုလေ့လာမည့် မိဘပြည်သူများအနေဖြင့် အောက်ပါပစ္စည်းများကိုယူဆောင်၍ ဝင်ရောက်ခွင့်မပြုကြောင်း ကြိုတင် အသိပေးကြေညာအပ်ပါသည်-**

- ❖ ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး
- ❖ ကင်မရာအမျိုးမျိုး
- ❖ လက်ကိုင်ဖုန်းအမျိုးမျိုး
- ❖ ဗီနိုင်းစအမျိုးမျိုး
- ❖ ပုလင်း/ဘူးအမျိုးမျိုး
- ❖ အလံအမျိုးမျိုး
- ❖ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့် သံပိုက်/ကော်ပိုက်များ
- ❖ လက်ကိုင်အိတ်အမျိုးမျိုး

၂၀၁၇ ခုနှစ်၊ နှစ်(၇၀)ပြည့် အာဇာနည်နေ့ အခမ်းအနား လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ

# အာမခံအလုပ်သမားများအား ငွေကျပ်သိန်း ၆၉၀၀ ကျော် အကျိုးခံစားခွင့်ပေးနိုင်ခဲ့

**ရန်ကုန် ဇူလိုင် ၁၇**

အလုပ်သမားများ၏ လူနေမှုဘဝမြင့်မားတိုးတက်စေရေးနှင့် အခွင့်အရေးများ၊ ရပိုင်ခွင့်များ၊ လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ဇွန်လအတွက် ထုတ်ပြန်ချက်များအရ အလုပ်သမားများအနက်မှ အာမခံအလုပ်သမားများအား ငွေကျပ်သိန်းပေါင်း ၆၉၀၀ ကျော်ကို ငွေကြေးအကျိုးခံစားခွင့်များအလိုက် ပေးအပ်နိုင်ခဲ့ပြီး အခြားသော လူမှုဖူလုံရေးစောင့်ရှောက်မှုများ၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် အလုပ်သမားအရေးပြဿနာများစွာကိုလည်း ဖြေရှင်းပေးနိုင်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအား တိုးတက်ရေးကို အထောက်အကူပြုနေသည့် ကုန်ထုတ်စွမ်းအားရှင်များအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ စက်ရုံအလုပ်ရုံများရှိ အလုပ်သမားများ လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေး၊ ဆေးဝါးကုသရေး၊ ဥပဒေပါရပိုင်ခွင့်များ ပြည့်ဝမှန်ကန်စွာရရှိရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်ဟု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။

**အလုပ်ခန့်စာချုပ် တစ်သောင်းကျော်ချုပ်ဆို**

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပုံစံဖြင့် အမျိုးသား ၂၈၈၈ ဦးနှင့် အမျိုးသမီး ၁၀၁၂၆ ဦးတို့ကို အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း ၁၃၀၁၄ခု ချုပ်ဆိုပေးနိုင်ခဲ့ပြီး အလုပ်ရှင်နှင့် အလုပ်သမားတို့အကြား အငြင်းပွားမှုများကို ဖြေရှင်းရာတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များက တာဝန်ယူဆောင်ရွက်လျက်ရှိရာ မတ်လအတွင်း လက်ခံရရှိမှု ၈၈မှုအနက် ကျေအေးမှု ၁၈မှုနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့များသို့ လွှဲပြောင်းပေးမှု ၁၅မှု၊ ပိတ်သိမ်းမှု နှစ်မှုတို့ကို ဆောင်ရွက်ပေးခဲ့ပြီး ကျန် အမှု ၅၃ မှုအတွက် ခံစားခွင့်ရှိသူ ၅၇၆ဦးတို့အား ငွေကျပ် ၁၄၁၇၂၄၅၅၃နှင့် အမေရိကန်ဒေါ်လာ ၃၆၇၀ တို့ကို ရရှိခံစားခွင့်ရရန် ကူညီပေးနိုင်ခဲ့ကြောင်း သိရသည်။



**အလုပ်သမားဥပဒေပါအကျိုးခံစားခွင့်များရရှိ**

အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူ အလုပ်ပိတ်ရက် အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့် ခံစားခွင့်ပေးခြင်း၊ လုပ်အားခကျန်ငွေမရရှိမှုများ၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များ ယူရာတွင် ငွေကြေးခံစားခွင့်များရရှိအောင်ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစားခွင့် ငွေကျပ်သိန်းပေါင်း ၁၁၀၀ ကျော်နှင့် အမေရိကန်ဒေါ်လာ ၁၇၁၆၂ ဒသမ ၀၀ ခံစားခွင့်ပေးနိုင်ခဲ့ကြောင်း သိရသည်။

စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး အသိပညာရရှိစေရန်အတွက် မြို့နယ်အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ စက်ရုံ၊ အလုပ်ရုံ ၆၄၀ရုံမှ အလုပ်ရှင်၊ အလုပ်သမားများကို လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာနှင့် ဥပဒေရေးရာသိမှတ်ဖွယ်ရာများအား ပညာပေးဟောပြောပို့ချမှု ၂၈၈ ကြိမ် ဆောင်ရွက်ခဲ့သည်။

အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနအနေဖြင့် ခုံသမာဓိကောင်စီမှ အမှုရှစ်မှုကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ရာ အလုပ်သမား ၄၁ ဦးအတွက် ငွေကြေးအကျိုးခံစားခွင့် ငွေကျပ် ၁၆၇၀၂၀၀ ရရှိစေခဲ့ပြီး ခုံသမာဓိအဖွဲ့အနေဖြင့် အမှု ၁၇ မှုကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ရာ အလုပ်သမား ၁၇ ဦးအတွက် ငွေကြေးအကျိုးခံစားခွင့် ငွေကျပ် ၁၄၃၆၉၀၀၀ ရရှိစေခဲ့ကြောင်း သိရသည်။

**လူမှုဖူလုံရေးအတွက် အကျိုးခံစားခွင့်များပေးအပ်**

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအား ငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ်သိန်းပေါင်း ၆၉၀၀ကျော် အကျိုးခံစားခွင့်ပေးခဲ့ပြီး အာမခံအလုပ်သမား ၆၆၂ဦးအတွက် ဆေးဖိုးကုန်ကျငွေကျပ်သိန်း ၁၁၀၀ ကျော် ပြန်လည်ထုတ်ပေးခဲ့ကြောင်း လူမှုဖူလုံရေးအဖွဲ့မှ သိရှိရသည်။

အာမခံအလုပ်သမားများအား ၂၀၁၇ ခုနှစ်၊ ဇွန်လအတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှုအခြေအနေမှာ အလုပ်သမားဆေးရုံကြီး သုံးခုတွင် ပြင်ပလူနာ ၇၄၈၉ ဦးနှင့် အတွင်းလူနာ ၇၃၈ ဦးတို့အား ကုသပေးနိုင်ခဲ့ပြီး လူမှုဖူလုံရေးဆေးခန်း ၉၆ခန်း၊ ဌာနကြီး ဆေးခန်း ၅၀ နှင့် လူမှုဖူလုံရေး-ကဲဝဲလ်ဆေးခန်းတို့တွင် လာရောက်ဆေးကုသမှုခံယူသူ ၆၀၆၆၁ ဦး အထိရှိသည်။ ထို့ပြင် အလုပ်သမားဆေးရုံကြီး သုံးခုမှ ဆရာဝန်များကွင်းဆင်းဆေးကုသပေးမှုမှာ သုံးကြိမ်ခန့်ရှိပြီး လူနာပေါင်း ၈၁၁ ဦးကိုလည်းကောင်း၊ လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန်များကွင်းဆင်းဆေးကုသမှုမှာ ၁၂၄ ကြိမ်ခန့်ရှိပြီး အလုပ်သမားလူနာပေါင်း ၂၅၁၀ ကိုလည်းကောင်း၊ နယ်လှည့်ဆေးကုသယာဉ်ဖြင့် ကွင်းဆင်းဆေးကုသပေးမှုဖြင့် အလုပ်သမားလူနာပေါင်း ၅၁၇၀ ကိုလည်းကောင်း လူမှုဖူလုံရေးဝန်ဆောင်မှုများပေးအပ်ကာ ကျန်းမာရေးစောင့်ရှောက်နိုင်ခဲ့ကြောင်း လူမှုဖူလုံရေးအဖွဲ့မှ သိရှိရသည်။

ထို့ပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်းဝင်ငွေတိုးပွားစေရေးအတွက် ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်း အလုပ်အကိုင်များရှာဖွေပေးခြင်းတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ လုပ်ဆောင်လျက်ရှိပြီး အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့အား လုပ်ဆောင်လျက်ရှိသည်ကို မြင်တွေ့ရသည်။

ထိုသို့ ပြည်တွင်းပြည်ပအလုပ်အကိုင်များ ရှာဖွေပေးရာတွင် ဇွန်လအတွင်း ပြည်တွင်းပြည်ပ အလုပ်အကိုင်များအတွက် အလုပ်သမားများကို ဝန်ကြီးဌာနနှင့် ပုဂ္ဂလိကလုပ်ငန်းများက ရှာဖွေပေးနိုင်ခဲ့ပြီး စုစုပေါင်း အလုပ်သမား ၁၆၀၀၀ ကျော် ခန့်အပ်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး**



# အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီ ဘားအံမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာ

**ဘားအံ ဇူလိုင် ၁၇**

ဘားအံမြို့၌ ရောက်ရှိနေသည့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စ ယန်ဟီလီနှင့်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ဘားအံမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားသည်။ (ဓါတ်ပုံ)

မစ္စယန်ဟီလီနှင့်အဖွဲ့သည် ဘားအံမြို့သို့ ဇူလိုင် ၁၆ ရက် မွန်းလွဲပိုင်းက ရောက်ရှိခဲ့ပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ပြည်ထောင်စုရိပ်သာ ပဒိုဒေးဗစ်တောခန်းမ၌လည်းကောင်း၊ CSO များ၊ ကရင်လူမှုအဖွဲ့အစည်းများနှင့် သီရိဘားအံဟိုတယ်အစည်းအဝေးခန်းမ၌လည်းကောင်း တွေ့ဆုံခဲ့သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

❖ *ရှေ့ဖုံးမှ*

တွဲထိန်း ဦးဝင်းသီဟ(လက်ထောက်ကြီးကြပ်ရေးမှူး)က ပြောသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် မြို့ပတ်ရထားများကို အဆင့်မြှင့်တင်မှုအနေဖြင့် ယခင်ရိုးရိုးမြို့ပတ်ရထားတွဲဆိုင်းများနေရာတွင် ပြီးခဲ့သော ၂၀၁၃ ခုနှစ် အောက်တိုဘာလဆန်းပိုင်းမှစတင်ကာ Air Conditioned RBE လူစီးတွဲဆိုင်းသစ်များကို အစားထိုးလဲလှယ်စတင်ပြေးဆွဲခဲ့သည်။ ယင်းသို့ဖြင့် နှစ်စဉ်အဆင့်မြှင့်အစားထိုးပြေးဆွဲခဲ့ရာ ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်းတွင် RBE ဆဋ္ဌမနှင့် သတ္တမတွဲဆိုင်းသစ်များကို အစားထိုးပြေးဆွဲခဲ့သဖြင့် လိုက်ပါစီးနင်းမှုခရီးသည်မှာ ထက်ဝက်မျှတိုးတက်များပြားလာသည်အထိရှိခဲ့သည်။ အလားတူ ရန်ကုန်မြို့ပတ်လမ်းပိုင်းဆိုင်ရာ အဆင့်မြှင့်တင်ပေးမှုလုပ်ငန်းများကိုလည်း ဂျပန်အပြည်ပြည်ဆိုင်ရာ ကူညီထောက်ပံ့ရေးအဖွဲ့ (JICA)၏ အကူအညီဖြင့် ယခင်သစ်သားဇလီဖားတုံးနေရာများ၌ ကွန်ကရစ်ဇလီဖားတုံးအဖြစ် အစားထိုးအဆင့်မြှင့်တင်ခဲ့ပြီး ယင်းဇလီဖားတုံးများကြားတွင် ကျောက်များအစားထိုးဖြည့်တင်းခဲ့မှုကြောင့် ရထားခုတ်မောင်းနှင်မှုနှုန်းမှာ ပိုမိုလျင်မြန်လာပြီး တုန်ခါလှုပ်ယမ်းမှုသည်လည်း ယခင်အခြေအနေထက် သိသာစွာတိုးတက်တည်ငြိမ်မှုရှိလာခဲ့သည်။

"ကျွန်တော်က အင်းစိန်မှာနေပါတယ်။ အလုပ်ဆင်းတာကတော့ ရန်ကုန်မြို့ထဲ ကျောက်တံတားမှာ ဆင်းတာပါ။ အလုပ်သွားတဲ့အခါမှာ အခုနောက်ပိုင်း မြို့ပတ်ရထားကိုပဲ စီးဖြစ်ပါတယ်။ ပြီးတော့ ခုမြို့ပတ်ရထားတွေကလည်း အရင်လိုမဟုတ်တော့ပါဘူး။ အချိန်လည်းမှန်လာသလို ထိုင်ခုံတွေကလည်း အတော်လေးကို ကောင်းလာပါတယ်"ဟု အင်းစိန်မှ ရန်ကုန်မြို့တွင်း နေ့စဉ် အလုပ်တက်/ဆင်းသွားလာလှုပ်ရှားနေသော ကိုမျိုးမင်းထွန်းက ပြောသည်။

ယခုအခါ မြို့ပတ်ရထားတွင် မည်သည့်လမ်းကြောင်းမဆို ၁၅ မိုင်အတွင်း လိုက်ပါစီးနင်းပါက ငွေကျပ် ၁၀၀ နှုန်းသာ ပေးဆောင်ရပြီး မြို့တစ်ပတ် (သို့မဟုတ်) ၁၅ မိုင်ထက်ကျော်လွန်ပါက ငွေကျပ် ၂၀၀ နှုန်းပေးဆောင်ရသည်။ ပြည်သူများအား လက်မှတ်ရောင်းချပေးမှုအပိုင်းတွင်လည်း ရိုးရိုးစနစ်မှ ကွန်ပျူတာစနစ်သို့ ပြောင်းလဲခဲ့ပြီး ယခုအခါ ကွန်ပျူတာလက်မှတ်များကို ရန်ကုန် ဘူတာကြီး၊ ဘုရားလမ်း၊ ကြည့်မြင်တိုင်၊ လှည်းတန်း၊ သမိုင်း၊ အင်းစိန်၊ တည်ငင်းကုန်း၊ လှော်ကား၊ မင်္ဂလာဒုံ၊ ပုရွက်ဆိပ်ကုန်း၊ တံတားကလေး၊ မလွှကုန်း၊ ပုဇွန်တောင်၊ သဃ်န်းကျွန်း၊ တိုးကြောင်ကလေး၊ ဟံသာဝတီ၊ ဘောက်ထော်နှင့် ကံဘဲ့ဘူတာ များတွင် ရောင်းချပေးလျက်ရှိပြီး ok $ ဖြင့်လည်း လိုက်ပါစီးနင်းနိုင်ပြီ ဖြစ်သည်။

ရန်ကုန်မြို့တွင်း နေ့စဉ် နံနက် ၃နာရီခွဲမှ ည ၉ နာရီခွဲအထိ ပြေးဆွဲပေးလျက်ရှိသော မြို့ပတ်ရထားတွဲဆိုင်းများမှာ RBE တွဲဆိုင်း ၁၂ ဆိုင်း၊ ရိုးရိုးရထားတွဲဆိုင်းကြီး ၁၃ ဆိုင်း စုစုပေါင်း ရထားတွဲဆိုင်း ၂၅ ဆိုင်းမှ နေ့စဉ်ခေါက်ရေ ၂၀၀ ကျော် ပြေးဆွဲပေးလျက်ရှိကြောင်း၊ ယခုနှစ်အနည်းငယ်အတွင်း ခရီးသည်စီးနင်းလိုက်ပါမှုမှာ တစ်နေ့လျှင် ရှစ်သောင်းမှ ကိုးသောင်းခန့်အထိ တိုးမြင့်လာပြီး အထူးသဖြင့် YBS ပြောင်းလဲမှုနောက်ပိုင်းတွင် သိသိသာသာတိုးတက်မှုများပြားလာကြောင်း တိုင်းအမှတ် (၇) ရန်ကုန်၏ သွားလာရေးဌာနမှ သိရသည်။

# AB & F မှ ကမ္ဘောဇဘဏ်လီမိတက်အား ဘဏ်လုပ်ငန်းဆိုင်ရာဆုငါးဆုချီးမြှင့်

**ရန်ကုန် ဇူလိုင် ၁၇**

စင်ကာပူနိုင်ငံအခြေစိုက် The Asian Banking and Finance (AB&F) အဖွဲ့ အစည်းမှပေးအပ်သည့် "၂၀၁၇ ခုနှစ်အတွက် နိုင်ငံအလိုက် အကောင်းဆုံးဘဏ် လုပ်ငန်းဆိုင်ရာဆုများ" ချီးမြှင့်သည့်အခမ်းအနားကို ဇူလိုင် ၁၃ ရက် ညနေပိုင်းက စင်ကာပူနိုင်ငံရှိ Shangri-La Hotel ၌ ကျင်းပရာ အာရှနိုင်ငံ ၃၀ ကျော်ရှိဘဏ်နှင့်ငွေကြေးဆိုင်ရာလုပ်ငန်းကုမ္ပဏီ ၁၀၀ ကျော်မှ အဆင့်မြင့်အရာရှိကြီးများ ၃၀၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ်လီမိတက်အား နိုင်ငံတကာဘဏ် လုပ်ငန်းဆိုင်ရာတွင် Best Myanmar Cash Management Bank 2017 နှင့် Best Myanmar Foreign Exchange Bank 2017၊ ပြည်တွင်းဘဏ် လုပ်ငန်းဆိုင်ရာတွင် Best Myanmar Retail Bank 2017၊ Best Myanmar Credit Card Initiative 2017 နှင့် Best Myanmar SME Bank 2017 စုစုပေါင်းဘဏ်လုပ်ငန်းဆိုင်ရာဆု ငါးဆုကို ပေးအပ်ချီးမြှင့်ရာ ကမ္ဘောဇဘဏ်လီမိတက်ကိုယ်စား ကမ္ဘောဇအုပ်စုကုမ္ပဏီမှ အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်က တက်ရောက်လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။



ကမ္ဘောဇအုပ်စုကုမ္ပဏီ၏ အကြီးတန်း အုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့် ဆုလက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားစဉ်

AB&F အဖွဲ့အစည်းသည် နိုင်ငံတကာစီးပွားရေးနှင့် ဘဏ်လုပ်ငန်းများကို အမြဲမပြတ်လေ့လာသုံးသပ်အကဲဖြတ်နေသည့် အဖွဲ့အစည်းကြီးဖြစ်ပြီး ကမ္ဘာ့ထိပ်တန်း ငွေကြေးဆိုင်ရာစာရင်းအဖွဲ့အစည်း လေးခုဖြစ်သည့် KPMG၊ Deloitte ၊ Ernst and Young နှင့် PwC တို့က ဆုများကို ဦးဆောင် စိစစ်ရွေးချယ်ပေးခြင်းဖြစ်သည်။

**သဲနိုင်ဦး (မြန်မာစာ)**

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ၁၈ နေရာတွင် Community Centre များ ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဇူလိုင် ၁၇**

ကလေးစာဖတ်ခန်းစာကြည့်တိုက်၊ သင်တန်းခန်းမ၊ ဘက်စုံသုံးခန်းမ၊ အစည်းအဝေးခန်းမ၊ အားကစားလေ့ကျင့်ရန်နေရာ၊ Youth Centre များ ပါဝင်သည့် နိုင်ငံတကာနှင့်အညီ ပြည်သူများ အသိပညာပေးနိုင်မည့် လူမှုအခြေပြုဗဟိုဌာန (Community Centre)များကို ပြန်ကြားရေးဝန်ကြီးဌာနက တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ၁၈ နေရာတွင် ဖွင့်လှစ်နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ရန်ကုန်တိုင်းဒေသကြီး ခရိုင်၊ မြို့နယ်အဆင့်တို့မှ တာဝန်ရှိသူများနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်း၍ လုပ်ငန်းများဆောင်ရွက်ရေး၊ Community Centre များ ပူးပေါင်းအကောင်အထည်ဖော်ရေးတို့အတွက် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကားပြောကြားရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများကို အစိုးရအဆက်ဆက်တွင် အမည်အမျိုးမျိုးဖြင့် ပြောင်းလဲဖွင့်လှစ်ခဲ့ကြောင်း၊ "ပြည်သူ့ဆက်ဆံရေး"ဟု ယခင်ခေတ်ကတည်းက သုံးစွဲခဲ့ပြီး အများပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရန် အမြို့မြို့ အနယ်နယ်တွင် ရုံးများထားရှိဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ သို့ရာတွင် အစိုးရများ၏ သဘာဝအပေါ်မူတည်ပြီး လုပ်ကိုင်ဆောင်ရွက်ပုံ ကွဲပြားခြင်းများရှိပါကြောင်း၊ ဒီမိုကရေစီ အစိုးရအနေဖြင့် အများပြည်သူကို အသိပေးအစီရင်ခံရန်နှင့် အများပြည်သူအသံကို နားထောင်ရန်လိုအပ်ပါကြောင်း။

ထို့အတူ ခေတ်ကာလလိုအပ်ချက်နှင့် လျော်ညီစွာ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြောင်းလဲလာသည့် ခေတ်ကာလစနစ်၊ ပြောင်းလဲလာသည့် အနေအထား အသုံးအဆောင်ပစ္စည်းများနှင့်အညီ ပြောင်းလဲဆောင်ရွက်ရမှုများ ရှိပါကြောင်း။

ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလတွင် နိုင်ငံရေးကိစ္စများ စီမံဆောင်ရွက်ရာတွင် အများပါဝင်ဆုံးဖြတ်ဆောင်ရွက်သည့်စနစ်ကို ပြောင်းလဲလာခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးစသည့်ယန္တရားများတွင် အများပါဝင်သည့် စနစ်ကို ကျင့်သုံးလာပါကြောင်း။



**ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် လွှတ်တော်ကိုယ်စားလှယ်များပူးပေါင်း၍ လုပ်ငန်းများ ဆောင်ရွက်ရေး၊ Community Centre များ ပူးပေါင်းအကောင်အထည်ဖော်ရေး တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲတွင် ရှင်းလင်းပြောကြားစဉ်** (သတင်းစဉ်)

ထို့ကြောင့် နိုင်ငံရေးဖြစ်စဉ်တွင် ပြည်သူများပါဝင်မှု တိုးတက်ရန်လိုပါကြောင်း၊ အများပြည်သူ တိုးတက်ပါဝင်လေ ဒီမိုကရေစီပီပြင်လေဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် နေရာတစ်ခုဖြစ်သည့် Community Centre ဆိုသည်မှာ ရပ်ရွာအခြေပြုစုဝေးနိုင်သည့်နေရာဟု သာမန်အားဖြင့် ပြောဆိုနိုင်ပါကြောင်း၊ လူမှုအခြေပြုဗဟိုဌာနဟု တိုက်ရိုက်ဘာသာပြန်ပြီး ယာယီသုံးစွဲနေပါကြောင်း။

ထိုနေရာတွင် ကိုယ့်ရပ်ရွာကိစ္စများကို ပြောဆိုဆွေးနွေးကြသည့် နေရာမျိုး ဖြစ်လိုပါကြောင်း၊ နိုင်ငံရေးဖြစ်စဉ်တွင် အများပြည်သူပါဝင်မှု တိုးတက်စေရန်အတွက် အထောက်အကူပြုသည့် နေရာတစ်ခုဖြစ်စေရန် ရည်ရွယ်ပြီး ပြည်သူကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ပါကြောင်း။

Community သည် နေရာဒေသတွင် ရှိနေသူများပါဝင်သည့် အဝန်းအဝိုင်း တစ်ခုဖြစ်ပြီး ၎င်းနေရာတွင် လူများစုဝေးကြကာ ရပ်ရွာကိစ္စနှင့် အထွေထွေအရပ်ရပ်များ ပြောဆိုကြပါကြောင်း။

Community Centre များမှ ထွက်ပေါ်လာသည့် အသံနှင့် သဘောထားများသည် ပြည်သူ့အသံများ ဖြစ်ပေါ်လာရန် လိုပါကြောင်း၊ ဒီမိုကရေစီခေတ်တွင် အောက်ခြေလူထု၏ အသံသဘောထားများက အထက်သို့တက်ရမည်ဖြစ်ပါကြောင်း။

ကလေးများ၊ လူငယ်များ၊ ရပ်ရွာလူထု၊ လူကြီး၊ လူလတ်အားလုံးအတွက် ဘက်စုံအထောက်အကူပြုသည့် Centre တစ်ခုဖြစ်ရန် ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနမှ စာကြည့်တိုက်နှင့် ရုံးခန်းရှိသည့် အဆောက်အအုံကို အခြားအဖွဲ့အစည်းများနှင့်ဆက်စပ်ပြီး Community Centre ဖြစ်လာစေရန် စတင်ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် တွဲဖက်ပြီး နတ်မောက်၊ မြောင်းမြ၊ အင်းစိန်၊ ပျဉ်းမနားတို့တွင် မူလရှိသည်များကို ပြင်ဆင်ပြီး Community Centre ကဲ့သို့ဖြစ်လာရန်၊ အနယ်နယ်အရပ်ရပ်က စာကြည့်တိုက်များကို Community Library အသွင်ပြောင်းနိုင်ရန် ဆောင်ရွက်နေကြောင်း၊ Community ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုသော ရည်ရွယ်ချက်နှင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ Community Centre နှင့် Community Library တွဲထားပြီး ၎င်းနှစ်ခု၏ အကျိုးသက်ရောက်မှုသည် ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရန် ဖြစ်ပါကြောင်း၊ လူငယ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုနှင့် တစ်ပြိုင်တည်းမှာပင် ရပ်ရွာအရေးကိစ္စကို နှီးနှောဆွေးနွေးရန် အဓိကထားပါကြောင်း။

ရပ်ရွာကိစ္စများကို သက်ဆိုင်ရာရပ်ရွာရှိလူများက ဆွေးနွေးတိုင်ပင်ကြပြီး ဖြစ်သင့်ဖြစ်ထိုက်သည့် စည်းမျဉ်း၊ စည်းကမ်းများဖြစ်လာမည်ဆိုလျှင် မိမိတို့မြန်မာ့လူ့အဖွဲ့အစည်းသည် ပိုပြီးနေချင့်စဖွယ်ဖြစ်သော ပိုပြီး ဒီမိုကရေစီနည်းကျသည့် လူ့အဖွဲ့အစည်းဖြစ်လာမည်ဟု မြင်ပါကြောင်း။

Community Centre သည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးက စာကြည့်တိုက်နှင့် ရုံးခန်းကို ခေတ်မီတိုးတက်အောင် အဆင့်မြှင့်တင်မှု သက်သက်သာလုပ်ဆောင်ခြင်းမဟုတ်ဘဲ ဒီမိုကရေစီ တည်ဆောက်ရေးဖြစ်စဉ်အတွက် အထောက်အကူပြုနိုင်သည့် နေရာဌာနတစ်ခုဖြစ်ပါကြောင်း၊ အဆိုပါနေရာဌာနကို ခင်းကျင်းပြင်ဆင်ထားမှုသာမဟုတ်ဘဲ ရပ်ရွာကိစ္စနှင့် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးစွဲကြမည်ဆိုလျှင် Community Centre သည် ရပ်ရွာအတွက် အကျိုးကျေးဇူးပြုသော၊ အထောက်အကူပြုသော နေရာတစ်ခုဖြစ်လာမည့်အပြင် မြန်မာ့လူ့အဖွဲ့အစည်းကလည်း ဒီမိုကရေစီတည်ဆောက်ရေးအတွက် အထောက်အကူပြုသည့် အဖွဲ့အစည်းတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်က ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက Community Centre များ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးကြသည်။

ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မြန်မာတစ်နိုင်ငံလုံးတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၄၃၄ ရုံးရှိရာ Community Centre ကို မြစ်ကြီးနား၊ လွိုင်ကော်၊ ဘားအံ၊ ဟားခါး၊ စစ်ကိုင်း၊ ထားဝယ်၊ ပြည်၊ မကွေး၊ မော်လမြိုင်၊ စစ်တွေ၊ မန္တလေး၊ မိတ္ထီလာ၊ တောင်ကြီး၊ လားရှိုး၊ ပုသိမ်၊ သင်္ဃန်းကျွန်း၊ ဇဟန်း၊ လှိုင်မြို့နယ်တို့တွင် ဖွင့်လှစ်ရန် လျာထားဆောင်ရွက်လျက်ရှိပြီး ဇူလိုင် ၁၆ ရက်က မြစ်ကြီးနားမြို့၌ ဖွင့်လှစ်ခဲ့သည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သင့်တော်သည့်နေရာ ဒေသများတွင်လည်း ထပ်မံဖွင့်လှစ်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကော့သောင်းမြို့တွင် လေပြင်းများတိုက်ခတ်၊ သစ်ပင်များပြိုလဲပြီးလမ်းပိတ်

**ကော့သောင်း ဇူလိုင် ၁၇**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် ဇူလိုင် ၁၇ ရက် နံနက် ၃ နာရီခန့်က မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းများတိုက်ခတ်မှုကြောင့် မြို့ပေါ်ရပ်ကွက်တချို့တွင် သစ်ပင်ကြီးများပြိုလဲကာ လူနေအိမ်တချို့ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဇူလိုင် ၁၇ ရက် နံနက် ၃ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းပြီး အက်ဒမန်ပင်လယ်ဘက်မှ မြို့၏ကုန်းတွင်းပိုင်းသို့ တဖြည်းဖြည်း လေပြင်းများစတင်တိုက်ခတ်ရာ တစ်နာရီကျော်ခန့် ကြာမြင့်ပြီး မြို့ပေါ်ရပ်ကွက်တချို့၌ သစ်ပင်ကြီးများ ကျိုးပြတ်ပြိုလဲခြင်း၊ ရွှေမင်းဝန် အခြေခံပညာအလယ်တန်း ကျောင်းဝင်း အတွင်းရှိ အရိပ်ရ သစ်ပင်ကြီးများ ပြိုလဲခြင်းများ ဖြစ်ပေါ်ခဲ့သည်။



လေပြင်းတိုက်ခတ်မှုကြောင့် ဖြစ်ပေါ်ခဲ့သည့် အပျက်အစီးများအား ခရိုင်နှင့် မြို့နယ်တာဝန်ရှိအဖွဲ့အစည်းများ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက် ပရဟိတအဖွဲ့တို့က လိုက်လံကူညီရှင်းလင်းဖယ်ရှားပေးကာ လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက် လျက်ရှိကြောင်း၊ လေပြင်းတိုက်ခတ်မှုကြောင့် ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုနှင့် ရပ်ကွက်နေပြည်သူများ ထိခိုက် သေဆုံးမှု မရှိကြောင်းနှင့် ပင်လယ်ကမ်းစပ်နေ နေအိမ်တချို့သာ ပျက်စီးမှုရှိပြီး ကော့သောင်း-မြိတ် ပြည်ထောင်စုလမ်းပိုင်း သစ်ပင်ကြီးများ ပြိုလဲကာ လမ်းပိတ်ဆို့မှု ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# ချင်းတွင်းမြစ်ရေဝင်ရောက်သည့် ကျေးရွာများသို့ ရေသန့်ဘူးများနှင့် ခေါက်ဆွဲခြောက်ထုပ်များလှူ

**မုံရွာ ဇူလိုင် ၁၇**

ချင်းတွင်းမြစ်ရေ ဝင်ရောက်ခဲ့သည့် မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာများသို့ စစ်ကိုင်းတိုင်းဒေသကြီး မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သောက်ရေသန့်ဘူးကြီးများနှင့် ခေါက်ဆွဲခြောက်ထုပ်များကို ဇူလိုင် ၁၆ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

"မြစ်ရေဝင်ရောက်ခဲ့တဲ့ မုံရွာမြို့နယ် ဘုမ္မနိုးကျေးရွာအုပ်စုနဲ့ ပုဏ္ဏားမော် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများကို ဆက်သွယ်ပြီး အဓိကလိုအပ်ချက်ဖြစ်တဲ့ သောက်ရေသန့်ဘူးကြီးတွေနဲ့ ခေါက်ဆွဲခြောက်ထုပ်တွေကို ဇူလိုင် ၁၄ ရက်မှ ၁၆ ရက်အထိ သုံးရက်ဆက်တိုက် သွားရောက်လှူဒါန်းခဲ့ပါတယ်။ အလှူရှင်တွေ ရှိလာရင်လည်း ပေါင်းစပ်ကူညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သောက်သုံးရေ ကျေးလက်ဌာနမှ လာရောက် လှူဒါန်းတဲ့အတွက် ဒေသခံတွေကလည်း ဝမ်းမြောက် နေကြပါတယ်" ဟု မြို့နယ်ဦးစီးမှူး ဦးဝင်းမောင်ဆွေက ပြောကြားခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**



# ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ပြည်မြို့ရှိ အနိမ့်ပိုင်းရပ်ကွက်မှ နေအိမ်အချို့ ပြောင်းရွှေ့ရ

**ပြည် ဇူလိုင် ၁၇**

ဧရာဝတီမြစ်ရေမြင့်တက်လာသည့်အတွက် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ နဝင်းနယ်မြေအတွင်းရှိ အနိမ့်ပိုင်းရပ်ကွက်မှ နေအိမ်အချို့ အတွင်းသို့ ရေဝင်မှုကြောင့် ရေဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

အဆိုပါ ရေများဝင်ရောက်မှုမှာ ပြည်မြို့ နဝင်းနယ်မြေအတွင်းရှိ ရွှေပုလ္လင်မော်အောက်ချိုင့်ရပ်ကွက်၊ မာလကာကုန်းရပ်ကွက်၊ ဘောဂ(ကန်ကွက်)ရပ်ကွက်နှင့် ဘောဂရပ်ကွက်(၂)လမ်း၊(၃)လမ်းတို့မှ နေအိမ်များအတွင်းသို့ ဝင်ရောက်ခြင်းဖြစ်ပြီး တဖြည်းဖြည်းမြစ်ရေတိုးလာနေခြင်းကြောင့် နေထိုင်ရန်မဖြစ်နိုင်တော့သည့်အတွက် ဇူလိုင် ၁၅ ရက်က ယင်းရပ်ကွက်အနီးရှိ တာပေါင်၌ ယာယီတဲထိုးနေထိုင်ခဲ့ကြရပြီး နောက်တစ်ရက် ညနေပိုင်းတွင် နဝင်းရပ်ကွက်ရှိ နဝင်းဝါဆို ဘုန်းတော်ကြီးကျောင်းတိုက်အတွင်းသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း ဒေသခံများက ပြောသည်။

အဆိုပါ ရေကြီးနစ်မြုပ်သည့် ရပ်ကွက်များမှာ ပြည်မြို့ အနိမ့်ပိုင်းရပ်ကွက်များဖြစ်ပြီး ဧရာဝတီမြစ်အတွင်းသို့ စီးဝင်သည့် နဝင်းချောင်းမှတစ်ဆင့်ဝင်ရောက်ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းသို့ ရေကြီးနစ်မြုပ်မှုကြောင့် အိမ်ထောင်စုပေါင်း ၁၀၀ ကျော်ခန့်ကို ပြောင်းရွှေ့ပေးရမည်ဖြစ်ပြီး ဇူလိုင် ၁၇ ရက် ညနေပိုင်းတွင် ပြောင်းရွှေ့နေရာချထားပေးရန် စီစဉ်လျက်ရှိကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်က ပြောကြားခဲ့သည်။ **ကိုလွင်(ဆွာ)**


# မိုးသည်းထန်ပြီး ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းရေလွှမ်း

**သုဝဏ္ဏဝတီ ဇူလိုင် ၁၇**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ကျိုက္ကော်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအနီး ဇူလိုင် ၁၇ ရက် နံနက်ပိုင်းမှ စတင်၍ ရန်ကုန် - မော်လမြိုင် အဝေးပြေးလမ်းမကြီးပေါ်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ကျရေများ ကျဆင်းမှုနှင့်အတူ ရေမြောင်းများ ပိတ်ဆို့မှုကြောင့် လမ်းမကြီးပေါ်သို့ ရေလွှမ်းသွားသဖြင့် ခရီးသွားပြည်သူများ သွားလာမှုခေတ္တနှောင့်နှေးကြန့်ကြာသွားခဲ့သည်။

ခရီးသွားယာဉ်များ သွားလာမှုလွယ်ကူစေရန် သက်ဆိုင်ရာတာဝန်ရှိသူများက ဦးဆောင်၍ သထုံခရိုင်မီးသတ်တပ်ဖွဲ့ဝင်များ နယ်မြေခံရဲတပ်ဖွဲ့ဝင်များက ကြည့်ရှုစောင့်ရှောက်ပေးခဲ့ကြကြောင်း သိရသည်။ **ခွန်(ဝင်းပ)**

# အိန္ဒိယရွေးကောက်ပွဲအတွက် သမ္မတလောင်းနှစ်ဦးအကြိတ်အနယ်ယှဉ်ပြိုင်





**နယူးဒေလီ ဇူလိုင် ၁၇**

အိန္ဒိယနိုင်ငံ၏သမ္မတ ရွေးကောက်ပွဲကို ဇူလိုင် ၁၇ ရက်တွင် စတင်ကျင်းပခဲ့ရာ အာဏာရဘီဂျေပီပါတီမှ သမ္မတလောင်း ရမ်နက်ခ်ကိုဗင့်နှင့် ပြိုင်ဘက်ကွန်ဂရက်ပါတီမှ သမ္မတလောင်း မိုင်ရာကူမားတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်က ဖော်ပြခဲ့သည်။

ပြိုင်ဘက် သမ္မတလောင်းနှစ်ဦးအနက် တစ်ဦးကို လွှတ်တော်အမတ်များနှင့် ပြည်နယ်ကိုယ်စားလှယ်များက ဆန္ဒမဲများပေးကာ ရွေးချယ်ကြမည်ဖြစ်ကြောင်း သိရသည်။ ဆန္ဒမဲပေးခြင်းကို ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် စတင်ခဲ့ပြီး ညနေ ၅ နာရီတွင် ပြီးဆုံးမည်ဖြစ်ကြောင်းသိရသည်။ နိုင်ငံတစ်ဝန်း ဆန္ဒမဲပေးခွင့်ရှိသူ လွှတ်တော်အမတ်များနှင့် ပြည်နယ်ကိုယ်စားလှယ်စုစုပေါင်း ၄၈၉၆တို့က ဆန္ဒမဲပေးကြမည်ဖြစ်သည်။ ဆန္ဒမဲရလဒ်များကို လာမည့် ဇူလိုင် ၂၀ ရက်တွင် ကြေညာသွားမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိသူသည် ဇူလိုင် ၂၇ ရက်တွင် ငါးနှစ်သက်တမ်းရှိ သမ္မတရာထူးကို လက်ခံရန် ကျမ်းသစ္စာကျိန်ဆိုရမည်ဖြစ်ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ၏ သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိသူသည် လက်ရှိသမ္မတ မူခါဂျီနေရာတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ လက်ရှိသမ္မတ မူခါဂျီသည် ဝါရင့်နိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး လွန်ခဲ့သည့် ၂၀၁၂ ခုနှစ်မှ စတင်ကာ နိုင်ငံ၏ သမ္မတတာဝန်ကို ထမ်းဆောင်ခဲ့သူဖြစ်သည်။

**(ဆင်ဟွာ)**

# အီရန်သမ္မတရိုဟာနီ၏ညီကို တရားစီရင်ရေးအဖွဲ့က ငွေကြေးဆိုင်ရာ စွဲချက်များဖြင့် ဖမ်းဆီးထိန်းသိမ်း

**တီဟီရန် ဇူလိုင် ၁၇**

အီရန်နိုင်ငံသမ္မတဟာဆန်ရိုဟာနီ၏ ညီငယ်ဖြစ်သူ ဟူစိန်ဖာ်ရီဒွန်းကို အီရန်နိုင်ငံ တရားစီရင်ရေးအဖွဲ့က ငွေကြေးဆိုင်ရာ စွဲချက်များဖြင့် ဖမ်းဆီးထိန်းသိမ်းထားကြောင်း ယမန်နေ့က အတည်ပြုပြောကြားခဲ့သည်။

သမ္မတ၏ ထိပ်တန်းလက်ထောက်တစ်ဦးဖြစ်သော ဖာရီဒွန်းသည် တရားစီရင်ရေးအဖွဲ့က ချမှတ်ထားသော အာမခံငွေအား ပေးသွင်းရန် ပျက်ကွက်သည့်အတွက် အကျဉ်းချခံထားရခြင်းဖြစ်ကြောင်း ဒုတိယတရားသူကြီးချုပ် ဂိုလန်ဟူစိန်မို ဆန်နီအီဂျေဂျေက ပြောခဲ့သည်။

ဖာရီဒွန်းကို တရားစွဲဆိုခြင်းမပြုမီ သေချာစွာ စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်း အီဂျေဂျေကပြောကြားခဲ့သော်လည်း တရားစွဲဆိုမှုနှင့် ပတ်သက်၍ အသေးစိတ် အချက်အလက်များကို ထုတ်ပြန်ခဲ့ခြင်းမရှိကြောင်း သိရသည်။

ဖာရီဒွန်းအနေဖြင့် အာမခံကြေးပေးဆောင်ပါက ၎င်းကို ပြန်လွှတ်ပေးမည်ဖြစ် ကြောင်း အီဂျေဂျေက ပြောခဲ့သည်။ အခြားသူများကိုလည်း အဆိုပါကိစ္စနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဖာရီဒွန်းသည် ၂၀၁၅ခုနှစ်က နျူကလီးယားဆွေးနွေးပွဲတွင် ပါဝင်ခဲ့သူတစ်ဦးဖြစ်ကာ ယခုကဲ့သို့ ၎င်းအပေါ် စွဲချက်တင်မှုများသည် နိုင်ငံရေးအရ လှုံ့ဆော်မှုလောဟု ရိုဟာနီထောက်ခံသူများက စောကြောလျက်ရှိသည်။

**(ဆင်ဟွာ)**

# အရီဇိုးနားသဘာဝရေအိုင်၌ ရုတ်တရက် မိုးရွာသွန်းမှုကြောင့် ရှစ်ဦးထက်မနည်းသေဆုံး

**လော့အိန်ဂျလိစ် ဇူလိုင် ၁၇**

အမေရိကန်အနောက်ပိုင်း အရီဇိုးနားပြည်နယ် ပေးဆန်းရှိ သဘာဝရေအိုင်၌ ရုတ်တရက်မိုးသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ လူရှစ်ဦးထက်မနည်းသေဆုံးခဲ့ကြောင်း ဒေသတွင်းမီဒီယာတွင် မကြာသေးမီက ဖော်ပြခဲ့သည်။

အရီဇိုးနားပြည်နယ် ဒေသတွင်းရှိ အင်တာနက်စာမျက်နှာတွင် သေဆုံးသူအနည်းဆုံး ရှစ်ဦးရှိခဲ့ကြောင်း၊ ပျောက်ဆုံးသူနှစ်ဦးမှာလည်း သေဆုံးသွားပြီဟု ယူဆရကြောင်း ဖော်ပြထားသည်။

ရုတ်တရက်ရေကြီးရေလျှံမှုဖြစ်ပွားချိန်တွင် အဆိုပါနေရာ၌ လူ ၁၄ ဦး ရေကူးနေကြောင်း ၎င်းတို့မှာ ရေအရှိန်ဖြင့်မျောပါသွားကြောင်း သေဆုံးသူများထဲတွင် အသက်နှစ်နှစ်မှ အသက်ခြောက်ဆယ်နှစ်အထိပါဝင်ကြောင်း ဂီလာစီရင်စု ရှာရစ်ရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များက ကလေးငယ်တစ်ဦးပွေ့ချီထားသည့် လူကြီးတစ်ဦးအပါအဝင် လူလေးဦးကို သဘာဝရေကူးကန်၏ တောင်ဘက်အရပ်တွင် ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ ကယ်ဆယ်ရေးသမားများသည် ပျောက်ဆုံးနေသူနှစ်ဦးကို ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

# လေ့ကျင့်ရေးနည်းပြများအား သတ်ခဲ့သည့် တပ်ဖွဲ့ဝင်တစ်ဦးကို ဂျော်ဒန်တရားရုံးက ထောင်ဒဏ်တစ်သက်တစ်ကျွန်းချ

**ဘေရွတ် ဇူလိုင် ၁၇**

ပြီးခဲ့သည့်နှစ်က လေတပ်အခြေစိုက်စခန်းတစ်ခု၏ ဂိတ်ပေါက်တွင် အမေရိကန်တပ်မတော်လေ့ကျင့်ရေးနည်းပြသုံးဦးအား သတ်ဖြတ်ခဲ့သည့် တပ်ဖွဲ့ဝင်တစ်ဦးကို ဂျော်ဒန်တပ်မတော်တရားရုံးက တနင်္လာနေ့က အလုပ်ကြမ်းနှင့် ထောင်ဒဏ်တစ်သက်တစ်ကျွန်းချမှတ်လိုက်ကြောင်း တရားရုံးဆိုင်ရာသတင်းရင်းမြစ်များအရ သိရသည်။

ပြစ်မှုကျူးလွန်သူတပ်ဖွဲ့ဝင်ကို ကြိုတင်ကြံစည်သတ်ဖြတ်မှုဖြင့်ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး ၎င်းသည်အပြစ်မှလွတ်မြောက်ခွင့်ရရှိရန် အသနားခံခဲ့ကြောင်း သတင်းရင်းမြစ်များက ဆိုသည်။ ပြီးခဲ့သည့်နိုဝင်ဘာလအတွင်းကဖြစ်ပွားခဲ့သည့် အဆိုပါဖြစ်ရပ်သည် အမေရိကန်နှင့်အရှေ့အလယ်ပိုင်းဒေသမဟာမိတ်များအကြား တင်းမာမှုများ ပေါက်ဖွားလာစေခဲ့သည်။ အမေရိကန်မှလေ့ကျင့်ရေးနည်းပြသုံးဦးသည် လေတပ်အခြေစိုက်စခန်း ဂိတ်ပေါက်ဝ၌ ကားကိုရပ်တန့်ခဲ့ခြင်းမရှိသည့် တပ်ဖွဲ့ဝင်တစ်ဦးက သေနတ်ဖြင့်အသေပစ်ခတ်ခြင်းကိုခံခဲ့ရကြောင်း မူလက ဂျော်ဒန်အာဏာပိုင်များက ပြောခဲ့သည်။

အမေရိကန်က အဆိုပါစွပ်စွဲမှုမှာ မှားယွင်းကြောင်း ငြင်းဆိုခဲ့ပြီး အမေရိကန်အနေဖြင့် သတ်ဖြတ်မှုများအတွက် ဥပဒေအရ အရေးယူဆောင်ရွက်မှုများကို မဖြစ်မနေပြုလုပ်ရမည်သာဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်နှင့် မဟာမိတ်နိုင်ငံတစ်ခုဖြစ်သည့် ဂျော်ဒန်သည် အမေရိကန် F-16 တိုက်ခိုက်ရေးရဟတ်ယာဉ်များ ချထားမှုအပါအဝင် စစ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များတွင် အမေရိကန် ကန်ထရိုက်တာများစွာကို လက်ခံခဲ့သည်။

၎င်းတို့သည် အိမ်နီးချင်းဖြစ်သည့် ဆီးရီးယားနိုင်ငံနှင့် နိုင်ငံနယ်စပ်ကို ကာကွယ်ရာတွင် အိုင်အက်စ်စစ်သွေးကြွများ ရှိရာနေရာများကို ထိမှန်စေရန်အတွက် ဂျော်ဒန်လေယာဉ်ကွင်းများကို အသုံးပြုခဲ့ကြသည်။

**(ရိုက်တာ)**



# အသေခံဗုံးခွဲမှုကြောင့် အပြစ်မဲ့ပြည်သူများသေဆုံးမှု အလွန်များပြားလာနေပြီဖြစ်ကြောင်း ကုလသတိပေး

**ကဘူးလ် ဇူလိုင် ၁၇**

၂၀၁၇ ခုနှစ်၏ ပထမခြောက်လတာအတွင်း စစ်ပွဲတွင်ပါဝင်ခြင်းမရှိသည့် အရပ်သားပြည်သူ ၅၀၀၀ကျော်အပြစ်မဲ့သေဆုံးခဲ့ရပြီးနောက်တွင် အရပ်သားများကိုတိုက်ခိုက်နေမှုများ ထိန်းချုပ်ကြရန် ကုလသမဂ္ဂက အာဖဂန်နစ္စတန်ရှိ စစ်သွေးကြွအုပ်စုများအား တနင်္လာနေ့က တိုက်တွန်းခဲ့ကြောင်း သိရသည်။

အာဖဂန်၌ ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် နှစ်တစ်နှစ်၏ ပထမနှစ်ဝက်အတွင်းမှာပင် အရပ်သား ၁၆၆၂ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၃၅၈၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်က ဖြစ်ပွားခဲ့သည့် စစ်ပွဲကာလအတွင်း အရပ်သားသေဆုံးမှုအရေအတွက်နှင့် ထပ်တူပင်ဖြစ်ကြောင်း ကုလသမဂ္ဂစုံစမ်းစစ်ဆေးရေးအဖွဲ့များက ပြောကြားခဲ့ကြောင်း တနင်္လာနေ့က သတင်းတွင် ဖော်ပြခဲ့သည်။

အသေခံဗုံးခွဲမှုများကြောင့်ဖြစ်ပွားရသည့် သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုများမှာ၁၅ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။ အရပ်သားများသေဆုံးမှု ၄၀ ရာခိုင်နှုန်းမှာ အစိုးရကိုဆန့်ကျင်သည့်အုပ်စုများက အသုံးပြုခဲ့သည့် ဖောက်ခွဲပစ္စည်းများကြောင့်ဖြစ်ကြောင်း ကုလသမဂ္ဂအဖွဲ့က ဖော်ပြသည်။ ယခုနှစ်အတွက် အရပ်သားသေဆုံးမှုများ၏ ၂၀ ရာခိုင်နှုန်းခန့်သည် ကဘူးလ်၌ သေဆုံးခဲ့ခြင်းဖြစ်သည်။ **(ရိုက်တာ)**



# ရှို့မီးဟုယူဆရသည့် မီးလောင်မှုကြောင့် လူနှစ်ဆယ်ကျော်သေဆုံး

**ပေကျင်း ဇူလိုင် ၁၇**

တရုတ်နိုင်ငံအရှေ့ပိုင်းရှိ စားသောက်ဆိုင်အလုပ်သမားများ အိပ်စက်သည့် အိပ်ဆောင်တစ်ခု၌ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ လူ ၂၂ ဦးသေဆုံးပြီး သုံးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံအရှေ့ပိုင်း ချန်ရှုမြို့အတွင်း၌ တနင်္ဂနွေနံနက်ပိုင်းက မီးလောင်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီးနောက် တစ်နာရီအကြာတွင် မီးတောက်များကို ငြိမ်းသတ်နိုင်ခဲ့ကြောင်း နိုင်ငံပိုင်ဆင်ဟွာသတင်းအေဂျင်စီက ဖော်ပြထားသည်။

အိပ်ဆောင်မီးလောင်ကျွမ်းနေချိန်တွင် အိပ်ဆောင်အပြင်ဘက်ရှိပြတင်းတံခါးများအားလုံးလော့ကျနေခြင်းက အလုပ်သမားများကို ထွက်ပြေးလွတ်မြောက်ခြင်းငှာ မစွမ်းနိုင်ဘဲ မီးလောင်သေဆုံးစေခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ အဆိုပါ အခင်းဖြစ်ပွားခဲ့သည့်နေရာ၌ ဓာတ်ဆီများရှိခဲ့သည့် သဲလွန်စများကိုလည်း တွေ့ရှိရသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

လုံခြုံရေးကင်မရာကို စစ်ဆေးမှုပြုလုပ်ပြီးနောက် ရဲတပ်ဖွဲ့သည်သံသယဖြစ်ဖွယ် အသက် ၄၁ နှစ်ရှိ ဒေသခံတစ်ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။ **(အင်န်အိတ်ခ်ျကေ)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့တွင်း လှည့်လည်ကြည့်ရှုပြီး ပြည်သူများနှင့်တွေ့ဆုံ

**စစ်တွေ ဇူလိုင် ၁၇**
ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့ ညနေပိုင်းတွင် စစ်တွေမြို့တွင်းသို့ လှည့်လည်ကြည့်ရှုပြီး ပြည်သူများနှင့် တွေ့ဆုံရာ ရပ်ကွက်နေပြည်သူများက မိမိတို့ရပ်ကွက်၏ လိုအပ်ချက်များကို တင်ပြတောင်းဆိုကြကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ညနေ ၅ နာရီ ၁၀ မိနစ်က မကျည်းမြိုင်ရပ်ကွက်သို့ ရောက်ရှိလာရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက ရပ်ကွက်အတွက်သာမက ပြည်နယ်မြို့တော် စစ်တွေအတွက်ပါ အရေးကြီးသော မကျည်းမြိုင်ရွာလယ်လမ်း (ကျောင်းကြီးလမ်း) ကို ကွန်ကရစ်လမ်းအဖြစ် ပြုလုပ်ပေးရေးတောင်းဆိုကြသည်။

အဆိုပါလမ်းသည် စစ်တွေမြို့ကို အရှေ့အနောက် သွယ်တန်းဖောက်လုပ်ထားသော အဓိက လမ်းမသုံးသွယ်အနက် တစ်ခုအပါအဝင်ဖြစ်ပြီး ရခိုင်ပြည်နယ် ဗုဒ္ဓပြတိုက်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလူငယ်သင်တန်းကျောင်း၊ မကျည်းမြိုင် အထက(ခွဲ)နှင့် ဌာနဆိုင်ရာရုံးများတည်ရှိသည်။ ထိုလမ်းကို ဖောက်လုပ်ပေးခြင်းအားဖြင့် အရေးပေါ်အခြေအနေများ ပေါ်ပေါက်လာပါက အလွယ်တကူ သွားလာနိုင်ကြောင်း၊ ယာဉ်ကြောပိတ်ဆို့မှုများကိုလည်း ပြေလျော့သွားမည်ဖြစ်ကြောင်း ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

“ဒီလမ်းက စစ်တွေမြို့အတွက် အဓိကအရေးပါတဲ့ လမ်းတစ်ခုပါ။ အရှေ့အနောက်ကို ဖောက်လုပ်ထားတဲ့ လမ်းသုံးလမ်းထဲက တစ်လမ်းဖြစ်ပါတယ်။ ဒီလမ်းမှာ ဗုဒ္ဓပြတိုက်၊ လူငယ်သင်တန်းကျောင်း၊ အထက(ခွဲ)နဲ့ ဌာနဆိုင်ရာရုံးတွေ ရှိပါတယ်။ မီးဘေး၊ သဘာဝဘေးနဲ့ အခြားအရေးပေါ် အခြေအနေတွေ ပေါ်ပေါက်လာရင် ဒီလမ်းကောင်းမွန်နေပါက ပြည်သူတွေ လွယ်လွယ်ကူကူသုံးနိုင်မှာဖြစ်သလို မေယုလမ်းမှာ ကြုံတွေ့နေရတဲ့ ယာဉ်ကြောပိတ်ဆို့မှုတွေကိုလည်း ဖြေလျှော့ပေးနိုင်မှာပါ။ ခုစစ်တွေမှာ ကားတွေ ဆိုင်ကယ်တွေကလည်း တစ်နေ့ထက်တစ်နေ့များလာပါပြီ။ ဒါကြောင့် ကျွန်တော်တို့က ပြည်နယ်ဝန်ကြီးချုပ်ကို ဒီလမ်းကို ကွန်ကရစ်လမ်းဖောက်ပေးဖို့တင်ပြရတာပါ”ဟု မကျည်းမြိုင်ရပ်ကွက် ရပ်မိရပ်ဖ ဦးစိန်သာဦးက ပြောသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဇူလိုင် ၁၅ ရက်က စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ စစ်တွေခရိုင် စစ်တွေမြို့နယ်နှင့် ရပ်ကွက်များမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲမှ ပြည်သူများ တင်ပြထားချက်များကို လှည့်လည်ကြည့်ရှုခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-ကိုကြီးစော**
**ဓာတ်ပုံ-ညေစော**


ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့ စစ်တွေမြို့ မကျည်းမြိုင်ရပ်ကွက်၌ ကြည့်ရှုစစ်ဆေးစဉ်

# အာဆီယံ + ၃ ဂျူနီယာသိပ္ပံခရီးစွန့်ဦးတီထွင်ပြိုင်ပွဲတွင် မောင်တောခရိုင်မှ ဘက်စုံထူးချွန်လူငယ် ထက်အောင်ဘုန်းမြတ် ဆုတံဆိပ်နှစ်ခုဆွတ်ခူး

**နေပြည်တော် ဇူလိုင် ၁၇**
ဗီယက်နမ်နိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ကြီးမှူး၍ ဟန္နွိုင်းမြို့တွင် ဇူလိုင် ၁၀ ရက်မှ ၁၅ ရက်အထိ ကျင်းပခဲ့သော (၆) ကြိမ်မြောက် အာဆီယံ + ၃ ဂျူနီယာသိပ္ပံခရီး စွန့်ဦးတီထွင်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ပထမဦးဆုံးအကြိမ်သွားရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမဆု ရွှေတံဆိပ်သုံးဆု၊ ဒုတိယ ငွေတံဆိပ်တစ်ခုနှင့် တတိယကြေးတံဆိပ်လေးခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

နှစ် (၅၀) မြောက် အာဆီယံထူထောင်ခြင်း အထိမ်းအမှတ်အနေဖြင့် ဇူလိုင် ၁၀ ရက်မှ ၁၅ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟန္နွိုင်းမြို့၌ ကျင်းပသည့် (၆) ကြိမ်မြောက် အာဆီယံ+၃ ဂျူနီယာသိပ္ပံခရီးစွန့်ဦးတီထွင်ပြိုင်ပွဲ (The 6th Adean Plus Three Junior Science Odyssey- (APTJSO) 2017 ကို Renewable Energy For Life ဟူသော ဆောင်ပုဒ်ဖြင့် ကျင်းပရာ အာဆီယံ ၁၀ နိုင်ငံအပြင် တရုတ်၊ ထိုင်ဝမ်၊ တောင်ကိုရီးယားနှင့် ဆွီဒင်နိုင်ငံများမှ အသက် ၁၃ နှစ်မှ ၁၅ အတွင်းရှိ ကျောင်းသား ကျောင်းသူ ၈၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ပြီးဆုများရရှိခဲ့သူ မောင်တောခရိုင်ကိုယ်စားပြု ၂၀၁၇ ဘက်စုံထူးချွန်လူငယ် မောင်ထက်အောင်ဘုန်းမြတ်က “ကျွန်တော်တို့ ပထမနေ့မှာ ကိုယ့်နိုင်ငံကိုယ်စားပြုအသင်းကလုပ်ထားတဲ့ ပိုစတာတွေကို Presentation ပြန်လုပ်ရတယ်။ နောက်နေ့ကျတော့ Lab Skills ပြိုင်ရတယ်။ အဲဒီမှာ Physics,Chemisty, Bio Lab Skills သုံးခုကို ယှဉ်ပြိုင်ရပါတယ်။ ကျွန်တော်က Lab Skills မှာ တတိယဆုနှစ်ခုရခဲ့တာပါ။ နောက်တစ်နေ့မှာတော့ Project Skills တွေပြိုင်ရပါတယ်။ ဇူလိုင် ၁၄ ရက်မှာတော့ ယဉ်ကျေးမှုဖလှယ်တဲ့အနေနဲ့ ဖျော်ဖြေရေး အစီအစဉ်တွေပဲ လုပ်ပါတယ်။ အာဆီယံ ၁၀ နိုင်ငံအပါဝင် ၁၂ နိုင်ငံက တစ်နိုင်ငံကို နှစ်သင်းစီပါဝင် ယှဉ်ပြိုင်ပါတယ်။ ဗီယက်နမ်နဲ့ တရုတ်ကတော့ လေးသင်းစီပြိုင်ပါတယ်။ ၁၃ နိုင်ငံရှိတာမှာတော့ စင်ကာပူကတော့ လာပြီးတော့ မယှဉ်ပြိုင်ပါဘူး။ ပြိုင်ပွဲတွေမှာတော့ မြန်မာနိုင်ငံကိုယ်စားပြု အသင်းနှစ်သင်းကနေပြီး ပိုစတာနဲ့ Lab Skills ပြိုင်ပွဲတွေမှာ ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်တစ်ခုနဲ့ ကြေးတံဆိပ်လေးခု စုစုပေါင်း ရှစ်ခု ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ပြိုင်ပွဲသွားပြိုင်ရတဲ့ အတွေ့အကြုံကတော့ မပြိုင်ခင်မှာ တော်တော်ခက်ခဲတယ်။ ပိုစတာတွေ အများကြီးဆွဲရတယ်။ နိုင်ငံပေါင်းစုံနဲ့ သွားပြိုင်ရတာဆိုတော့ အများကြီး ကြိုးစားရတယ်။ Lab Skills မှာဆိုရင်လည်း အများကြီး လေ့လာရတယ်။ နိုင်ငံပေါင်းစုံက ကျောင်းသားတွေနဲ့ ဝင်ပြိုင်ရတာဆိုတော့ ပျော်ဖို့လည်းကောင်းပါတယ်”ဟု ပြောပြသည်။



အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ အုပ်ချုပ်သူများအဖြစ် ပညာရေးဝန်ကြီးဌာနမှ ဒေါက်တာမိုးသူနှင့် ဒေါက်တာသန်းထိုက်စိုးတို့ ဦးဆောင်သော ရခိုင်ပြည်နယ် မောင်တောခရိုင်ကိုယ်စားပြု ဘက်စုံထူးချွန်လူငယ် ၂၀၁၇ မောင်ထက်အောင်ဘုန်းမြတ်အပါအဝင် ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့က ပထမဦးဆုံးအကြိမ် သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုများဆွတ်ခူးကာ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုပြိုင်ပွဲတွင် ဆုတံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့သော မောင်တောမြို့ ခရိုင်ကိုယ်စားပြု ဘက်စုံထူးချွန်လူငယ် မောင်ထက်အောင်ဘုန်းမြတ်မှာ ပထမတန်းမှ အဋ္ဌမတန်းအထိ ကျီးကန်းပြင်(အထကခွဲ)တွင် ပညာသင်ကြားခဲ့ပြီး ယခုအခါ တောင်ကုတ်မြို့ အထက(၁)၌ နဝမတန်းတွင် တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**သတင်း - ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ - သီဟစည်သူ**

# မောင်တောမြို့နယ် ကျေးရွာများမှ လယ်သမားများသို့ မျိုးစပါးနှင့် ဓာတ်မြေသြဇာပေးအပ်

**မောင်တော ဇူလိုင် ၁၇**
ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မောင်တောမြို့နယ် ကျေးရွာများသို့ မျိုးစပါးနှင့် ဓာတ်မြေသြဇာ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မောင်တောမြို့နယ် ၄ မိုင်ရပ်ကွက်ရှိ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးရဲထွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။




“ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ မောင်တောမြို့နယ်မှာရှိတဲ့ လယ်သမားတွေ ၂၀၁၇-၂၀၁၈ မိုးရာသီကာလအတွင်း အချိန်မီ စပါးစိုက်ပျိုးသွားနိုင်ဖို့အတွက် အကြိမ်ကြိမ် မြေပြင်စာရင်းကောက်ယူပြီး မျိုးစပါးနဲ့ ဓာတ်မြေသြဇာတွေကို ထောက်ပံ့ပေးအပ်ခြင်းဖြစ်ပါတယ်” ဟု မြို့နယ်ဦးစီးမှူး ဦးသိန်းဝေက ပြောသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွင်နှင့် တာဝန်ရှိသူများက ကျေးရွာအုပ်ချုပ်ရေးမှူးများသို့ မျိုးစပါးနှင့် ဓာတ်မြေသြဇာအိတ်များ အသီးသီးပေးအပ်ကြသည်။ (ဓာတ်ပုံ)

အခမ်းအနားတွင် ကျေးရွာပေါင်း ၁၆ ရွာမှ လယ်သမားများအတွက် မျိုးစပါး ၁၆၉၉ တင်း၊ ယူရီးယား ၂၉၆ အိတ်နှင့် ကွန်ပေါင်းဓာတ်မြေသြဇာအိတ် ၁၀၀ ပေးအပ်ခဲ့ကြောင်း၊ ယင်းတို့တွင် ပြည်မြို့နယ် ဆန်စက်ပိုင်ရှင်များအသင်းမှ လာရောက်ပေးအပ်သော မျိုးစပါး တင်း ၉၀၀ လည်း ပါဝင်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ အောင်ကျော်ဦး**
**ဓာတ်ပုံ - သက္က**



## အဖျောက်၌ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်နှင့် ပြည်သူ့ပန်းခြံဖွင့်

**အဖျောက် ဇူလိုင် ၁၇**
ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အဖျောက်မြို့တွင် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်နှင့် ပြည်သူ့ပန်းခြံကို ဇူလိုင် ၁၆ ရက်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါဖွင့်ပွဲအခမ်းအနားကို တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များ၊ အဖွဲ့အစည်းပေါင်းစုံမှ ကိုယ်စားလှယ်များ၊ အဖျောက်မြို့သူ မြို့သားများ၊ ကျောင်းသားကျောင်းသူများနှင့် ဗိုလ်ချုပ်အားချစ်ခင်လေးစားကြည်ညိုကြသော ရပ်ဝေးရပ်နီးမှပြည်သူများဖြင့် စည်းကားသိုက်မြိုက်စွာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဗိုလ်ချုပ်ကြေးရုပ်နှင့် ပြည်သူ့ပန်းခြံကို အဖျောက်မြို့သူ မြို့သားများ စုပေါင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်သန်းထွန်း(နတ်မောက်)**

## ငါးခူရရဲစခန်းအား အကြမ်းဖက်စီးနင်းတိုက်ခိုက်ခဲ့သူ တရားခံပြေးနှစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၇**
မောင်တောမြို့နယ်တွင် ၂၀၁၆ ခုနှစ်က ငါးခူရရဲစခန်းအား အကြမ်းဖက်စီးနင်းတိုက်ခိုက်ခဲ့မှုဖြစ်စဉ်တွင် ပါဝင်ခဲ့သူတရားခံပြေးနှစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။ ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၆ ရက်က မောင်တောမြို့နယ် ဦးရှည်ကျကျေးရွာအတွင်း လှည့်ကင်းဆောင်ရွက်စဉ် ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်း ငါးခူရနယ်မြေရဲစခန်းအား အကြမ်းဖက်စီးနင်းတိုက်ခိုက်ခဲ့မှုဖြစ်စဉ်တွင် ပါဝင်ခဲ့သူ တရားခံပြေးများဖြစ်သည့် မာမောက်ရော်ရှီ (၄၂နှစ်)နှင့် အာယုပ် (၃၃နှစ်)တို့ နှစ်ဦးအား ဖမ်းဆီးရမိခဲ့သဖြင့် ငါးခူရနယ်မြေစခန်း၌ အမှုဖွင့်ပြီး စစ်ဆေးလျက်ရှိကြောင်း သိရသည်။
**(သတင်းစဉ်)**

# စားသုံးရန်မသင့်သောအစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသောအစားအသောက်များကို အများပြည်သူတို့စားသုံးနိုင်ရန် စဉ်ဆက်မပြတ်စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကို ဈေးများ၊ ကျောင်းမုန့်ဈေးတန်းများမှ ဝယ်ယူစစ်ဆေးရာ အောက်ဖော်ပြပါအစားအသောက်များ၌ ခွင့်မပြုဆိုးဆေးများပါဝင်ခြင်းတို့ကြောင့် စားသုံးရန်မသင့်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အစားအသောက်ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသူများသည် အစားအသောက်တွင် သုံးစွဲရန်ခွင့်မပြုသောဆိုးဆေးများကို လုံးဝအသုံးမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၂၈(က)အရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

### အမှတ်တံဆိပ်နှင့် အစားအသောက်အမျိုးအစားများ

| စဉ် | အစားအသောက်အမည် | အမှတ်တံဆိပ် | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | အာနီလျှာနီပြား | မပါ | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၂။ | ဘောလုံးပုံသကြားလုံး | မပါ | Auramine O (ခွင့်မပြုဆိုးဆေး) |
| ၃။ | တုတ်ထိုးသကြားလုံး | မပါ (ပူဖောင်းပါ) | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၄။ | ဖော့ချောင်းဝေဖာ | မပါ | Rhodamine B(ခွင့်မပြုဆိုးဆေး) |
| ၅။ | ရေခဲမုန့်ခွက်ဝေဖာ (ပန်းရောင်) | မပါ | Rhodamine B(ခွင့်မပြုဆိုးဆေး) |
| ၆။ | တုတ်ထိုးချိုချဉ် (အနီရောင်) | မပါ | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၇။ | တုတ်ထိုးချိုချဉ်(အဝိုင်း) | မပါ | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၈။ | ဝေဖာလုံး(ရောင်စုံ) | မပါ | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၉။ | ရောင်စုံဝေဖာလုံး | မပါ (တရုတ်စာတန်းပါ) | Rhodamine B(ခွင့်မပြုဆိုးဆေး) |
| ၁၀။ | မလိုင်ခဲ(ရောင်စုံ) | ရုပ်ပုံပါ | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၁၁။ | မန်ကျည်းပြား | ရုပ်ပုံပါ | Orange II (ခွင့်မပြုဆိုးဆေး) |

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

### စားသုံးရန်မသင့်သော အစားအသောက်နမူနာများ



အမှတ်တံဆိပ်မပါ ဘောလုံးပုံ သကြားလုံး



အမှတ်တံဆိပ်မပါ ဖော့ချောင်းဝေဖာ



အမှတ်တံဆိပ်မပါ တုတ်ထိုးချိုချဉ်(အနီရောင်)



အမှတ်တံဆိပ်မပါ ရောင်စုံမလိုင်ခဲ(ရုပ်ပုံပါ)

# မြင်းဘက်ရပ်ကွက် ခရစ်ယာန်ဘုရားကျောင်းဝိုင်းအတွင်း စစ်ကျန်ဗုံးသီးဟောင်းတွေ့ရှိ

**ပျော်ဘွယ် ဇူလိုင် ၁၇**

ပျော်ဘွယ်မြို့ မြင်းဘက်ရပ်ကွက် ခရစ်ယာန်ဘုရားကျောင်းဝိုင်းအတွင်းရှိ အုတ်ရေလှောင်ကန်အား အမိုးအကာပြုလုပ်ရန် ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီခန့်



တွင် ဖောင်ဒေးရှင်းလိုင်းတူးရာ သံပိုက်လုံးအား ပေါက်ပြားဖြင့် ထိခိုက်မိပြီး ၎င်းသံပိုက်မှ မီးခိုးများထွက်ရှိလာသဖြင့် မြို့မရဲစခန်းသို့ အကြောင်းကြားခဲ့မှုကြောင့် စခန်းမှူး ဒုရဲမှူးတင်မောင်အေးနှင့်တပ်ဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးပြီး စစ်ကျန်ဗုံးဟုယူဆကာ မိတ္ထီလာတပ်နယ်မှ စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းသို့ စစ်ဆေးပေးနိုင်ရန် အကြောင်းကြားခဲ့သည်။

ဆက်လက်၍ မိတ္ထီလာတပ်နယ် စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှ ဗိုလ်ကြီးအောင်နိုင်စိုး ဦးဆောင်သည့် တပ်ဖွဲ့ဝင် များသည် အဆိုပါဗုံးကို တူးဖော်ရာ ဗုံးသီးအရှည် ၂၃ လက်မ၊ အချင်း တစ်လက်မခွဲ၊ ထိပ်ဖူးအရှည် ခုနစ်လက်မ၊ အချင်း ငါးလက်မရှိ စစ်ကျန်ဗုံးသီးအားတွေ့ရှိခဲ့ပြီး စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်းသို့ စနစ်တကျ သယ်ဆောင်သွားခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

# ကလေးသူငယ်များကာကွယ်စောင့်ရှောက်ရေးနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေး ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်

**မြိတ် ဇူလိုင် ၁၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေး ငြိမ်းချမ်းစွာစုဝေးစီတန်းလှည့်လည်ဆန္ဒဖော်ထုတ်ပွဲကို ဇူလိုင် ၁၆ ရက် နံနက် ၈ နာရီခွဲက ကျင်းပခဲ့ရာ ဦးဆောင်ပြုလုပ်သူ ဒေါ်ရှင်ဌေး၊ ဦးသိန်းခိုင်ဦးနှင့် အမေ့အိမ်နှင့် အမေ့မေတ္တာစာသင်ဝိုင်းမှ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ၊ စိတ်ပါဝင်စားသူများ၊ လမ်းပရဟိတအဖွဲ့ဝင်များ၊ မြိတ်ခရိုင်တက္ကသိုလ်များသမဂ္ဂအဖွဲ့ဝင်များက ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ဆန္ဒထုတ်ဖော်ရာတွင် ကလွင်ကျေးရွာအုပ်စု တောရကျောင်းရပ်ကွက် မြိတ်ဂေါက်ကွင်းလမ်းဆုံလမ်းမမှ မြိတ်တောင်ကျေးရွာဘောလုံးကွင်းသို့လည်းကောင်း၊ မြိတ်တောင်နယ်မြေမြို့သစ်(၅)ရပ်ကွက် ဦးမြတ်လေးလမ်း မြိတ်တောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့မှ မြိတ်တောင်ကျေးရွာဘောလုံးကွင်းသို့ လည်းကောင်း စုရပ်(၂)ခုမှ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ ကလေးငယ်များ၏ မသိနားမလည်မှုအား အနိုင်ကျင့်အကြမ်းဖက်မှုမရှိရေး စသောပိုစတာများကိုင်ဆောင်၍ ကြွေးကြော်သံများဖြင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

**ခိုင်ထူး (ပြန်/ဆက် )**

# ရေလုပ်သားများ ငြိမ်းချမ်းစွာ စုဝေး၊ စီတန်းလှည့်လည် ဆန္ဒဖော်ထုတ်

**ဇလွန် ဇူလိုင် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ရေလုပ်သားများငြိမ်းချမ်းစွာ စုဝေး၊ စီတန်းလှည့်လည် ဆန္ဒဖော်ထုတ်ခြင်းကို ဇလွန်မြို့နယ် ကမ်းနားရပ်ကွက်နေ ဦးမြရွှေ ဦးဆောင်၍ အင်အား ၇၀ ခန့်သည် ဇူလိုင် ၁၇ ရက် နံနက် ၁၁ နာရီတွင် ကမ်းနားတာကုန်း ဦးမြရွှေအိမ်ရှေ့မှ စတင်၍ ဆန္ဒဖော်ထုတ်ခဲ့သည်။



ယင်းသို့ ဆန္ဒဖော်ထုတ်ရာတွင် အနီရောင်ပေါ်တွင် အဖြူရောင်စာလုံးဖြင့် ရေးသားထားသော စာသားပါဗီနိုင်းပိုစတာတို့အားကိုင်ဆောင်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ရုံးရှေ့တွင် လည်းကောင်း၊ ယင်းနောက် ဗိုလ်ချုပ်လမ်းတစ်လျှောက် စီတန်းလှည့်လည်ပြီး ဘုရားကြီးလမ်းဆုံမှ အဒါးလမ်းအတွင်းရှိ ငါးလုပ်ငန်းရုံးရှေ့တွင် လည်းကောင်း၊ ညောင်ပင်ဈေးရပ်ကွက်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးရှေ့တွင် လည်းကောင်း ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခဲ့ပြီး မွန်းလွဲ ၂ နာရီတွင် နေရပ်သို့ အသီးသီးပြန်လည်ထွက်ခွာသွားကြသည်။

**ငွေသန်း(ပြန် /ဆက်)**

■ *ကျောဖုံးမှ*

အဆိုပါ ကမ္ဘာလှည့်ခရီးသည် မော်တော်ယာဉ်တန်းသည် ယနေ့နေ့လယ်ပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိပြီး လွှတ်တော်အဆောက်အအုံများသို့သွားရောက်၍ လွှတ်တော်အခင်းအကျင်းနှင့် ဗိသုကာလက်ရာများကို လေ့လာခဲ့ကြသည်။ ၎င်းအဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော်ရှိ Hilton Hotel သို့ ရောက်ရှိရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်သန်းဝင်းနှင့် တာဝန်ရှိသူများက တွေ့ဆုံ၍ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် မြန်မာနိုင်ငံသည် သမိုင်းအစဉ်အလာကြီးမားသော နိုင်ငံတစ်ခုဖြစ်ကာ သာယာလှပပြီး တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းယဉ်ကျေးမှုအနုပညာလက်ရာများ၊ သဘာဝအရင်းအမြစ်များပိုင်ဆိုင်ထားသော နိုင်ငံတစ်ခုဖြစ်သည့်အပြင် မြန်မာလူမျိုးများ၏ အလွန်ဧည့်ဝတ်ပျူငှာဖော်ရွေမှုများကို ခရီးစဉ်တစ်လျှောက် သိမြင်ခံစားခဲ့ရပါကြောင်းဖြင့် ခရီးသွားဧည့်သည်များက မှတ်ချက်ပြုပြောကြားခဲ့ကြသည်။

အဆိုပါ ဧည့်သည်များသည် ဇူလိုင် ၁၈ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ ပြန်လည်ထွက်ခွာပြီး ကျိုက်ထီးရိုးနှင့် မြဝတီမြို့များသို့ လှည့်လည်လေ့လာကြပြီးနောက် ဇူလိုင် ၁၉ ရက်တွင် မြဝတီမြို့ ချစ်ကြည်ရေး တံတားမှတစ်ဆင့် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၇**

တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်မှ စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၁၆ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၆ စီး၊ သွင်းကုန် ၆၂၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၄ စီး၊ သွင်းကုန် ၁၄၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၆ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈ ဒသမ ၉ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ ဒသမ ၄၅၉ သန်းခန့် စုစုပေါင်းတားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆ ဒသမ ၃၅၉ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

အလားတူ ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၁၅ ရက်၌ မန္တလေးမှ မူဆယ်သို့ သွားရောက်မည့် နီဆန်းဒီဇယ် ၁၂ ဘီးယာဉ်အား ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း တာဝန်ကျအကောက်ခွန်စစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ ယာဉ်နောက်ခန်းတွင် တာယာအဟောင်းများ ဖုံးအုပ်လျက် အံဝှက်ပြုလုပ်ထားသော ကြမ်းခင်းအတွင်း၌ သိုဝှက်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းတုံးဆိုက်စုံ ၃၆၆၈ ကီလိုဂရမ်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄ ဒသမ ၆၇၂ သန်းခန့်အားတွေ့ရှိ၍ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော ကျောက်စိမ်းတုံးဆိုက်စုံ ၃၆၆၈ ကီလိုဂရမ်

# ၂၀၁၇ ခုနှစ် (၅၄) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတင်းမီဒီယာများတက်ရောက်နိုင်

**နေပြည်တော် ဇူလိုင် ၁၇**

၂၀၁၇ ခုနှစ် (၅၄) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဩဂုတ် ၂ ရက်မှ ၁၁ ရက် အထိ ကျင်းပမည် ဖြစ်သည်။ ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် ဩဂုတ် ၂ ရက်မှ ၅ ရက်တို့တွင် အဆိုပါပြပွဲသို့ ဝင်ရောက် သတင်းရယူနိုင်မည်ဖြစ်ပြီး ဩဂုတ် ၁၁ ရက်တွင်ပြပွဲအရောင်းစာရင်း အချက်အလက်များနှင့် ပတ်သက်၍ ညနေပိုင်းတွင် မဏိရတနာကျောက်စိမ်းခန်းမ အပြင်ဘက်ရှိ နဝရတ်ကိုးသွယ် ဂိတ်၌ သတင်း ထုတ်ပြန်ပေးသွားမည် ဖြစ်သည်။

သို့ဖြစ်၍ သတင်းတက်ရောက် ရယူလိုသည့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် ဝင်ခွင့်ကတ်ပြုလုပ်နိုင်ရေးအတွက် ဇူလိုင် ၂၇ ရက် နောက်ဆုံးထား၍ သတ်မှတ်ပုံစံဖြည့်စွက်ကာ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန နေပြည်တော်သို့ ပေးပို့ရန်နှင့် သတ်မှတ်ပုံစံများအား မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းတို့တွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၁၂၅၊ ၀၆၇-၄၁၂၁၂၆ တို့သို့လည်းကောင်း၊ ၂၀၁၇ ခုနှစ် (၅၄) ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲ စီမံရေးရာလုပ်ငန်းကော်မတီ ဖုန်း-၀၆၇-၄၁၄၄၉၇၊ ၀၆၇-၄၁၄၄၉၈ တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# မော်လမြိုင်မြို့၌ ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၁၇**

နိုင်ငံတော် အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်နေချိန်တွင် ပြည်သူများ၏ စိတ်ဝင်စားမှု၊ ထောက်ခံပါဝင်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ ပိုမိုရရှိစေရေးနှင့် အထောက်အကူပြုစေရေးတို့အတွက် ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲများကို မြန်မာနိုင်ငံတစ်ဝန်းလုံး ပြုလုပ်သွားမည်ဖြစ်သည်။

ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲအတွက် Level-1 ပဏာမ အသံစစ်ဆေးခြင်းကို တောင်ကြီး၊ မြစ်ကြီးနား၊ မော်လမြိုင်၊ လားရှိုး၊ ပုသိမ်၊ ကလေး၊ ရန်ကုန်၊ စစ်တွေ၊ နေပြည်တော်၊ မန္တလေးနှင့် ဘားအံမြို့များ၌ ကျင်းပသွားမည်ဖြစ်ရာ မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမ၌ ဇူလိုင် ၂၀ ရက်တွင် အသံစစ်ဆေးခြင်း၊ ဇူလိုင် ၂၂ ရက်တွင် Stage Rehearsal လုပ်ခြင်းနှင့် ဇူလိုင် ၂၃ ရက်တွင် Level-1 Live ယှဉ်ပြိုင်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




**ရန်ကုန် အရှေ့ပိုင်းဆေးရုံကြီးတွင် အသုံးပြုရန် ရေကြောင်း သူငယ်ချင်းများအဖွဲ့က ငွေကျပ်သိန်း ၃၀ ရှိ အောက်ဆီဂျင် စက်နှင့်အိုးများ၊ ဆက်စပ်ပစ္စည်းများနှင့် ECG စက်တို့ကို ဇူလိုင် ၁၃ ရက်က လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဘုန်းမော် လက်ခံယူစဉ်**
တင်စိုး(မြန်မာ့အလင်း)

## ဝေါင်မြစ်ရေစိုးရိမ်ရေမှတ် တည်ရှိနေမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၁၇**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ သို့ဖြစ်၍ ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

## နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

- စီးရီးအေကလပ် အေစီမီလန်အသင်းသည် ပေါ်တူဂီလူငယ်ကွင်းလယ်ကစားသမား ရီနာတို ဆန်းချက်ဇ်ကို ခေါ်ယူရန် စိတ်ဝင်စားနေသည်ဟု ဘိုင်ယန်မြူးနစ်အသင်း အမှုဆောင်အရာရှိချုပ် ကားလ်ဟိန့်ဇ် ရူမန်နစ်ဂီက အတည်ပြုလိုက်ကြောင်း သိရသည်။ အဆိုပါ ကစားသမားသည် အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ကစားရန် သတင်းများထွက်ပေါ်လာပြီးနောက် အေစီမီလန်အသင်းက ၂၀၁၉ ခုနှစ်တွင် ပေါင်သန်း ၄၀ ဖြင့် ဝယ်ယူခွင့်နှင့်အတူ ကနဦးတွင် နှစ်နှစ်အငှားစာချုပ်ဖြင့်ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သိရသည်။
- မန်ချက်စတာယူနိုက်တက်၏ ဒုတိယဦးစားပေးဂိုးသမား ရွေးချယ်ထားသော ဆာဂျီယို ရိုမဲရိုးသည် မန်ယူအသင်းနှင့် ၂၀၂၁ ခုနှစ်အထိရှိသော သက်တမ်းတိုးစာချုပ်တစ်ရပ် ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သိရသည်။ အာဂျင်တီးနားအသင်း၏ ပထမ ဦးစားပေး ဂိုးသမားဖြစ်သော ရိုမဲရိုး (၃၀နှစ်) သည် အီတလီကလပ် ဆမ်ဒိုးရီးယားအသင်းမှ ထွက်ခွာပြီးနောက် ၂၀၁၅ ခုနှစ်တွင် မန်ယူအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိလာသူဖြစ်ကြောင်း သိရသည်။
- အင်္ဂလန်တွင် အကြီးကျယ်ဆုံးနှင့် အကောင်းဆုံးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်ကြောင်း ချယ်လ်ဆီးအသင်းက ပေါင်သန်း ၄၀ ဖြင့် ငါးနှစ်စာချုပ် ချုပ်ဆိုခေါ်ယူထားသော မိုနာကို ကွင်းလယ်ကစားသမား ဘာကာယိုကိုက ဆိုသည်။
- ဆီဗီလာအသင်းသည် မန်စီးတီးတိုက်စစ်မှူး နိုလီတိုကို ပြောင်းရွှေ့ကြေး ယူရိုကိုးသန်းဖြင့် သုံးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ် ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သိရသည်။
- ချယ်လ်ဆီးအသင်းသည် မန်ချက်စတာစီးတီးအသင်း၏ အာဂျင်တီးနား လက်ရွေးစင်တိုက်စစ်မှူး ဆာဂျီယို အဂူရို (၂၉နှစ်)ကို ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သိရသည်။ ထို့အပြင် အက်သလက်တီကိုမက်ဒရစ်အသင်း၏ ဘယ်လ်ဂျီယံ တောင်ပံကစားသမား ယန်းနစ်ခ် ကာရက်စ်ကို (၂၃နှစ်) ကိုလည်း ငါးနှစ်စာချုပ်တစ်ရပ်ဖြင့် ကမ်းလှမ်းလိုက်ကြောင်း သိရသည်။
- ဆွမ်ဆီးအသင်းသည် လက်စ်ပါးမက်စ် ကွင်းလယ်တိုက်စစ်ကစားသမားဖြစ်သော ဂျိုနသန် ဗီရဲရား (၂၇နှစ်)ကို ခေါ်ယူရန် ဆန္ဒပြင်းပြနေကြောင်း သိရသည်။
- အေစီမီလန်အသင်းသည် အူဘာမီယန်၊ ဘီလော့တီ သို့မဟုတ် မိုရာတာ တစ်ဦးဦးကို အပြောင်းအရွှေ့ရာသီ မပိတ်သိမ်းခင် ခေါ်ယူရန်ဆန္ဒရှိကြောင်း အမှုဆောင်အရာရှိချုပ် မာကို ဖာဆွန်နီက ထုတ်ပြောကြားလိုက်သည်။

**ဇော်ဇော်**


### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၊ လက်ပန်လှ အထက၊ နဝမတန်း(E)မှ မသဇင်နွယ်၏ ဖခင်အမည်မှန်မှာ ဦးမောင်မြင့် ၅/ကလန(နိုင်)၀၁၂၃၂၄ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

အထက၊ မလှိုင်မြို့၊ တက္ကသိုလ်ဝင်တန်း(H)မှ မဝေနှင်းဖြူ၏ ဖခင်အမည်မှန်မှာ ဦးစိုးဦး ၉/တသန(နိုင်)၁၆၅၀၆၉ ဖြစ်ပါကြောင်း။ **ဦးစိုးဦး**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၄ယ/၄၁၅၅၂၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### မိခင်အမည်မှန်

မြင်းခြံမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်းမှ မောင်ထက်ဝေလျှံ၏ မိခင်အမည်မှန်မှာ ဒေါ်ချောစုခိုင် ၉/မခန(နိုင်)၂၁၅၆၃၇ ဖြစ်ပါကြောင်း။

**ဒေါ်ချောစုခိုင်**

### အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မြင်းခြံမြို့နယ်၊ ကျီးသင်ကန်ကျေးရွာနေ ဗျန်တော်မောင်မျိုးညင်းသူ (၉/မခန(နိုင်)၂၃၁၆၄၁)၏ အဖအမည်မှန်မှာ ဦးသန်းလွင်ဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၁၉၉၂ ခုနှစ် ဖွန်လ(၂)ရက် ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

### လုံခြုံရေးဝန်ထမ်းအလိုရှိသည်

လုံခြုံရေးအတွေ့အကြုံရှိသူ၊ အငြိမ်းစားတပ်မတော်သား၊ အငြိမ်းစားမြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ဦးစားပေးမည်။
အသက်(၂၀-၆၀)နှစ်ဖြစ်ရမည်။
ပညာအရည်အချင်းမှာ အလယ်တန်းနှင့်အထက် ဖြစ်ရမည်။
အရက်၊ လောင်းကစားကင်းရှင်းသူ ဖြစ်ရမည်။
တာဝန်သိပြီး စည်းကမ်းလိုက်နာနိုင်ရမည်။
လိုအပ်ပါက နေ့/ည အချိန်မရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
ကျန်းမာရေး ကောင်းမွန်သူဖြစ်ရမည်။
ရိုးသားကြိုးစားပြီး အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။
နယ်မှ လာရောက်လုပ်ကိုင်လိုသူများအတွက် နေထိုင်မှုနှင့် စားသောက်စရိတ်စီစဉ်ပေးမည်။

**ဆက်သွယ်ရန်** - **Securied nation Company Limited**
အမှတ် ၆၉/A၊ ကမ္ဘောဇလမ်း၊ ဗဟန်းမြို့နယ်
ဖုန်း-၀၉-၇၉၄၂၈၇၂၂၁၊ ၀၉-၂၅၄၄၈၈၆၆၄

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2E/9713 Toyota Kluger S/W(4×2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရွှေစင်ထွန်း ၁၂/သဃက(နိုင်)၁၄၂၁၂၄က (ကမ-၃)စာအုပ် ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**


### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
### မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
### သတင်းကြေညာချက်
### ၁၃၇၉ခုနှစ် ဝါဆိုလပြည့်ကျော် ၁၀ရက်
### ၂၀၁၇ခုနှစ်၊ ဇူလိုင် ၁၈ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် ၂၀၁၇ခုနှစ်၊ (၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ဩဂုတ် ၂ရက်မှ ၁၁ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ကျောက်မျက်ရတနာပြပွဲသို့ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာအချောထည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက် ရတနာလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဝင် နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ရတနာပြပွဲသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်ပြီး မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုမိန့်နှင့် လိုင်စင်ရယူထားသူများကို ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူလိုသော နိုင်ငံသားရတနာကုန်သည်များသည် သတ်မှတ်ထားသည့် အာမခံစပေါ်ငွေနှင့် ဝင်ကြေးငွေများ ပေးသွင်းရမည်ဖြစ်ပါသည်။

၄။ ၂၀၁၇ခုနှစ် ဇူလိုင် ၂၀ရက်မှစတင်၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ်(နေပြည်တော်)တွင် ဖွင့်လှစ်ထားသော စီမံရေးရာလုပ်ငန်းကော်မတီရုံးတွင် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို ပြပွဲတက်ရောက်ဝယ်ယူခွင့် ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၅။ ၂၀၁၇ခုနှစ် ဇူလိုင် ၁၁ရက်မှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ ပြပွဲဝင်ခွင့်မှတ်ပုံတင်ခြင်းလုပ်ငန်းများ ပိုမိုအဆင်ပြေစေရေးအတွက် ပြပွဲဝင်ခွင့်ပုံစံများကို www.mining.gov.mmနှင့် www.mge.gov.mm တို့မှတစ်ဆင့် Download ရယူ၍ ကြိုတင်ဖြည့်စွက်မှတ်ပုံတင်နိုင်ပါသည်။ On-Line မှတစ်ဆင့် လျှောက်ထားလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း Website www.mge.gov.mm,On-Line Pre-Registration System တွင် ကြိုတင်မှတ်ပုံတင်၍ ပြပွဲတက်ရောက်ခွင့်ကိစ္စရပ်များ ဆောင်ရွက်နိုင်ပါသည်။

၆။ ၂၀၁၇ခုနှစ်၊ (၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနှင့်မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**




# ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း

*ယမန်နေ့မှ အဆက်*

၅၀။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည်-

(က) ဘေးအန္တရာယ် ဖြစ်စေနိုင်သော လုပ်ငန်းအမျိုးအစားများ၊ လုပ်ငန်းခွင်များကို သက်ဆိုင်ရာ အလုပ်ရှင်အဖွဲ့အစည်း၊ အလုပ်သမားအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး သတ်မှတ်ထားရမည်။

(ခ) ပုဒ်မ ၄၉၊ ပုဒ်မခွဲ (ဂ) ပါ အသက် ၁၂ နှစ် မှ ၁၄ နှစ်အတွင်းရှိ ကလေးသူငယ်များ အလုပ်လုပ်ကိုင်ခွင့်ရှိသည့် တည်ဆဲအလုပ်သမားရေးရာ ဥပဒေများနှင့်အညီ သတ်မှတ်ထားသည့်ပေ့ါပါးသော အလုပ်အမျိုးအစားများ၊ အများဆုံးအလုပ်ချိန်နှင့် အခြားစည်းကမ်းချက်များကို သတ်မှတ်ထားရမည်။

(ဂ) ဤဥပဒေနှင့်အညီ ကလေးသူငယ်များ အလုပ်လုပ်ကိုင်ခွင့်ရရှိရေး၊ အလုပ်လုပ်ကိုင်သော ကလေးသူငယ်များအား ကာယိန္ဒြေ ပျက်ပြားစေမည့် အပြုအမူ၊ အပြောအဆိုအပါအဝင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ ရပိုင်ခွင့်များထိခိုက်နစ်နာဆုံးရှုံးမှုမရှိစေရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့အတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းပြီး စီမံဆောင်ရွက်ရမည်။

## အခန်း (၁၅)
## မသန်စွမ်း ကလေးသူငယ်များ

၅၁။ မသန်စွမ်းကလေးသူငယ်များသည် -

(က) မွေးရာပါ အသက်ရှင်သန်ခွင့်ရှိပြီး ကလေးသူငယ်အခွင့်အရေး၊ လွတ်လပ်စွာ ပြောဆိုပိုင်ခွင့်နှင့် ကိုးကွယ်ပိုင်ခွင့်အပါအဝင် အခြေခံလွတ်လပ်ခွင့်များကို အခြားသန်စွမ်းသူ ကလေးသူငယ်များနည်းတူ ခံစားခွင့်ရှိသည်။

(ခ) မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပါ အခွင့်အရေးများအားလုံး သန်စွမ်းသူ ကလေးများနှင့် တန်းတူခံစားခွင့်ရှိသည်။

(ဂ) ကိုယ်တိုင်ဆုံးဖြတ် သုံးသပ်နိုင်စွမ်းမရှိသည့် ဉာဏ်ရည်ဆိုင်ရာ မသန်စွမ်းကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားအတွက် တည်ဆဲဥပဒေနှင့်အညီ မိဘ သို့မဟုတ် အုပ်ထိန်းသူက ကိုယ်စားစီစဉ်ဆောင်ရွက်ခွင့်ရှိသည်။

(ဃ) နိုင်ထက်စီးနင်း အကြမ်းဖက်ခံရမှု၊ အိမ်တွင်းအကြမ်းဖက်မှု အမျိုးမျိုးအပါအဝင် အလွဲသုံးခံရမှု၊ ခေါင်းပုံဖြတ်ခံရမှုများနှင့် ခွဲခြားဆက်ဆံခံရမှုတို့မှ အကာအကွယ် ရထိုက်ခွင့်ရှိသည်။

၅၂။ မသန်စွမ်းကလေးသူငယ်တိုင်းသည် -

(က) ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဘဝတစ်သက်တာ သင်ယူမှုများအပါအဝင် ပညာသင်ကြားရေးဆိုင်ရာ အခွင့်အလမ်းများ ရရှိစေရမည်။

(ခ) မိမိတို့နေထိုင်ရာ ရပ်ရွာ သို့မဟုတ် အနီးစပ်ဆုံးဒေသရှိ နိုင်ငံတော်က ဖွင့်လှစ်ထားသော ကျောင်းများတွင် ပညာရေးဝန်ကြီးဌာနက သတ်မှတ်ထားသော အခမဲ့ပညာသင်ယူခွင့်ရှိသည့် အဆင့်အထိ အခြားသူများနည်းတူ သင်ယူခွင့်ရှိသည်။

၅၃။ ပညာရေးဝန်ကြီးဌာနသည် ဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ -

(က) အခြေခံပညာအဆင့်မှ တက္ကသိုလ်ပညာအဆင့်အထိ မသန်စွမ်းကလေးသူငယ်များ ပညာသင်ယူရာတွင် လိုအပ်သော သင်ရိုးညွှန်းတမ်းများ၊ နေရာထိုင်ခင်းများ၊ သွားလာဆက်သွယ်မှုဆိုင်ရာ အထောက်အပံ့များနှင့် သင်ထောက်ကူပစ္စည်းများရရှိရေးအတွက် အစီအစဉ်များ ချမှတ်ပေးရမည်။

(ခ) လူတိုင်းအကျုံးဝင်ပညာရေးစနစ် သို့မဟုတ် အထူးပညာရေးစနစ်နှင့် ပညာရေး ကောလိပ်များ၊ ပညာရေးတက္ကသိုလ်များတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများ ထည့်သွင်းသင်ကြားရန် လည်းကောင်း၊ မသန်စွမ်းမှုအမျိုးအစားအလိုက် သင်ကြားနည်းစနစ်များနှင့် တစ်ဦးကိုတစ်ဦး ဆက်သွယ်ခြင်းနည်းစနစ်များ သင်ယူနိုင်ရန် လည်းကောင်း ဆောင်ရွက်ရမည်။

၅၄။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ -

(က) မသန်စွမ်းမှုဖြစ်ခြင်းကိုကာကွယ်သည့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရမည်။

(ခ) မွေးကင်းစကလေးနှင့် ကလေးသူငယ်များတွင် မသန်စွမ်းမှုဖြစ်ပွားသည့်နှုန်း အနည်းဆုံးဖြစ်စေရန် စီမံချက်များ ဆောင်ရွက်ရမည်။

(ဂ) မသန်စွမ်းကလေးသူငယ်များအတွက် အရည်အသွေးပြည့်မီသော ကျန်းမာရေးစောင့်ရှောက်မှုနှင့်ဝန်ဆောင်မှုများကို ကျေးလက်ဒေသများအထိ အခမဲ့ သို့မဟုတ် မသန်စွမ်းသူများကျခံနိုင်သောနှုန်းထားဖြင့်ရရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးရမည်။

၅၅။ ဝန်ကြီးဌာနသည် ပုဒ်မ ၅၁ နှင့် ၅၂ တို့ပါ မသန်စွမ်းကလေးသူငယ်များ၏ အခြေခံအခွင့်အရေးများ ရရှိခံစားပိုင်ခွင့်ရှိစေရေးအတွက် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှထောက်ပံ့နိုင်သမျှ ထောက်ပံ့နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြတောင်းခံပြီး သီးခြားအစီအမံများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၅၆။ အမျိုးသားကော်မတီသည် မသန်စွမ်းကလေးသူငယ်များအား စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် ရန်ပုံငွေမှ တတ်နိုင်သမျှ ထောက်ပံ့ငွေနှင့် ပြည်တွင်း၊ ပြည်ပမှစေတနာရှင်များ၏ ထောက်ပံ့လှူဒါန်းငွေများဖြင့် စီမံချက်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

## အခန်း (၁၆)
## ကလေးသူငယ်အပေါ် အကြမ်းဖက်မှုမှကာကွယ်စောင့်ရှောက်ခြင်း

၅၇။ မည်သူမျှကလေးသူငယ်အပေါ် တစ်နည်းနည်းဖြင့် နစ်နာဆုံးရှုံးစေသည့် သို့မဟုတ် ထိခိုက်ဒဏ်ရာရစေသည့် ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် တစ်ခုခုကို မပြုလုပ်ရ။

၅၈။ ပုဒ်မ ၅၇ ပါ အကြမ်းဖက်ခြင်းခံရသော ကလေးသူငယ်များ အပါအဝင် အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ်ကို တွေ့ကြုံခံစားရသော သို့မဟုတ် ပြုလုပ်ခြင်းခံရသော ကလေးသူငယ်အား ကာကွယ်စောင့်ရှောက်ရန်လိုသည်-

(က) အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်းခံရသည့် ကလေးသူငယ်၊

(ခ) လမ်းပေါ်နေကလေးသူငယ်၊

(ဂ) အကျဉ်းထောင်ကျကလေးသူငယ်၊

(ဃ) စီးပွားရေးအရ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခံရသော ကလေးသူငယ်၊

(င) လူကုန်ကူးခံရသော ကလေးသူငယ်၊

(စ) ကွာရှင်းနေသည့် သို့မဟုတ် ခွဲခွာနေထိုင်သည့် မိဘများ၏ ကလေးသူငယ်၊

(ဆ) ခုခံအားကျဆင်းမှုကူးစက်ရောဂါ ခံစားရသော ကလေးသူငယ် သို့မဟုတ် ခုခံအားကျဆင်းမှုကူးစက်ရောဂါ ခံစားနေရသည့် မိဘများ၏ ကလေးသူငယ်၊

(ဇ) တောင်းရမ်းစားသောက်နေသော ကလေးသူငယ်၊

(ဈ) မူးယစ်ဆေးဝါးများ သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်းပြုရာတွင် အသုံးချခံရသော ကလေးသူငယ်၊

(ည) မိဘ သို့မဟုတ် အုပ်ထိန်းသူ မရှိသော၊ စိတ်ပေ့ါသွပ်နေသော သို့မဟုတ် ကူးစက်တတ်သည့် ရောဂါစွဲကပ်နေသော ကလေးသူငယ်၊

(ဋ) မိဘ သို့မဟုတ် အုပ်ထိန်းသူက ထိန်းသိမ်း၍မရနိုင်လောက်အောင် ဆိုးသွမ်းနေသော ကလေးသူငယ်၊

(ဌ) သဘာဝဘေးအန္တရာယ်များကြောင့်ဖြစ်စေ၊ လက်နက်ကိုင်ပဋိပက္ခများကြောင့်ဖြစ်စေ ထိခိုက်ခံစားရသော ကလေးသူငယ်၊

(ဍ) ချို့တဲ့နွမ်းပါးသည့် မသန်စွမ်းကလေးသူငယ်။

၅၉။ (က) မည်သူမဆို ပုဒ်မ ၅၈ ပါ ကလေးသူငယ် တစ်ဦးဦးအား ကာကွယ်စောင့်ရှောက်မှု ပြုသင့်သည်ဟုထင်မြင်ယူဆလျှင် သက်ဆိုင်ရာ လူမှုဝန်ထမ်းအရာရှိထံသို့ အကျိုးအကြောင်းဖော်ပြ၍ အကြောင်းကြားနိုင်သည်။

(ခ) လူမှုဝန်ထမ်းအရာရှိသည် ပုဒ်မခွဲ (က) အရ အကြောင်းကြားချက်ကို လက်ခံရရှိလျှင်ဖြစ်စေ၊ မိမိကိုယ်တိုင် တစ်နည်းနည်းဖြင့် သတင်းရရှိလျှင်ဖြစ်စေ ကလေးသူငယ်အား ကာကွယ်စောင့်ရှောက်မှုပြုရန် လိုအပ်ခြင်း ရှိမရှိ သတ်မှတ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေးပြီး တွေ့ရှိချက်များကို မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ လူမှုဝန်ထမ်းဦးစီးဌာနသို့ တင်ပြရမည်။ ထို့အပြင် ကလေးသူငယ်အား မိဘအုပ်ထိန်းသူထံသို့ဖြစ်စေ၊ သင်တန်းကျောင်း၊ ပရဟိတဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေးဂေဟာသို့ ဖြစ်စေ အပ်နှံထားရန် ညွှန်ကြားနိုင်သည်။

(ဂ) လူမှုဝန်ထမ်းအရာရှိသည် မိမိ၏စုံစမ်းစစ်ဆေးမှု ပြုနေစဉ်အတွင်း ကလေးသူငယ်အပေါ် ကျူးလွန်ခဲ့သည့်ပြစ်မှုမှာ ကြီးလေးသောပြစ်မှုဖြစ်ကြောင်း ထင်ရှားစွာတွေ့ရှိရလျှင် သက်ဆိုင်ရာရဲတပ်ဖွဲ့စခန်းသို့ အကြောင်းကြားရမည်။

၆၀။ ရဲအရာရှိ သို့မဟုတ် လူမှုဝန်ထမ်းအရာရှိသည် ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသဖြင့် သင်တန်းကျောင်း၊ ပရဟိတဂေဟာ သို့မဟုတ်ယာယီစောင့်ရှောက်ရေးဂေဟာတွင် ယာယီထိန်းသိမ်းစောင့်ရှောက်ထားသော ကလေးသူငယ်အား ဆေးဝါးကုသမှုခံယူရန် လိုအပ်နေသည်ဟု ထင်မြင်ယူဆပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းသို့ ဆေးဝါးကုသမှု ခံယူရန် ပို့ဆောင်ရမည်။

## အခန်း (၁၇)
## ကလေးသူငယ်နှင့် လက်နက်ကိုင်ပဋိပက္ခ

၆၁။ လက်နက်ကိုင်ပဋိပက္ခကြောင့် ထိခိုက်နစ်နာသော ကလေးသူငယ်များ၏ အခွင့်အရေးများကို အလေးဂရုပြုရေး၊ ကာကွယ်စောင့်ရှောက်ရေးနှင့် ဖြည့်ဆည်းပေးရေးတို့အတွက် သက်ဆိုင်ရာအစိုးရဌာန၊အစိုးရအဖွဲ့အစည်းများ၊ လက်နက်ကိုင်တပ်ဖွဲ့များနှင့် လက်နက်ကိုင်အုပ်စုများသည် -

(က) နိုင်ငံတော်၏ ပိုင်နက်နယ်မြေအတွင်း လက်နက်ကိုင်တပ်ဖွဲ့များနှင့် လက်နက်ကိုင်အုပ်စုများက ကလေးသူငယ်အပေါ် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများမပြုစေရန် တားဆီးရေးနှင့် အကာအကွယ်ပေးရေးတို့အတွက် ဖြစ်နိုင်သော အစီအမံများကို ချမှတ်ဆောင်ရွက်ရမည်။

(ခ) လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်ပတ်သက်သော၊ လက်နက်ကိုင်ပဋိပက္ခကြောင့် ထိခိုက်နစ်နာသော သို့မဟုတ် နေရပ်စွန့်ခွာရသော ကလေးသူငယ်များအားလုံးကို ဒုက္ခခံစားရသူများအဖြစ် သတ်မှတ်၍ ယင်းကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားကို အရေးကြီးကိစ္စအဖြစ် သဘောထားပြီး ယင်းကဲ့သို့ ဖြစ်ပွားရသည့် အကြောင်းအရင်းများကို ဖော်ထုတ်ကာဖြေရှင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို စီမံဆောင်ရွက်ရမည်။

(ဂ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေအတွင်းရှိ လက်နက်ကိုင်တပ်ဖွဲ့များနှင့် လက်နက်ကိုင်အုပ်စုများက အသက် ၁၈ နှစ် မပြည့်သေးသူများကို တပ်သားအဖြစ် စုဆောင်းခြင်း၊ အသုံးချခြင်းမပြုရန်နှင့် စုဆောင်းခံရသော ကလေးသူငယ်များအား ပြန်လည်နုတ်ထွက်ခွင့်ပြုရန်ဖြစ်နိုင်သမျှအစီအမံများချမှတ်၍ ဆောင်ရွက်ရမည်။

(ဃ) လက်နက်ကိုင်ပဋိပက္ခနှင့် ဆက်စပ်၍ ကလေးသူငယ်များအပေါ် ချိုးဖောက်မှုများအတွက် တာဝန်ရှိသူများအား အရေးယူတရားစွဲဆိုတင်ပို့ရေးအတွက် ဆောင်ရွက်ရမည်။အကယ်၍ ချိုးဖောက်သူများမှာ တပ်မတော်သားစစ်မှုထမ်းများဖြစ်ပါက စစ်ဘက်တရားစီရင်ရေးအရ အရေးယူဆောင်ရွက်နိုင်ရန် လွှဲပြောင်းပေးရမည်။ ထိုသို့ လွှဲပြောင်းပေးပြီးနောက် စစ်ဘက်တရားရုံး၏ ဆုံးဖြတ်ချက်မိတ္တူကို တောင်းယူ၍ ချိုးဖောက်ခံရသော ကလေးသူငယ်၏ မိသားစုထံ ပေးပို့ရမည်။

(င) လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်ပတ်သက်သော ကလေးသူငယ်များအား သေဒဏ်၊ ထောင်ဒဏ်တစ်သက်၊ နှစ်အကန့်အသတ်မရှိထောင်ဒဏ် သို့မဟုတ် ထောင်ဒဏ် နှစ် ၂၀ ချမှတ်နိုင်သော ပြစ်မှုများမှအပ အခြားပြစ်မှုတစ်ရပ်ရပ်ဖြင့် စွဲဆိုသည့်အမှုကို ရုပ်သိမ်း၍ ကလေးသူငယ်ကို လူမှုဝန်ထမ်းဦးစီးဌာနသို့ လွှဲပြောင်းပေးပြီး သင်တန်းကျောင်း၊ ပရဟိတဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေးဂေဟာတွင် ပြုပြင်စောင့်ရှောက်မှုခံယူစေရမည်။

(စ) ပဋိပက္ခမှု၏ ရလဒ်အဖြစ် နေရပ်စွန့်ခွာရသော ကလေးသူငယ်များနှင့် ဒုက္ခခံစားရသူကလေးသူငယ်များ၏ ဘဝရပ်တည်ရန်ခက်ခဲမှုကို ထည့်သွင်းစဉ်းစားပြီး အန္တရာယ်ကင်းရှင်းစွာအခြေခံဝန်ဆောင်မှုများကိုရယူနိုင်စေရေးတို့အတွက် ဦးစားပေးကိစ္စအဖြစ် ဆောင်ရွက်ရမည်။

(ဆ) ဤအခန်းပါ ပြဋ္ဌာန်းချက်များကို ကလေးသူငယ်များအပါအဝင် အရွယ်ရောက်ပြီးသူများအားလုံး ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်၍ လိုက်နာကြစေရန် သင့်လျော်သော နည်းလမ်းများဖြင့် သတင်းဖြန့်ချိခြင်းနှင့် အသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ရမည်။

(ဇ) တပ်သားအဖြစ် စုဆောင်းခံရသော သို့မဟုတ် အသုံးပြုခံရသော ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ထိခိုက်နစ်နာသော ကလေးသူငယ်များအားယင်းတို့၏ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ ပြန်လည်ကောင်းမွန်စေရန် ပြုစုကုသရေးနှင့် ပြန်လည်ထူထောင်ရေးအတွက်လည်းကောင်း၊ ပညာသင်ကြားရေးအတွက် လည်းကောင်း၊ လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့ပေါင်းစည်းနိုင်ရေးအတွက်လည်းကောင်း အစီအမံများချမှတ်ပြီး သင့်လျော်သော အကူအညီများပေးရမည်။

၆၂။ မည်သူမဆို လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ ဥပဒေနှင့်ဆန့်ကျင်သော ချိုးဖောက်မှုတစ်ခုခုကို ကျူးလွန်ပါက ပြစ်မှုကျူးလွန်ရာရောက်သည် -

(က) ကလေးသူငယ်ကို တပ်သားအဖြစ် စုဆောင်းခြင်းနှင့် လက်နက်ကိုင်ပဋိပက္ခတွင် အသုံးပြုခြင်း၊

(ခ) ရိက္ခာလက်နက်ပစ္စည်း သယ်ယူခိုင်းခြင်း သို့မဟုတ် သယ်ယူရန် အနိုင်အထက် ဆင့်ခေါ်ခြင်း၊

(ဂ) သတ်ဖြတ်ခြင်းနှင့် ကိုယ်လက်အင်္ဂါ ထိခိုက်ပျက်စီးစေခြင်း၊

(ဃ) မုဒိမ်းကျင့်ခြင်းနှင့် အခြားလိင်မှုကိစ္စ အကြမ်းဖက်ခြင်း၊

(င) ကျောင်းများနှင့် ကလေးသူငယ်များ တက်ရောက်ကုသသည့် ဆေးရုံများကို တိုက်ခိုက်ခြင်း၊

(စ) လူသားချင်းစာနာမှုအကူအညီ၊ အထောက်အပံ့နှင့် ဝန်ဆောင်မှုလုပ်ငန်းများရရှိမှုကို ငြင်းဆိုအဟန့်အတားပြုခြင်း။

၆၃။ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များသည် အောက်ဖော်ပြပါ အခွင့်အရေးများရှိစေရမည် -

(က) လျစ်လျူရှုခြင်းနှင့်ခေါင်းပုံဖြတ်ခြင်းများမှ ကာကွယ်စောင့်ရှောက်မှုခံယူခွင့်၊

(ခ) အတင်းအကျပ် လိုက်နာစေရန် နှိပ်စက်ညှဉ်းပန်းခြင်း သို့မဟုတ် အခြား ရက်စက်ကြမ်းကြုတ်သော၊ လူမဆန်သော၊ လူ့ဂုဏ်သိက္ခာကျဆင်းစေသော အမူအကျင့်များပြုမူခြင်း သို့မဟုတ် မလိုက်နာသည့်အတွက် အပြစ်ပေးသည့်အနေဖြင့် စစ်သားအဖြစ် စုဆောင်းခြင်း သို့မဟုတ် လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်စေခြင်းတို့မှ ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်မှုခံယူခွင့်၊

(ဂ) အကြောင်းတစ်ရပ်ရပ်ကြောင့်ဖမ်းဆီးထိန်းသိမ်းခြင်းသို့မဟုတ် ပြင်ပသွားလာခွင့်မပြုသော စခန်းများတွင်နေစေခြင်းမှ ကင်းလွတ်ခွင့်၊

(ဃ) ကျူးလွန်ခံရသူ ကလေးသူငယ်များနှင့် ကလေးသူငယ်အခွင့်အရေး ချိုးဖောက်မှုခံရပြီး အသက်မသေကျန်ရှိသူများအား ရုပ်ပိုင်းနှင့် စိတ်ပိုင်းပြန်လည်ထူထောင်ရေးနှင့် လူမှုရေးအဖွဲ့အစည်းတွင် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရန် သင့်လျော်သော အကူအညီရရှိခွင့်၊

*(ဆက်လက်ဖော်ပြပါမည်)*

# မော်လမြိုင်ကျွန်းဆန်စပါးအရောင်းအဝယ်ဈေးကွက်တွင် ဆန်ဈေးနှင့် စပါးဈေးများ ဈေးနှုန်းတည်ငြိမ်



**မော်လမြိုင်ကျွန်း ဇူလိုင် ၁၇**

မော်လမြိုင်ကျွန်းမြို့နယ်၌ ဒေသခံ တောင်သူလယ်သမားများသည် တစ်မြို့နယ်လုံးတွင် စပါးမျိုးစုံ ဧကပေါင်း ၂၅၁၇၃၂ ဧကကို အပြည့်အဝစိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းစိုက်ပျိုးလျက်ရှိရာ ပုံမှန်မိုးရွာသွန်းမှုနှင့် မိုးလေဝသအခြေအနေကောင်းမွန်မှုတို့ကြောင့် စပါးမျိုးစုံဧကများစွာ အောင်မြင်ဖြစ်ထွန်းလျက် ရှိသည်။

ယခုအခါ မြို့နယ်အတွင်း ရောင်းဝယ်ဖောက်ကားလျက်ရှိသော ဆန်ဈေး၊ စပါးဈေးများလည်း သိသိသာသာ အပြောင်းအလဲမရှိဘဲ ဈေးနှုန်းတည်ငြိမ်စွာဖြင့် ရောင်းဝယ်ဖောက်ကားလျက်ရှိ သည်။

မော်လမြိုင်ကျွန်းမြို့နယ်၌ ဇူလိုင် ၁၄ ရက်အထိ မြို့နယ်ဆန်စပါးဈေးကွက်တွင် နှံ့စပါးသီးထပ်ရင် တင်း ၁၀၀ လျှင် ငွေကျပ် ၄၇၀၀၀၀၊ ပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၉၀၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဆန်ဈေးနှုန်းများမှာ နှံ့စပါးသီးထပ်ရင် ဆန်တစ်တင်းခွဲ တစ်အိတ်လျှင် ငွေကျပ် ၁၉၀၀၀၊ ပေါ်ဆန်း(ဆန်ချော) တစ်တင်းခွဲတစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး မော်လမြိုင်ကျွန်း ဆန်စပါးဈေးကွက်မှာ ဈေးနှုန်းတည်ငြိမ်လျက်ရှိသည်။

"ကျွန်တော်တို့ မော်လမြိုင်ကျွန်း ဆန်စပါးဈေးကွက်မှာ အခုဇူလိုင်လဆန်းရက်မှစပြီး သိသိသာသာဈေးနှုန်း အပြောင်းအလဲမရှိဘဲ ဈေးနှုန်းတည်ငြိမ်သွားပါတယ်။ နှံ့စပါးဈေးကလည်း ထိုက်တန်တဲ့ ဈေးတစ်ခုရရှိပြီး ဈေးနှုန်းတည်ငြိမ်နေပါတယ်"ဟု ဆန်စပါးရောင်းဝယ်ရေးမှ ဦးဝင်းထွန်းက ပြောသည်။

**မော်ကျွန်း-မြင့်အောင်**

# မြစ်ရေဝင်ရောက်သဖြင့် ရေကူးကစားရန် လေမှုတ်ဖောကွင်းအမျိုးမျိုး ရောင်းချကြလျက်ရှိ

**ရေစကြို ဇူလိုင် ၁၇**

ပခုက္ကူခရိုင်ရေစကြိုမြို့နယ်၌ မြစ်ကမ်းအနီးရှိ ရပ်ကွက်ကျေးရွာများနှင့် မြေနိမ့်ပိုင်းရှိ ရပ်ကွက်ကျေးရွာများအတွင်း မြစ်ရေဝင်ရောက်လျက်ရှိသဖြင့် မြစ်ရေအတွင်း ရေကူးကစားရန် လေမှုတ်ဖောကွင်းအမျိုးမျိုးကို ရေစကြိုမြို့မဈေးကြီး၌ ရောင်းချကြလျက်ရှိရာ လေမှုတ်ဖောကွင်းဝယ်ယူသူ များပြားလျက်ရှိသည်။

"ကျွန်မတို့ရွာမှာ ရေကြီးနေပါတယ်။ သူများကလေးတွေ ဖောကွင်းနဲ့ ကစားကြတာမြင်ရင် ကိုယ့်ကလေးတွေပါ ကစားချင်ကြမှာမို့ လေမှုတ်ဖောကွင်း နှစ်ခုဝယ်လာတာ တစ်ခုကို ငွေကျပ် ၂၅၀၀ ပေးရတယ်"ဟု အမျိုးသမီးတစ်ဦးက ပြောသည်။

ရေစကြိုမြို့မဈေးကြီးတွင် ဘဲရုပ်၊ ဆိုင်ကယ်ရုပ်စသည့် အရုပ်ပုံစံလေမှုတ်ဖောကွင်းများနှင့် ကားလေလုံးပုံစံ လေမှုတ်ဖောကွင်းများကို ရောင်းချလျက်ရှိရာ ဝယ်ယူသူများပြားလျက်ရှိပြီး လေမှုတ်ဖောကွင်းတစ်ခုလျှင် ငွေကျပ် ၃၅၀၀၊ ၂၅၀၀၊ ၁၈၀၀ စသဖြင့် ဈေးအမျိုးမျိုးရှိကြောင်း သိရသည်။



**အိမွန်ဆွေ(ရေစကြို)**

## သတင်းတိုများ

### မြစိမ်းရောင်ရန်ပုံငွေဖြင့် ဆောင်ရွက်နေမှုများ စစ်ဆေး

**သီပေါ ဇူလိုင် ၁၇**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကြည်သာထွန်း ဦးဆောင်သော အဖွဲ့သည် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပန်လောကျေးရွာ၊ နမ့်ပျဉ်ကျေးရွာ၊ နောင်ပိန်လေးကျေးရွာတို့အား မြစိမ်းရောင်လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်နေမှုများအား ဇူလိုင် ၁၀ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါကျေးရွာများရှိ ကော်မတီဝင်များ၊ ကျေးရွာပြည်သူများနှင့်တွေ့ဆုံ၍ စီမံကိန်း၏ စိန်ခေါ်မှုများ၊ ရင်ဆိုင်ရသော အခက်အခဲများ၊ အကျိုးရလဒ်များ ဆွေးနွေးခြင်း၊ ငွေစာရင်းထိန်းသိမ်းခြင်း ပုံစံများကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

### အသည်းရောင်အသားဝါ(ဘီ)ပိုးကာကွယ်ဆေးများ အခမဲ့ထိုးနှံပေး

**သုံးခွ ဇူလိုင် ၁၇**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အမှတ် (၁၁)ရပ်ကွက်ရှိ မြို့မရေလည်ကျောင်းတိုက်၌ ဆေးတက္ကသိုလ်(၂)ရန်ကုန်မိသားစုမှ ဒေါက်တာထွန်းစ ဦးဆောင်၍ အဖွဲ့ဝင် ကိုးဦးပါဝင်သောအဖွဲ့က ပြည်သူ ၃၀၂ ဦးအား တတိယအကြိမ် အသည်းရောင်အသားဝါ(ဘီ)ပိုးကာကွယ်ဆေးများကို ဇူလိုင် ၁၅ ရက်က အခမဲ့ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

### စလင်း၌ ယာဉ်များသက်တမ်းတိုးဆောင်ရွက်ပေး

**စလင်း ဇူလိုင် ၁၇**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံး၌ ဇူလိုင် ၁၅ ရက်က မော်တော်ယာဉ်နှင့် ဆိုင်ကယ်များ သက်တမ်းတိုးပေးခြင်းကို ဆောင်ရွက်ပေးခဲ့သည်။ မင်းဘူး ကညနမှ ဝန်ထမ်းများသည် မြို့နယ်အတွင်းရှိ မော်တော်ယာဉ်များနှင့် ဆိုင်ကယ်များကို သက်တမ်းတိုးဆောင်ရွက်ပေးခဲ့ရာ ဆိုင်ကယ် ၂၀၈ စီး၊ ယာဉ် ၄၄ စီးနှင့် လူစီးလိုင်စင် ၃၆ ဦး အားနေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **စစ်ကြည်(စလင်း)**

### အာဇာနည်နေ့အထိမ်းအမှတ် ကျောင်းသုံးစာရေးကိရိယာများ မျှဝေ

**မန္တလေး ဇူလိုင် ၁၇**

နှစ်(၇၀)မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တက္ကသိုလ်ရပ်ကွက်အလုပ်အမှုဆောင်အဖွဲ့၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် သူငယ်တန်း (KG)တန်းမှ ဒသမတန်းအထိ ကျောင်းသုံးဗလာစာအုပ်နှင့် သင်ထောက်ကူ၊ ခဲတံ၊ သူငယ်တန်းအတွက် အဖြူအစိမ်းဝတ်စုံများမျှဝေခြင်းအစီအစဉ်ကို ဇူလိုင် ၁၅ က မန္တလေးတက္ကသိုလ် (URC-1)သုတေသနဌာန၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူ ၂၆၀ ကျော်အား ကျောင်းသုံးဗလာစာအုပ်၊ ခဲတံနှင့် KG တန်းအတွက် အဖြူအစိမ်းဝတ်စုံများ မျှဝေပေးခဲ့ကြောင်း သိရသည်။ **ခင်ခင်ဝင်း(ပညာရေး)**

# ငယ်ရွယ်စဉ်ကလေးဘဝ၏ ဦးနှောက်ဖွံ့ဖြိုးမှုနှင့် အပြုအမူကို ပြုပြင်ထိန်းသိမ်းခြင်းသင်တန်းဖွင့်မည်

**ရန်ကုန် ဇူလိုင် ၁၇**

မြန်မာနိုင်ငံစိတ်ပညာအသင်းသည် ရက်တိုသင်တန်းများကို အခါအားလျော်စွာ ဖွင့်လှစ်လျက်ရှိရာ ယခုပတ်အတွက် ငယ်ရွယ်စဉ် ကလေးဘဝ၏ ဦးနှောက်ဖွံ့ဖြိုးမှုနှင့် အပြုအမူများကို ပြုပြင်ထိန်းသိမ်းခြင်း (Nurturing the Developing Brain and Behavioural Management in Early Childhood) သင်တန်းကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းသင်တန်းသည် ကလေးပြုစုပျိုးထောင်ရေးနှင့် ပတ်သက်သည့် အသိပညာပေးမည့် သင်တန်းဖြစ်သည့်အပြင် ငယ်ရွယ်စဉ် ကလေးဘဝမှစ၍ ဦးနှောက်ဖွံ့ဖြိုးမှုမှန်ကန်စေရန်နှင့် မလိုလားအပ်သော အပြုအမူများဖြစ်ပေါ်ခြင်းမရှိစေရန်မည်သို့ ပြုစုထိန်းသိမ်းသင့်ကြောင်း အသိပညာပေးမည့် သင်တန်းလည်းဖြစ်သည်။ မူကြိုဆရာ ဆရာမများ၊ မိဘများနှင့် ကလေးပြုစုစောင့်ရှောက်သူတိုင်းတက်သင့်သော သင်တန်းတစ်ခုဖြစ်သည်။

အဆိုပါ သင်တန်းကို ဇူလိုင် ၂၉ နှင့် ၃၀ ရက်များတွင် စိတ်ပညာဌာနမှ အငြိမ်းစား ဆရာမကြီး ဒေါ်သက်ထားဝင်းနှင့် ဒေါက်တာ ဒေါ်ဌေးဌေး(ဒုကျောင်းအုပ်၊ New World Training Center)တို့က မြန်မာနိုင်ငံစိတ်ပညာအသင်း သင်တန်းခန်းမ၌ ဟောပြော ပို့ချပေးသွားမည်ဖြစ်သည်။ သင်တန်းသားအရေအတွက် ကန့်သတ်ထားပါသဖြင့် စိတ်ပါဝင်စား၍ တက်ရောက်လိုသူများအနေဖြင့် မြန်မာနိုင်ငံစိတ်ပညာအသင်း ရုံးခန်းအမှတ် (၂၁) ၉ လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၂၁၂၂၄၃၊ ၀၁-၂၃၁၆၈၆၁၊ ၀၉-၅၀၀၁၁၂၃ တို့သို့ အချိန်မီ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဇီဝမျိုးစုံ ကြွယ်စေဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့။

## ထင်သာမြင်သာပြုပြင်စရာ

# ဗန်းမောက်မြို့နယ်ရှိ ပင်လုံနှင့် ကျွန်းကုန်းကြား လူသွားလမ်းတံတား ပြန်လည်ပြင်ပေးရန်လို



စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် ပင်လုံကျေးရွာနှင့် ကျွန်းကုန်းကျေးရွာကြားရှိ ရွာချင်းဆက် လူသွားလမ်းပျဉ်ခင်းတံတား ပျက်စီးနေသည့်အတွက် ပြန်လည်ပြုပြင်ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိနေကြောင်း သိရသည်။

"တံတားလေးပျက်နေတာကို ပြန်ပြုပြင်ပေးဖို့ရာ လိုအပ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီလမ်းက ကျွန်းကုန်း (အထက) တွဲဖက်ကျောင်းသူကျောင်းသားတွေအတွက် အတော်လေး အရေးပါတဲ့ လမ်းဖြစ်နေတော့ လမ်းကောင်းဖို့ရာ လိုအပ်ပါတယ်"ဟု တုံးလှော်ရွာမှ ဒေသခံတစ်ဦးက ပြောသည်။

နွေ၊ မိုး၊ ဆောင်းသွားလာနေသည့် လူသွားလမ်းမြောင်းကူးပျဉ်ခင်းတံတားသည် ပျက်စီးနေသည့်အတွက်ကြောင့် တုံးလှော်ကျေးရွာနှင့် ပင်လုံကျေးရွာမှ ကျောင်းသားကျောင်းသူများအတွက် အခက်အခဲများရှိနေကြသလို ဒေသခံများအတွက်လည်း အခက်အခဲများရှိနေသောကြောင့် လူကူးပျဉ်ခင်းတံတားကို ပြင်ဆင်ပေးရန် လိုအပ်နေကြောင်း သိရသည်။

**သန်းမောင်လေး (ကချင်မြေ )**

# သဘာဝဘေး ကူညီဖြေရှင်းပေးမည့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီ

မင်းမင်းဇော်(ကလေး)

**နိုင်ငံအတွင်းအချိန်ကာလအလျောက်ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်တွက်ဆ၍ သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးအစီအမံများ စနစ်တကျပြုလုပ်ထားနိုင်ရေးနှင့် သဘာဝဘေးအန္တရာယ်ကျရောက်လာသည့်အခြေအနေတွင် ကယ်ဆယ်ရေးနှင့်ထောက်ပံ့ကူညီရေးလုပ်ငန်းများကို လျင်မြန်သွက်လက်စွာ ဆောင်ရွက်ပေးနိုင်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးဆောင်၍ ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းကော်မတီ ၁၁ ခုကို လည်းထပ်မံဖွဲ့စည်းခဲ့သည်။**

အဆိုပါလုပ်ငန်းကော်မတီ ၁၁ ခုအနက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ကော်မတီနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကိုသိရှိနိုင်ရန် မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားတင်ပြလိုက်ရပါသည်။

**မေး ။ ။ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီရဲ့ ဖွဲ့စည်းမှုကို သိလိုပါတယ်ခင်ဗျာ။**

ဖြေ ။ ။ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ကော်မတီမှာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဒုတိယဥက္ကဋ္ဌနဲ့ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းစတဲ့ အဖွဲ့အစည်းတွေက တာဝန်ရှိသူတွေပါဝင်တဲ့ အဖွဲ့ဝင် ၁၃ ဦးနဲ့ ဖွဲ့စည်းထားပါတယ်။

**သဘာဝဘေးအန္တရာယ် ခံစားနေကြရသူတွေ အသက်ဘေးက လွတ်မြောက်စေရေးနဲ့ အသက်ရှင်ကျန်နေသူတွေအားလုံး ဆက်လက်ရှင်သန်နိုင်ဖို့အတွက် အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းတွေ ဆောင်ရွက်ရေးဟာ ကျွန်တော်တို့ ဦးစီးဌာနရဲ့ ရည်မှန်းချက်ဖြစ်**

**မေး။ ။ လုပ်ငန်းကော်မတီမှာပါဝင်တဲ့ မီးသတ်ဦးစီးဌာနရဲ့ ရည်ရွယ်ချက်နဲ့ ရည်မှန်းချက် တာဝန်တွေကို သိပါရစေ။**

ဖြေ။ ။ နိုင်ငံအတွင်းအချိန်ကာလအလျောက် ဖြစ်ပေါ်လာနိုင်တဲ့ သဘာဝဘေးအန္တရာယ်တွေကို စီမံခန့်ခွဲမှုပြုလုပ်ရာမှာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီကပေးအပ်တဲ့ လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်နိုင်ဖို့နဲ့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ဖွဲ့စည်းထားပြီး သဘာဝဘေးအန္တရာယ်ခံစားနေကြရသူတွေ အသက်ဘေးကလွတ်မြောက်စေရေးနဲ့ အသက်ရှင်ကျန်နေသူတွေအားလုံး ဆက်လက်ရှင်သန်နိုင်ဖို့အတွက် အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းတွေ ဆောင်ရွက်ရေးဟာ ကျွန်တော်တို့ဦးစီးဌာနရဲ့ရည်မှန်းချက်ဖြစ်ပါတယ်။

**မေး ။ ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေဆောင်ရွက်ဖို့ ဖွဲ့စည်းထားတဲ့ ဖွဲ့စည်းမှုအခြေအနေကို သိပါရစေခင်ဗျာ။**

ဖြေ။ ။ နေပြည်တော်၊ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာရှိတဲ့ မြို့နယ်တွေမှာ မတော်တဆဖြစ်ပွားမှုတွေအပါအဝင် သဘာဝဘေးအန္တရာယ်တစ်ရပ်ရပ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့ရင် ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ဖို့အတွက် တစ်မြို့နယ်လျှင် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင် ၃၅ ဦးပါဝင်တဲ့ တပ်စု(၁)စုစီနဲ့ စုစုပေါင်း တပ်စု (၃၃၃)စု စုဖွဲ့ထားရှိပြီး မတော်တဆဖြစ်ပွားမှုတွေအပါအဝင် သဘာဝဘေးအန္တရာယ်တစ်ရပ်ရပ်ကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးမှုကြီးများဖြစ်ပွားခဲ့ရင် ဒေသတွင်းနဲ့အခြားဒေသတွေကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ဖို့အတွက် တိုင်းဒေသကြီးနဲ့ပြည်နယ်တွေရဲ့မြို့တော်တွေ မှာ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်အင်အား ၁၁၆ ဦး ပါဝင်တဲ့ တပ်ခွဲ(၁)ခွဲစီနဲ့ စုစုပေါင်းတပ်ခွဲ (၁၇)ခွဲစုဖွဲ့ထားရှိပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်ရဲ့ တိုက်ရိုက်ကွပ်ကဲမှုနဲ့ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနဲ့ ရန်ကုန်တိုင်းဒေသကြီးတို့မှာ ရှာဖွေကယ်ဆယ်ရေးအထူးတပ်ခွဲ(၃)ခွဲကို အရန်ဖွဲ့စည်းထားရှိပါတယ်။ နိုင်ငံတစ်ဝန်းလုံးမှာ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် အင်အား ၁၃၉၇၅ ဦးကို သန္ဓေနဲ့အရန်မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ စုဖွဲ့ထားပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ လွှမ်းခြုံဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ မြေပြင်နဲ့ ရေပြင်မှာ သဘာဝဘေးအန္တရာယ်ဖြစ်ပွားခဲ့ရင် ဘယ်လိုရှာဖွေကူညီ ကယ်ဆယ်သွားမယ်ဆိုတာကို ပြောပြပေးပါခင်ဗျာ။**

ဖြေ ။ ။ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီအနေနဲ့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစဉ်တွေကို စီမံချက်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်၊ နိုင်ငံအတွင်း အချိန်ကာလအလျောက် ဖြစ်ပေါ်လာနိုင်တဲ့ သဘာဝဘေးအန္တရာယ်တွေ ဖြစ်ပွားလာခဲ့တဲ့အခါ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစဉ်တွေအနေနဲ့ သာမန်အချိန် ဆောင်ရွက်ခြင်း၊ အရေးပေါ်အချိန်ဆောင်ရွက်ခြင်း (ကြိုတင်သတိပေးချက်ရရှိချိန်)၊ အရေးကြီးချိန်ဆောင်ရွက်ခြင်း (သဘာဝဘေးအန္တရာယ်ကျရောက်နေစဉ်)နဲ့ ပြန်လည်ထူထောင်ရေးဆောင်ရွက်ခြင်း(ဖြစ်ပွားပြီးချိန်)ဆိုပြီး အပိုင်းလေးပိုင်းနဲ့ ဆောင်ရွက်လျက်ရှိပါတယ်၊ သာမန်အချိန်ဆောင်ရွက်ခြင်းအနေနဲ့ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် အင်အားစုဖွဲ့ခြင်း၊ ဒေသအလိုက်နဲ့ သင်တန်းကျောင်းတွေမှာ ရှာဖွေကယ်ဆယ်ရေး နည်းပညာတွေ လေ့ကျင့်ပေးခြင်း၊ ပြည်ပနိုင်ငံတွေကို စေလွှတ်လေ့ကျင့်စေခြင်းနဲ့ ပြည်ပနည်းပြအကူအညီတွေရယူပြီး ပြည်တွင်းမှာလေ့ကျင့်ခြင်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် ကြိုတင်ပြင်ဆင်ခြင်းအပိုင်းအနေနဲ့ ရိက္ခာအတွက် ကြိုတင်စီမံထားခြင်း၊ ဆေးဝါး၊ ဝတ်စုံနဲ့ ရှာဖွေကယ်ဆယ်ရေးပစ္စည်းတွေ စုဆောင်းခြင်းနဲ့ သယ်ယူ ပို့ဆောင်ရေးယာဉ်တွေရရှိရေးစီမံထားခြင်းတွေ ပြုလုပ်ထားပါတယ်။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီနဲ့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတို့က သဘာဝဘေးအန္တရာယ်နဲ့စပ်လျဉ်းတဲ့ ကြိုတင်သတိပေးမိန့်ရရှိပါက အရေးပေါ်အချိန်ဆောင်ရွက်ခြင်းတွေအနေနဲ့ အင်အားတွေအသင့်စုဖွဲ့ထားခြင်း၊ စုရပ်များသတ်မှတ်ခြင်း၊ သတိပေးချက်သတင်းများစုဆောင်းခြင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် လိုအပ်တဲ့ သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်နဲ့ရေယာဉ်တွေ အသင့်ထားရှိခြင်း၊ ကြိုတင်စီမံထားရှိတဲ့ရိက္ခာတွေကို အသင့်ထုပ်ပိုးပြင်ဆင်ခြင်းနဲ့ လိုအပ်တဲ့အသက်ကယ် လုပ်ငန်းသုံးပစ္စည်းတွေ အသင့်စုဖွဲ့ထားခြင်းတွေ ဆောင်ရွက်ထားပါတယ်။ အရေးကြီးချိန် ဆောင်ရွက်ခြင်းအနေနဲ့ ပထမဦးစွာ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်တွေကို ဖြစ်စဉ်ဖြစ်ပွားရာဒေသများသို့ အဆင့်(၄)ဆင့်ဖြင့်စေလွှတ်ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပထမအဆင့်အနေနဲ့ သဘာဝဘေးသတင်းရရှိတာနဲ့ သဘာဝဘေးဒဏ်သင့် ခရိုင်နဲ့မြို့နယ်တွေကို သဘာဝဘေးဒဏ်က လွတ်မြောက်တဲ့အနီးစပ်ဆုံး မြို့နယ်သုံးမြို့နယ်က တပ်စုသုံးစုစေလွှတ်ခြင်း၊ ဒုတိယအဆင့်အနေနဲ့သဘာဝဘေးဒဏ်သင့်မြို့နယ်တွေကို တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာ အသင့်စုဖွဲ့ထားတဲ့ တပ်ခွဲ(၁)ခွဲကို ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ဖို့ ထပ်မံစေလွှတ်ခြင်း၊ တတိယအဆင့်အနေနဲ့ အင်အားထပ်မံလိုအပ်ပါက သဘာဝဘေးဒဏ်ခံရတဲ့ ဒေသနဲ့ထိစပ်လျက်ရှိတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ကတပ်ခွဲ တစ်ခွဲကို ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ဖို့ ထပ်မံစေလွှတ်ခြင်း၊ စတုတ္ထအဆင့်အနေနဲ့ ကျန်တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအလိုက်စုဖွဲ့ထားတဲ့ တပ်ခွဲ တစ်ခွဲကိုအသင့်ပြုလုပ်ပြီး အရေးပေါ်အခြေအနေအရ လိုအပ်တဲ့အင်အားတွေကိုထပ်မံစေလွှတ်သွားမှာဖြစ်ပါတယ်။

သဘာဝဘေးဒဏ်ခံစားနေရတဲ့ ဒေသတွေမှာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစဉ်များအနေနဲ့ သတင်းအချက်အလက်များအမြန်ဆုံးရရှိရန်ဆောင်ရွက်ခြင်း၊ နေရာအနှံ့ ပိုက်စိပ်တိုက်ရှာဖွေခြင်းနဲ့ကယ်ဆယ်ခြင်း၊ ရှေးဦးသူနာပြုစုခြင်း၊ သက်ဆိုင်ရာကျန်းမာရေးအဖွဲ့များသို့ ဆေးဝါးကုသနိုင်ရေးပေးပို့ခြင်း၊ ဘေးဒဏ်သင့်သူတွေကို အမိုးအကာအောက်ရောက်ရှိအောင်ဆောင်ရွက်ပေးခြင်း၊ အရေးပေါ်နားခိုရာနေရာများ ဆောက်လုပ်ပေးခြင်း၊ အခြေခံအစားအစာတွေ၊ အဝတ်အထည်တွေနဲ့ သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးခြင်း၊ သေဆုံးသူများကိုတွေ့ရှိပါက အလောင်းဆယ်တင်ခြင်း၊ ဒေသခံများနဲ့အတူအတည်ပြုခြင်းနဲ့ စနစ်တကျသင်္ဂြိုဟ်ဖို့ကူညီဆောင်ရွက်ပေးခြင်း၊ သေဆုံးသူတွေဆီက ကူးစက်ရောဂါတွေမပြန့်ပွားစေဖို့ ကူညီဆောင်ရွက်ပေးခြင်းစတဲ့ လုပ်ငန်းစဉ်တွေကို ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ခြင်း (ဖြစ်ပွားပြီးချိန်) လုပ်ငန်းတွေအနေနဲ့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရဲ့ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။



ရေကြီးရေလျှံမှု ကာကွယ်ဆောင်ရွက်နေသည့် သဘာဝဘေးကူညီကယ်ဆယ်ရေးအဖွဲ့ကို တွေ့ရစဉ်

**မေး ။ ။ သဘာဝဘေးမဟုတ်ဘဲ မြေပြင်နဲ့ရေပြင်မှာ ဘေးအန္တရာယ်ကြုံတွေ့ခဲ့ရင်(ဥပမာ - တိုက်ပေါ်ကခုန်ချတာ၊ ရေယာဉ်နဲ့ မော်တော်ယာဉ်မီးလောင်တာ)ဘယ်လို ကူညီကယ်ဆယ်သွားမလဲဆိုတာ သိလိုပါတယ်။**

ဖြေ ။ ။ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ခရိုင်၊ မြို့နယ်နဲ့ နယ်မြေမီးသတ်စခန်းတွေဟာ မီးဘေးလုံခြုံရေးနဲ့ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေကို အချိန်နဲ့တစ်ပြေးညီဆောင်ရွက်နိုင်ဖို့ လေ့ကျင့်ဖွဲ့စည်းထားတဲ့အတွက် သတင်းရလျှင်ရချင်း အချိန်တိုအတွင်း လျင်မြန်စွာ တုံ့ပြန်ကူညီ ကယ်ဆယ်ဆောင်ရွက်ပေးသွားနိုင်မှာ ဖြစ်ပါတယ်။

**မေး ။ ။ အကူအညီတောင်းခံဖို့ ဘယ်ကို၊ ဘယ်လိုဆက်သွယ်ရမလဲ။**

ဖြေ ။ ။ ကျွန်တော်တို့ မီးသတ်ဦးစီးဌာနရဲ့ အရေးပေါ်ဆက်သွယ်ရေးတယ်လီဖုန်း အမှတ် ၁၉၁ ကို သော်လည်းကောင်း၊ တစ်နိုင်ငံလုံးမှာရှိတဲ့ နယ်မြေအဆင့်၊ မြို့နယ်အဆင့် မီးသတ်စခန်းတွေရဲ့ ဖုန်းနံပါတ်တွေက သော်လည်းကောင်း ဆက်သွယ်နိုင်သလို မြို့နယ်၊ ရပ်ကွက်နဲ့ကျေးလက်အုပ်ချုပ်ရေးမှူးတွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေ၊ ရပ်ရွာလူထုအခြေခံအဖွဲ့အစည်းဖြစ်တဲ့ အရန်မီးသတ်တပ်ဖွဲ့ဝင်တွေကနေ တစ်ဆင့်လည်း အမြန်ဆုံးဆက်သွယ်ပြီး အကူအညီတောင်းခံနိုင်ပါတယ်။

**မေး ။ ။ ဌာနရဲ့ ရှာဖွေကူညီကယ်ဆယ်ရေး စွမ်းအားကို ဘယ်လို တည်ဆောက်ထားပါသလဲ၊ ယာဉ်နဲ့ စက်ကိရိယာတွေရဲ့ စွမ်းအားအပေါ် သုံးသပ်ပေးစေလိုပါတယ်။**

ဖြေ ။ ။ ရှာဖွေကယ်ဆယ်ရေးစွမ်းအားနဲ့ ပတ်သက်ပြီး အပြည်ပြည်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေးအကြံပြုအဖွဲ့ရဲ့ လုပ်ငန်းစဉ်အကြံပြုချက် (International Search and Rescue Advisory Group- Guideline) အရ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်တွေရဲ့ လုပ်ငန်းစွမ်းဆောင်ရည်နဲ့ ရှာဖွေကယ်ဆယ်ရေးအထောက်အကူပြုပစ္စည်းတွေပေါ်မှာ မူတည်ပြီး အသေးစားအဖွဲ့ (Light Team)၊ အလတ်စားအဖွဲ့ (Medium Team)၊ အကြီးစားအဖွဲ့ (Heavy Team)ဆိုပြီး သုံးပိုင်းခွဲခြားထားရာမှာ မြို့နယ်တွေမှာဖွဲ့စည်းထားတဲ့ တပ်စုတွေဟာ အသေးစားအဖွဲ့ (Light Team) အဆင့်ဆောင်ရွက်နိုင်ပြီး၊ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေရဲ့မြို့တော်တွေမှာ ဖွဲ့စည်းထားတဲ့ တပ်ခွဲတွေဟာ အလတ်စားအဖွဲ့ (Medium Team) အဆင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဆက်လက်ပြီး တပ်ဖွဲ့ဝင်တွေရဲ့လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ခြင်းနဲ့ မကြာခင်ပိုလန်နိုင်ငံကနေ လက်ခံရရှိမယ့် ခေတ်မီအဆင့်မြင့်မီးငြိမ်းသတ်ရေးနဲ့ ရှာဖွေကယ်ဆယ်ရေးယာဉ်တွေ၊ မီးသတ်အထောက်အကူပြုယာဉ်တွေ၊ စက်ကိရိယာတွေနဲ့ ၎င်းတို့ရဲ့ဆက်စပ်ပစ္စည်းတွေနဲ့ အကြီးစားအဖွဲ့ (Heavy Team) အဆင့် ဆက်လက်မြှင့်တင်နိုင်ရေး စီမံဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး ။ ။ ရှာဖွေ ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေအတွက် ဘယ်လိုကြိုတင်ပြင်ဆင်ထားပါသလဲ။**

ဖြေ ။ ။ ကြိုတင်ပြင်ဆင်ရေးအပိုင်းအနေနဲ့ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်တွေကို စုဖွဲ့ခြင်း၊ ဒေသအလိုက်နဲ့ သင်တန်းကျောင်းတွေမှာ ရှာဖွေကယ်ဆယ်ရေးနည်းပညာတွေလေ့ကျင့်ပေးခြင်း၊ ပြည်ပနိုင်ငံများသို့ စေလွှတ်လေ့ကျင့်စေခြင်း၊ ပြည်ပနည်းပြ အကူအညီများရယူပြီး ပြည်တွင်းမှာလေ့ကျင့်ခြင်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ရိက္ခာအတွက် ကြိုတင်စီမံထားခြင်း၊ ဆေးဝါး၊ ဝတ်စုံ၊ ရှာဖွေကယ်ဆယ်ရေး ပစ္စည်းများစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ရေးယာဉ်များရရှိရေး စီမံထားခြင်းတွေလည်း ပြုလုပ်ထားပါတယ်။

**မေး ။ ။ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေအတွက် နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို သိလိုပါတယ်။**

ဖြေ ။ ။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့က တပ်ဖွဲ့ဝင်တွေကို တရုတ်၊ဂျပန်၊ စင်ကာပူ၊ မလေးရှားနဲ့ ထိုင်းစတဲ့ နိုင်ငံတကာကဖွင့်လှစ်တဲ့ ရှာဖွေကယ်ဆယ်ရေးသင်တန်းတွေကို တက်ရောက်စေသလို၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့လည်း အလုပ်ရုံ ဆွေးနွေးပွဲတွေ၊ နည်းပညာအထောက်အကူပြုကိစ္စရပ်တွေမှာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်၊ ဒေသအတွင်းနိုင်ငံတွေအချင်းချင်း သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခန်းတွေ ပြုလုပ်ရာမှာလည်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ ရှာဖွေကူညီကယ်ဆယ်ရေးဆောင်ရွက်မယ့် ဘတ်ဂျက်ကို ဘယ်လိုခွဲဝေရရှိသုံးစွဲနေပါသလဲ။**

ဖြေ ။ ။ ရှာဖွေကူညီကယ်ဆယ်ရေးအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကနေ ဖြည့်တင်းဆောင်ရွက်ပေးနေသလို သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရ ဘဏ္ဍာရန်ပုံငွေတွေကလည်း တပ်ဖွဲ့ဝင်တွေရဲ့စွမ်းဆောင်ရည်မြှင့်တင်ရေးနဲ့ ရှာဖွေကယ်ဆယ်ရေးဆိုင်ရာပစ္စည်းများဖြည့်တင်းရေးစတာတွေကို နှစ်အလိုက်ဘဏ္ဍာ ရန်ပုံငွေတောင်းခံပြီး ဖြည့်ဆည်း ပံ့ပိုးပေးလျက်ရှိတယ်။

**မေး ။ ။ သဘာဝဘေးအန္တရာယ်တွေမှာ ရှာဖွေကူညီကယ်ဆယ်ခဲ့ဖူးတဲ့ လုပ်ငန်းကြီးအချို့ကို သိလိုပါတယ်။**

ဖြေ ။ ။ မီးသတ်ဦးစီးဌာနအနေနဲ့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းဆိုတာ မီးငြိမ်းသတ်ရေးလိုပဲ အဓိကတာဝန်တစ်ရပ်ဖြစ်ပါတယ်၊ မီးသတ်တပ်ဖွဲ့ စတင်ဖွဲ့စည်းစဉ်ကတည်းက မီးဘေးအန္တရာယ်အပါအဝင် ဘယ်လိုဘေးအန္တရာယ်မှာပဲဖြစ်ဖြစ် မီးသတ်တပ်ဖွဲ့ဝင် တွေကကူညီကယ်ဆယ်ရေးလုပ်ငန်းတွေကိုဆောင်ရွက်ခဲ့ကြတာပါ၊ အထူးအားဖြင့်တော့ ၂၀၀၈ ခုနှစ် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြီး ဖြစ်ပွားပြီးချိန်ကစပြီး နောက်ပိုင်း နိုင်ငံမှာကျရောက်ခဲ့တဲ့ သဘာဝဘေးအန္တရာယ်အမျိုးမျိုးဖြစ်တဲ့ ၂၀၁၀ ခုနှစ် အောက်တိုဘာလကဖြစ်ပွားခဲ့တဲ့ ရခိုင်ပြည်နယ် ဂီရိမုန်တိုင်းဘေး၊ ၂၀၁၁ ခုနှစ် မတ်လမှာဖြစ်ပွားခဲ့တဲ့ ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ တာလေမြို့နယ်ခွဲတွင် မြေငလျင်ဘေး၊ ၂၀၁၁ ခုနှစ် အောက်တိုဘာလက မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်မှာ ဖြစ်ပွားခဲ့တဲ့ရေဘေး၊ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလမှာဖြစ်ပွားခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက်မီးဘေး၊ ၂၀၁၂ ခုနှစ် နိုဝင်ဘာလက စစ်ကိုင်းတိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီးတွေမှာ ဖြစ်ပွားခဲ့တဲ့မြေငလျင်ဘေး၊ ၂၀၁၃ ခုနှစ် မေလမှာ ဖြစ်ပွားခဲ့တဲ့ ရှမ်းပြည်နယ်မြောက်ပိုင်း လေပြင်းတိုက်ခတ်မှု၊ ၂၀၁၄ ခုနှစ် ဩဂုတ်လက မွန်ပြည်နယ်နဲ့ ပဲခူးတိုင်းဒေသကြီးတွေက ရေကြီးနစ်မြုပ်မှုတွေ၊ ၂၀၁၅ ခုနှစ် ဇွန်လနဲ့ ဇူလိုင်လအတွင်းမှာဖြစ်ပွားခဲ့တဲ့ ရေကြီးနစ်မြုပ်မှုတွေနဲ့ မြေပြိုမှုတွေ၊ ၂၀၁၆ ခုနှစ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ပွားခဲ့တဲ့ ရေကြီးနစ်မြုပ်မှုတွေ၊ ၂၀၁၇ ခုနှစ် မတ်လအတွင်းက တိုက်ကြီးမြို့မှာ ဖြစ်ပွားခဲ့တဲ့ ငလျင်ဘေးအန္တရာယ်တွေနဲ့ ဧပြီလအတွင်းဖြစ်ပွားတဲ့ မာရသာမုန်တိုင်းစတာတွေမှာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ အစိုးရအဖွဲ့အစည်းတွေရော အစိုးရမဟုတ်တဲ့ လူမှုအဖွဲ့အစည်းတွေ အားလုံးနဲ့ပါ ပူးပေါင်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ။

# တောင်ကလေးဆရာတော်၏မွေးနေ့တွင် တံတားဖွင့်ပွဲ၊ လှေလှော်ပြိုင်ပွဲနှင့် သက်ရှိသတ္တဝါများလွှတ်ပွဲကျင်းပ

**ဘားအံ ဇူလိုင် ၁၇**

ကရင်ပြည်နယ် ဘားအံမြို့တောင်ကလေးဆရာတော်အရှင်ပညာသာမိ(တောမှီရဟန်း)၏ (၅၇)နှစ်မြောက် ဝိဇာတမွေးနေ့အထိမ်းအမှတ်တွင် တံတားဖွင့်ပွဲ၊ လှေလှော်ပြိုင်ပွဲနှင့် သက်ရှိသတ္တဝါများဖြစ်သောငန်းဘဲ၊ ဂျိုးဖြူငှက်နှင့် ငါးသက်စေ့လွှတ်ပွဲကို ဇူလိုင် ၁၄ ရက်ကဘားအံမြို့လှာကမြင်ကျေးရွာအုပ်စု ရသဝေါကျေးရွာရသဝေါအင်း ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာဘားအံမြို့တောင်ကလေးဆရာတော် အရှင်ပညာသာမိ(တောမှီရဟန်း)၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုဝန်ကြီးဦးစိုးလှိုင်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဦးစောမြင့်ဦးနှင့် ပြည်နယ်မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်းတို့က ရသဝေါကျေးရွာရှိရသဝေါအင်းကိုဖြတ်ဆောက်ထားသော အရှည်ပေ ၁၀၀၀ ကျော်၊ အကျယ်ငါးပေရှိဆိုင်ကယ်နှင့် လူသွားတံတားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဆရာတော်၊ ပြည်နယ်ဝန်ကြီးများ၊ တောင်ကလေးဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ ကျောင်းသားကျောင်းသူများနှင့် တပည့်ဒါယကာ ဒါယိကာမများက ဇီဝိတဒါနအဖြစ် ငါးများ၊ ဂျိုးဖြူငှက်များနှင့် ဘဲငန်းတို့ကို ရသဝေါအင်းအတွင်းသို့ ဘေးမဲ့လွှတ်ကြသည်။

အလားတူ ဆရာတော်၏ ဝိဇာတမွေးနေ့အထိမ်းအမှတ် ရိုးရာလှေလှော်ပြိုင်ပွဲဖွင့်ပွဲကိုဇူလိုင် ၁၃ ရက်မှ ဇူလိုင် ၁၄ ရက်အထိ အဆိုပါရသဝေါအင်းအတွင်း၌ ကျင်းပရာအမျိုးသား ၅ တက်လှော်ပြိုင်ပွဲဝင်အသင်း ၃၈ သင်း၊ အမျိုးသမီး ၅ တက်လှော်ပြိုင်ပွဲဝင်အသင်း ၁၃သင်းနှင့် အမျိုးသား ၃ တက်လှော်ပြိုင်ပွဲဝင်အသင်း ၁၄ သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြရာဆုကြေးအဖြစ် ပြိုင်ပွဲအမျိုးအစားသုံးမျိုးစလုံးတွင် ပထမဆုရအသင်းအား ငွေကျပ်သုံးသိန်း၊ ဒုတိယဆုရအသင်းအား ငွေကျပ်နှစ်သိန်းနှင့် တတိယဆုရအသင်းအား ငွေကျပ်တစ်သိန်းစီကို တောင်ကလေးဆရာတော် အရှင်ပညာသာမိ (တောမှီရဟန်း)၊ တောင်ကလေး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာတော်ဦးဥတ္တမနှင့် ကရင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူး ဦးအေးလွင်တို့က ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



## အောင်ပွဲရ အမျိုးသမီးမြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့နှင့် အမျိုးသားပိုက်ကျော်ခြင်းအဖွဲ့အား ဂုဏ်ပြု

**ထားဝယ် ဇူလိုင် ၁၇**

၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ်မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် ပထမဆုဖလားဆွတ်ခူးရရှိသော တနင်္သာရီတိုင်းဒေသကြီး အမျိုးသမီးမြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် နှစ်ယောက်တွဲပြိုင်ပွဲ ပထမဆုရရှိခဲ့သော တနင်္သာရီတိုင်းဒေသကြီး အမျိုးသားပိုက်ကျော်ခြင်းအဖွဲ့အား ဂုဏ်ပြုပွဲကို ဇူလိုင် ၁၄ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော်က ဂုဏ်ပြုအမှာစကား ပြောကြားပြီးဆက်လက်၍ တိုင်းဒေသကြီး မြန်မာ့ရိုးရာလက်ဝှေ့ အဖွဲ့ခေါင်းဆောင် တိုင်းဒေသကြီး ရိုးရာလက်ဝှေ့ဆပ်ကော်မတီ အတွင်းရေးမှူး ဦးမြင့်ဝေက ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ပိုက်ကျော်ခြင်းအဖွဲ့ ခေါင်းဆောင် ပိုက်ကျော်ခြင်းဆပ်ကော်မတီ အတွင်းရေးမှူး ဦးသိန်းအောင်က ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြ၍ ရရှိလာသောဆုဖလားအား တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ အပ်နှံသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တနင်္သာရီတိုင်းဒေသကြီး အမျိုးသမီး မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့အား ဂုဏ်ပြုဆုငွေကျပ် ၁၄ သိန်းနှင့် တိုင်းဒေသကြီး အမျိုးသားပိုက်ကျော်ခြင်းအဖွဲ့အား ဂုဏ်ပြုဆုငွေကျပ် ခြောက်သိန်းပေးအပ်ပြီး PTC ကုမ္ပဏီက မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့အား ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

## မြန်မာ-ထိုင်းချစ်ကြည်ရေးအားကစားပြိုင်ပွဲ မယ်စဲ့မြို့၌ ကျင်းပ

**မယ်စဲ့ ဇူလိုင် ၁၇**

မြန်မာ(မယ်စဲ့)-ထိုင်း(ခွန်ရုံး) နှစ်နိုင်ငံနယ်စပ်ဒေသချစ်ကြည်ရေးအားကစားပြိုင်ပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၁၀ နာရီက မယ်စဲ့မြို့နယ် ဟိုစဲ့မြို့သစ် ကရင်နီပြည် လူမျိုးပေါင်းစုံပြည်သူ့လွှတ်မြောက်ရေးတပ်ဦးအားကစားကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ချစ်ကြည်ရေးဘောလုံးပွဲကို နှစ်နိုင်ငံအလံစိုက်ထူ၍ ဖွင့်လှစ်ပေးရာ မြန်မာ-ထိုင်း နှစ်နိုင်ငံ သက်ကြီးတန်းအသင်းနှင့် သက်လတ်တန်းဘောလုံးအသင်း နှစ်သင်းတို့ ချစ်ကြည်ရေးဘောလုံးယှဉ်ပြိုင်ကစားခဲ့ကြသည်။

ဆက်လက်၍ ပိုက်ကျော်ခြင်းပြိုင်ပွဲကိုကျင်းပရာ နှစ်နိုင်ငံသက်လတ်တန်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြပြီး မြန်မာ-ထိုင်းချစ်ကြည်ရေးအားကစားပြိုင်ပွဲကို မယ်စဲ့မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်နှင့် ဌာနဆိုင်ရာများ၊ ထိုင်းနိုင်ငံ ခွန်ရုံးမြို့နယ်အုပ်ချုပ်ရေးမှူး Narongchai Chindaphan နှင့်အဖွဲ့၊ မယ်စဲ့မြို့နယ် အားကစားဝါသနာရှင် ဒေသခံပြည်သူများက အားပေးကြည့်ရှုခဲ့ကြသည်။

အဆိုပါ နှစ်နိုင်ငံချစ်ကြည်ရေးအားကစားပြိုင်ပွဲကို မယ်စဲ့မြို့နယ်တွင် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး နှစ်နိုင်ငံနယ်စပ်မြို့မှ ပြည်သူများ ချစ်ကြည်ရင်းနှီးမှုရရှိစေရေး နှစ်နိုင်ငံယဉ်ကျေးမှုများ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **ဝတ်ရည် (ပြန်/ဆက်)**



## ရေကြီးရေလျှံမှုများမဖြစ်စေရေး ရေဆိုးထုတ်မြောင်းတူးဖော်

**ပေါင်းတည် ဇူလိုင် ၁၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် အရှေ့မြောက်ဘက် ခုနစ်မိုင်အကွာတွင် မဲခေါင်းကျေးရွာရှိသည်။ လမ်းတစ်လျှောက်တွင် ကံကျောက်၊ ရွာပုလဲ၊ ရေဆည်ကြီး၊ ရွာလှ-တောင်ကုန်း၊ ဝက်မြေလူး၊ သရက်ကုန်းကျေးရွာများပါဝင်သည်။

အဆိုပါ ကျေးရွာများတွင် မိုးရွာသွန်းမှုများသောကာလများ၌ ကျေးရွာချင်းဆက်လမ်းများနှင့် စိုက်ပျိုးမြေလယ်ယာများ ရေနစ်ပျက်စီးပြီး သဘာဝဘေးအန္တရာယ်နှင့် နှစ်စဉ်ကြုံတွေ့နေရသည်။ ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းရှိ ဆည်ရေသောက်စနစ်များ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဂျိုက်ကာစီမံကိန်း ပရောဂျက်ရန်ပုံငွေဖြင့် မဲခေါင်းကျေးရွာမှပေါင်းတည်မြို့အထိလမ်းဘေးဝဲယာကို ရေဆိုးထုတ်တူးမြောင်း တူးဖော်ခြင်း၊ လယ်မြေပခုံးသား ချဲ့ထွင်ခြင်းများကို ဇွန်လတတိယပတ်က စတင်၍ ဆောင်ရွက်လျက်ရှိရာ လယ်ဧက ၅၀၀ ကျော် ရေနစ်မြုပ်ခြင်းမှကင်းလွတ်ပြီး ကျေးရွာလမ်းမများပေါ် ရေကျော်ခြင်း၊ ရေဝပ်ခြင်းမရှိသည့်အတွက် လမ်းပျက်စီးမှုနည်းပါးကာ လမ်းကျယ်ဝန်းမှုကြောင့် ယာဉ်အန္တရာယ်ကင်းရှင်းသည့်အပြင် ရေဆိုးထုတ်မြောင်းမှ ရေဖြင့်ကုန်းမြေကျသည့်ထိပ်ပေါက်ကုန်းရွာနှင့် အရှေ့ချောင်းခွရွာရှိ လယ်မြေဧက ၈၀ ကျော်အား ရေသွင်းစိုက်ပျိုးနိုင်မည်ဖြစ်သည်။

အဆိုပါ ဆောင်ရွက်မှုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဆည်မြောင်းဦးစီးဌာနထိန်းသိမ်းရေးနှင့် တည်ဆောက်ရေး (၂) မှ ဦးစီးအရာရှိ ဦးစန်းဦးနှင့် ဦးစီးမှူးဦးမင်းအောင်တို့က ကြီးကြပ်ဆောင်ရွက်ပြီး လမ်းကော်မတီဝင်များ၊ ကျေးရွာတောင်သူများကစက်ယန္တရား၊ လူအင်အားတို့နှင့် ပူးပေါင်းလုပ်ဆောင်ခဲ့ကြောင်း ဦးဆောင်သူ ဦးမြင့်ထွန်းကပြောသည်။

**တင်ဝင်းဇော် (မင်းသားကြီး)**

## ဝါးခယ်မမြို့နယ်၌ မိုးရာသီကာလ ရေကြီးနစ်မြုပ်မှုလျော့နည်းစေရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိ

**ဝါးခယ်မ ဇူလိုင် ၁၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်၌ မိုးရာသီ ကာလအတွင်း ရေကြီးနစ်မြုပ်မှုလျော့နည်း သက်သာစေရေးအတွက် တာတမံများကို မြှင့်တင်ပေးခြင်း၊ ရေတံခါးများကို ပြန်လည်ပြုပြင်ပေးခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက်ချောင်းကောမြောင်းကောများကို ပြန်လည်တူးဖော်ပေးခြင်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ကြိုတင်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ဝါးခယ်မမြို့နယ်တွင် ဆည်မြောင်းဦးစီးဌာနမှ ထိန်းသိမ်းထားသော ကျွန်းပတ်တာတစ်ခု၊ ရေဘေးကာကွယ်ရေး တာတမံခုနစ်ခု၊ ရေတံခါး ၁၈ ခုရှိကြောင်း သိရသည်။ မြို့နယ်၏ စိုးရိမ်ရေမှတ်မှာ ၁၂ ဒသမ ၅ပေနှင့် အန္တရာယ်ရေမှတ်မှာ ၁၃ ဒသမ ၈ပေ ဖြစ်ကြောင်းသိရပြီး ၂၀၁၆ ခုနှစ် မိုးရာသီကာလတွင် ဧရာဝတီမြစ်ရေသည် ၁၂ ဒသမ၁ပေသို့ ရောက်ရှိခဲ့သဖြင့် ပေကုန်းတာနှင့် စပါးယိုထီးတန်တာတို့တွင် ရေမကျော်စေရန် ခရိုင်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများ၊ ပြည်သူလူထုပူးပေါင်းမှုဖြင့် သဲအိတ်ချကာကွယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။



ယခုအခါ ပေကုန်းတာနှင့် စပါးယိုထီးတန်တာတို့တွင်တာထိပ်မြှင့်ခြင်းလုပ်ငန်းများ ကြိုတင်ဆောင်ရွက်ထားရှိခြင်း၊ ရွှေလောင်းကျွန်းအတွင်းရှိ အူကျွန်းရေ တံခါးကိုပြန်လည်ပြုပြင်ဆောင်ရွက်ထား ရှိခြင်း၊ မြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်စေရန်နှင့် လယ်မြေများ ရေကြီးနစ်မြုပ်မှု လျော့နည်းသက်သာစေရေးအတွက် ရွှေလောင်းကျွန်းအတွင်းရှိ ရေနုတ်မြောင်းများနှင့် ကစကဲကျွန်းအတွင်းရှိ ရေနုတ်မြောင်းများအား ပြန်လည်တူးဖော်ထားပြီးဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနဦးစီးအရာရှိ(မြို့ပြ) ဦးတင်မောင်ဇော်ထံမှ သိရသည်။

**အောင်မင်း (မြောင်းမြ)**

# ရွှေဘိုနှင့် ကုန်းဘောင်အမွေအနှစ်များ

**မောင်သာ(ရှေးဟောင်းသုတေသန)**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၇ မြို့နယ်အနက် ရွှေဘိုမြို့သည် ကုန်းဘောင်မင်းဆက် (ခရစ်နှစ် ၁၇၅၂-၁၈၈၅) စတင်အခြေတည်ခဲ့သည့်နေရာအဖြစ် သမိုင်းစဉ်ဆက်ထင်ရှားခဲ့သည်။ မူလရွှေဘိုသည် ကုန်းဘောင်ခေတ် မတိုင်မီက အင်းဝဘုရင်များနှင့် ဘုရင့်နောင်မင်းတရားတို့၏ လက်အောက်ခံနယ်မြေဖြစ်ခဲ့သည့် မုဆိုးဘိုရွာဖြစ်သည်။ ညောင်ရမ်းခေတ်ကုန်ဆုံးပြီးနောက် ခရစ်နှစ် ၁၇၅၃ ခုနှစ်တွင် မုဆိုးဘိုရွာသူကြီးဦးအောင်ဇေယျသည် မုဆိုးဘိုရွာကို ကုန်းဘောင်နန်းမြို့တော်အဖြစ် ကုန်းဘောင်၊ ရန်ကြီးအောင်၊ ရတနာသိခ်၊ မုဆိုးဘိုနှင့် ရွှေဘိုဟူ၍ အမည်ငါးမျိုးဖြင့်တည်ထောင်ခဲ့ပြီး ငါးမည်ရပြည်ရွှေဘိုကို "ရန်ကြီးအောင် ကုန်းဘောင်ခ၊ ငါးမည်ရပြည်ရွှေဘို၊ မုဆိုးဘို၊ ရန်ပြိုတဲ့ နာသိယ်၊ ဘိုးတော်ဒေသ"ဟု မှတ်သားခဲ့ကြသည်။

**အတိတ်ကုန်းဘောင်**

ဦးအောင်ဇေယျသည် မုဆိုးဘိုအနီးဝန်းကျင်ရှိ ရွာ ၄၆ ရွာကိုစုစည်း၍ ထန်းလုံးခံတပ်ဆောက်ကာ တတိယမြန်မာနိုင်ငံတော်ကုန်းဘောင်မင်းဆက်ကိုထူထောင်၍ မြန်မာသက္ကရာဇ် ၁၁၁၅ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၆ ရက် ကြာသပတေးနေ့ (ခရစ်နှစ် ၁၇၅၃ ခုနှစ် ဇွန် ၂၀ ရက်)တွင် ရွှေဘိုမြို့ကိုတည်ခဲ့ပြီး မြို့တည်နှစ် မြန်မာသက္ကရာဇ်ကို "ဥသြအော်မည်၊ ကုန်းဘောင်တည်"ဟု အမှတ်အသားပြုခဲ့ကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားသည်။ ဦးအောင်ဇေယျတည်ထောင်ခဲ့သည့် ကုန်းဘောင်နေပြည်တော်ကို အစွဲပြုလျက် ခရစ်နှစ် ၁၇၅၂ ခုနှစ်မှ မြန်မာနိုင်ငံ လွတ်လပ်ရေးဆုံးရှုံးခဲ့သည့် ၁၈၈၅ ခုနှစ်အထိ ၁၃၃ နှစ်ကြာရှည်ခဲ့သည့်ကာလကို ကုန်းဘောင်ခေတ်ဟု ခေါ်တွင်ခဲ့သည်။

ဦးအောင်ဇေယျမတိုင်မီက ရှေးမင်းဆက်များသည် ရန်သူတို့ဖျက်သဖြင့် အနွယ်ပြတ်ခဲ့သည်။ ကမ်းနှစ်ခုအကြား ရေပြင်ကိုကျော်ရန် ကုန်းဘောင်ပေါ်မှ ဖြတ်ကူးရသကဲ့သို့ ပြတ်သွားသောအနွယ်များကို ကုန်းဘောင်ဖြင့်ပြန်ဆက်သည်ဆိုသည့် အဓိပ္ပာယ်ဖြင့် ရွှေဘိုကို ကုန်းဘောင်ဟု ခေါ်တွင်ခဲ့သည်။ အချို့က ရွှေဘိုမြို့အနီးတွင် တောင်မြောက်တန်းနေသည့် ကုန်းဘောင်တောင်ကိုအစွဲပြုလျက် ကုန်းဘောင်ဟု အမည်တွင်ခဲ့ကြောင်းလည်း ဆိုကြသည်။

ဦးအောင်ဇေယျသည် မြန်မာပြည်အရပ်ရပ်ကို တိုက်ခိုက်သိမ်းပိုက်ပြီးနောက် မုဆိုးဘိုတွင် ရတနာအပေါင်း လာရောက်စုစည်းသည်ဟု ရည်ညွှန်းလျက် ရတနာသိယ်ဟု မှည့်ခေါ်ခဲ့သည်။ မုဆိုးဘိုအမည်မှာမူ ရှေးယခင်ကပင်ရှိခဲ့သည်။ ပုဂံနရပတိစည်သူမင်း တိုင်းခန်းလှည့်လည်စဉ် မုဆိုးငပိုအား ယခုရွှေဘိုဒေသ၌ ပိုမြေအပိုင်းအခြားနယ်နိမိတ်ကို ပေးခဲ့ရာမှ ငပိုက မုဆိုးပိုရွာကို ထူထောင်ခဲ့သည်။ ကာလရွေ့လျောသောအခါ မုဆိုးပိုမှ မုဆိုးဘိုဖြစ်လာခဲ့ပြီး မုဆိုးပိုကို နားဝင်ချိုသာစေရန် ရွှေပိုဟုခေါ်ဆိုကြရာမှ ရွှေဘိုဖြစ်လာခဲ့သည်။

ဒေါက်တာ ဂျေအက်စ်ဖာနီဗဲလ်နှင့် ဦးဖေမောင်တင်တို့ တည်းဖြတ်သည့် ဇမ္ဗူဒီပဥဆောင်းကျမ်းတွင် ရတနသိယ်နယ်၏ နယ်နိမိတ်ကို "အရှေ့ကိုလားသော် စည်လှ အင်ပင်မြစ်ညာ၊ တောင်ကိုလားသော် မလ္လာဂီရိ၊ အနောက်ကိုလားသော် ဇေတဝန်ကျောင်းကြီး၊ မြောက်ကိုလားသော် အက္ကပတ်ဌာနေ"ဟု ဖော်ပြထားသည်။

ဘိုးတော်ဘုရားဗဒုံမင်းသည် မြို့ဝန်းအတိုင်းအတာ အမျိုးမျိုးကွဲပြားနေသည့် ရွှေဘိုမြို့ကို မြန်မာသက္ကရာဇ် ၁၁၇၇ ခုနှစ်တွင် အလုံမြို့ဝန် သီရိဓမ္မာသောက၊ ရတနာသိယ်မြို့ဝန် ဇေယျသခ်၊ မြို့သူကြီး ဇေယျမဟာဗိုလ်၊ မြို့စာရေးငကောင်း၊ ငဝန်၊ စက်ဘောသစ်နှင့် စာရေးကြီး ကျော်ထင်နန္ဒမိတ်တို့အား တိုင်းတာစေခဲ့သည်။ ယင်းအဖွဲ့တိုင်းတာချက်အရ ရွှေဘိုမြို့သည် အရပ်တစ်မျက်နှာလျှင် ၁၀၀၁ တာရှိပြီး မြို့လေးမျက်နှာသည် တာဝန်း ၄၀၀၄ ရှိသဖြင့် တာဝန်း ၂၀၀၀ ရှိသည့် အမရပူရ မြို့၊ တာဝန်း ၂၄၀၀ ရှိသည့် မန္တလေးမြို့တို့ထက် ကြီးမားကျယ်ဝန်းကာ ကုန်းဘောင်ခေတ်တွင်တည်ခဲ့သည့် စတုရန်းပုံမြို့များတွင် အကြီးဆုံးမြို့ဖြစ်ခဲ့သည်။

မင်းနေပြည်ရွှေဘိုသည် အလောင်းမင်းတရားဦးအောင်ဇေယျ (ခရစ်နှစ်၁၇၅၂- ၁၇၆၀)နှင့် သားဖြစ်သူ တပယင်းမင်း (ခရစ်နှစ် ၁၇၆၀-၁၇၆၃)တို့ လက်ထက်တွင် ဘုရင်နန်းစိုက်ရာနေပြည်တော်ဖြစ်ခဲ့သည်။ ဆင်ဖြူရှင်မင်း(ခရစ်နှစ် ၁၇၇၃-၁၇၇၆)သည် ရွှေဘိုတွင် နှစ်နှစ်သာနန်းစံပြီး ခရစ်နှစ် ၁၇၇၅ ခုနှစ်တွင် အင်းဝသို့ ပြောင်းရွှေ့နန်းစိုက်ခဲ့သဖြင့် ရွှေဘိုသည် ဘုရင့်နန်းမြို့အဖြစ်မှ အဆုံးသတ်ခဲ့သည်။

**ကုန်းဘောင်မင်းဆက်**

မြန်မာနိုင်ငံ၏ သမိုင်းတစ်လျှောက် နိုင်ငံတော်အား ညီညွတ်စွာစုစည်းနိုင်ခဲ့သည့် ကာလများကို သမိုင်းပညာရှင်များက ပထမ၊ ဒုတိယနှင့် တတိယ မြန်မာနိုင်ငံတော်ဟု သတ်မှတ်ခဲ့ရာ တတိယမြန်မာနိုင်ငံတော်ဖြစ်သည့် ကုန်းဘောင်ခေတ်သည် ခရစ်နှစ် ၁၇၅၂ ခုနှစ်မှ ၁၈၈၅ ခုနှစ်အထိ ၁၃၃ နှစ် ရှည်ကြာခဲ့သည်။ ကုန်းဘောင်ခေတ်တွင် အလောင်းမင်းတရား ဦးအောင်ဇေယျမှ သီပေါမင်းအထိ (ဖောင်းကစားမောင်မောင်မပါ) မင်း ၁၀ ပါးအုပ်စိုးခဲ့ရာ အလောင်းမင်းတရားဦးအောင်ဇေယျက ရှစ်နှစ်၊ နောင်တော်ကြီးက သုံးနှစ်၊ ဆင်ဖြူရှင် မြေဒူးမင်းက ၁၃ နှစ်၊ စဉ့်ကူးမင်းက ငါးနှစ်၊ ဖောင်းကားစားမောင်မောင်က ခုနစ်ရက်၊ ဘိုးတော်ဘုရား ဗဒုံမင်းက ၃၇ နှစ်၊ ဘကြီးတော် စစ်ကိုင်းမင်းက ၁၉ နှစ်၊ သာယာဝတီမင်းက ကိုးနှစ်၊ ပုဂံမင်းက ခြောက်နှစ်၊ မင်းတုန်းမင်းက ၂၆ နှစ်နှင့် သီပေါမင်းက ခုနစ်နှစ် အုပ်ချုပ်ခဲ့သည်။ ကုန်းဘောင်ခေတ်မြန်မာမင်းများတွင် စွမ်းရည်သတ္တိ၊ ဉာဏ်အမြော်အမြင်ပြည့်စုံသောမင်းများ ရှိသကဲ့သို့ မင်းသာမာန်များ၊ မင်းညံ့များလည်း ရှိခဲ့သည်။

ပုဂံဝန်ထောက်ဦးတင် ရေးသားခဲ့သည့် မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၊ ဒုတိယတွဲတွင် မြန်မာရာဇဝင်၌ ညံ့ဖျင်းသောမင်းသုံးပါး အုပ်စိုးစဉ် တိုင်းပြည်ပျက်ခဲ့ရပုံကို အကျယ်တဝင့် ရေးသားထားသည်။ ကုန်းဘောင်မင်းဆက်များတွင် အလောင်းမင်းတရား၊ ဆင်ဖြူရှင်မြေဒူးမင်း၊ ဘိုးတော်ဘုရား ဗဒုံမင်းနှင့် မင်းတုန်းမင်းတို့သည် မြန်မာတို့ဂုဏ်ယူရသော မင်းများဖြစ်ကြောင်းနှင့် ကုန်းဘောင်ခေတ်ကို တစ်နေ့တာအချိန်နှင့် နှိုင်းစက်ပါက အလောင်းမင်းတရား ကုန်းဘောင်ကို စတင် ထူထောင်ချိန်သည် ကုန်းဘောင်နေထွက်ချိန်ဖြစ်ပြီး ဘကြီးတော်နန်းတက်ချိန်သည် မွန်းတည့်ချိန်ဖြစ်ကာ သီပေါမင်းပါတော်မူချိန်သည် ကုန်းဘောင်နေဝင်ချိန်ဖြစ်ကြောင်း ဆရာကြီးညိုမြက ကုန်းဘောင်ရှာပုံတော်စာအုပ်တွင် သုံးသပ်ခဲ့သည်။



အလောင်းမင်းတရားနှင့် မိဖုရားခေါင်ကြီး ခင်ယွန်းစံတို့၏ ခေါင်းလောင်းများ

အင်းဝပျက်ပြီး ဒုတိယမြန်မာနိုင်ငံတော် ပျက်စီးသွားချိန်တွင် ဦးအောင်ဇေယျသည် မုဆိုးဘိုရွာတွင် ထန်းလုံးတပ်တည်ဆောက်ပြီး အချုပ်အခြာအာဏာကို ထူထောင်ကာ လက်ရွေးစင် တပ်သား ၆၈ ယောက် ဖြင့် ရန်သူများကို အောင်နိုင်ပြီး ရခိုင်ဒေသမှလွဲ၍ မြန်မာနိုင်ငံတစ်နိုင်ငံလုံးကို တတိယမြန်မာနိုင်ငံတော်ကြီးအဖြစ် စည်းရုံးထူထောင်နိုင်ခဲ့သည်။ ထိုအချိန်က စည်းလုံးညီညွတ်မှုပြိုကွဲကာ တစ်စစီဖြစ်နေသည့် မြန်မာနိုင်ငံတော်ကို တစ်ပေါင်းတည်း ပြန်လည်စုစည်းခဲ့သည့် ဦးအောင်ဇေယျသည် ကုန်းဘောင်ခေတ်၏ ဦးကိုင်ပန္နက်ရှင်ဖြစ်ခဲ့ပြီး တတိယမြန်မာနိုင်ငံတော်ကိုထူထောင်ခဲ့သူ သူရဲကောင်းတစ်ဦးအဖြစ် မြန်မာ့သမိုင်းတွင် ထင်ရှားခဲ့သည်။

အလောင်းမင်းတရားလက်ထက်တွင် မြန်မာနိုင်ငံတော်သည် အရှေ့မြောက်တွင် ယူနန်နယ်အထိ၊ အရှေ့ဘက်တွင် ဇင်းမယ်အထိ၊ အရှေ့တောင်တွင် အယုဒ္ဓယအထိ၊ အနောက်မြောက်တွင် မဏိပူရ၊ အာသံအထိ ကျယ်ဝန်းခဲ့သော အင်ပါယာကြီးဖြစ်ခဲ့သည်။

**လက်ရှိရွှေဘို**

ရွှေဘိုမြို့သည် မြန်မာနိုင်ငံအနောက်မြောက်ပိုင်း မြောက်လတ္တီတွဒ် ၂၂ ဒီဂရီ ၁၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၇ မိနစ်တွင် တည်ရှိပြီး ၅၇၁၄ စတုရန်းမိုင် ကျယ်ဝန်းသည်။ မန္တလေးမြို့မှ ၇၉ မိုင်ကွာဝေးပြီး မန္တလေး-မြစ်ကြီးနားလမ်းပေါ်တွင် တည်ရှိကာ မီးရထား၊ မော်တော်ကားတို့ဖြင့် သွားနိုင်သည်။ ရောဝတီမြစ်ကမ်းပေါ်တွင်တည်ရှိသည့် ကျောက်မြောင်းမှ ၁၇ မိုင်၊ မူးမြစ်အနီးရှိ ရေဦးမြို့မှ ၂၄ မိုင် ကွာဝေးသည်။ မြို့၏မြောက်ဘက်နှင့် တောင်ဘက်တွင် ရွှေဘိုတူးမြောင်းရှိပြီး မြောင်းဘောင်ပေါ်တွင် မော်တော်ကားလမ်းဖောက်လုပ်ထားရာ ကာဘိုးဆည်သို့သွားသည့်လမ်းကို မြောက်လက်ဟုခေါ်၍ ဝက်လက်သို့သွားသည့်လမ်းကို တောင်လက်ဟုခေါ်သည်။ ယင်းတူးမြောင်းကို ပုဂံဘုရင် အလောင်းစည်သူ (ခရစ်နှစ် ၁၁၁၃-၁၁၆၀)လက်ထက်က တူးဖော်ခဲ့သည်ဟု ဆိုကြသည်။

လက်ရှိရွှေဘိုမြို့သည် ရွှေဘို၊ ခင်ဦး၊ ဝက်လက်နှင့် ဒီပဲယင်း မြို့နယ်တို့ဖြင့် ဖွဲ့စည်းထားသည့် ရွှေဘိုခရိုင်၏ မြို့တော်ဖြစ်ပြီး ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ရွှေဘိုမြို့ပေါ်တွင် လူဦးရေ ၆၉၀၃၆ ရှိကာ ကျေးလက်များတွင်နေထိုင်သည့် လူဦးရေသည် ၁၆၆၅၀၆ ဦးဖြစ်သည်။

ရွှေဘိုမြို့တွင် ကုန်းဘောင်ဆက်မင်းများတည်ထားခဲ့သည့် စေတီပုထိုးများ တည်ရှိနေရာ အလောင်းမင်းတရား ဦးအောင်ဇေယျ တည်ခဲ့သည့် မော်ဓောမြင်သာစေတီခေါ် မြို့ထောင့်စေတီ၊ ရွှေချက်သိုစေတီနှင့် ရွှေတန်ဆာစေတီတို့သည် အထူးထင်ရှားပြီး ချမ်းသာကြီး ချမ်းသာရ၊ ရွှေသိမ်ဦးနှင့် နိဗ္ဗာန်ဆိပ်ဦး စေတီတို့သည်လည်း ရွှေဘိုမြို့၏ ထင်ရှားသောဘုရားများ ဖြစ်ကြသည်။

ရွှေဘိုမြို့၏ မြောက်ဘက် တစ်မိုင်အကွာတွင်တည်ရှိပြီး ရွှေဘို မြို့နေပြည်သူများအား ရေပေးဝေသည့် မဟာနန္ဒာကန်သည် အလောင်းမင်းတရား ဆည်ဖို့ခဲ့သည့်ကန်ဖြစ်သကဲ့သို့ မြို့နေပြည်သူများ အနားယူအပန်းဖြေသည့် သာယာလှပသော နေရာတစ်ခုလည်းဖြစ်သည်။ အလောင်းမင်းတရားသည် ရွှေဘိုမြို့ကို "ကျုံး၊ မြို့ နန်းနှင့်၊ နတ်ကွန်း ပဟိုရ်၊ ရွှေချက်သိုက၊ ရေညိုမြဟန် နန္ဒကန်"ဟု အမှတ်အသားပြုသည့်အတိုင်း နန်းတော်၊ မြို့ ကျုံး၊ နတ်ကွန်း၊ ရေကန်၊ ပဟိုရ်စင်နှင့် ရွှေချက်သိုစေတီဟူသည့် မြို့နန်းတည်ခုနစ်ဌာနကို တစ်ပြိုင်တည်း တည်ခဲ့သည်။

အလောင်းမင်းတရား နတ်ရွာစံပြီးနောက် စစ်ကိုင်း၊ အမရပူရ၊ အင်းဝနှင့် မန္တလေးတို့သည် ကုန်းဘောင်မြို့တော်များဖြစ်လာခဲ့သည့်တိုင် ရွှေဘိုသည် အောင်မြေနင်းရာဌာနအဖြစ် ထင်ရှားခဲ့ကာ ဘိုးတော်ဘုရားဗဒုံမင်း၊ သာယာဝတီမင်းနှင့် မင်းတုန်းမင်းတို့သည် မင်းသားဘဝများတွင် ရွှေဘိုအောင်မြေကိုနင်းကာ ထီးနန်းကို ကြံစည်ခဲ့ကြသည်။ ယခုတိုင် ရွှေဘိုတွင် အောင်မြေကိုးဌာနရှိကာ အောင်မြေလာနင်းကြသူများကို နေ့စဉ်တွေ့မြင်နိုင်ကြပေသည်။ အောင်မြေများသို့ လာရောက်ကြသူများသည် မိမိတို့ယုံကြည်မှုများအရ အောင်မြေများတွင်စိုက်ထူထားသည့် မဏ္ဍိုင်ကို ကိုးပတ်လှည့်၍ မြေကြီးကို နင်းကာ ဆုတောင်းလေ့ရှိကြသည်။

**ရွှေချက်သိုနှင့် ပဟိုရ် ခေါင်းလောင်း**

ရွှေဘိုမြို့နှင့်အတူ တစ်ပြိုင်တည်းတည်ခဲ့သည့် ရွှေချက်သိုစေတီကို အလောင်းမင်းတရားသည် ၁၇၅၄ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် ရွှေထီးအထွတ်တင်လှူခဲ့သည်။ ရွှေချက်သိုစေတီသည် ရွှေချက်ကျစေတီဟုလည်း ဘွဲ့မည်တွင်ခဲ့ပြီး ဉာဏ်တော် ၆၉ တောင်မြင့်သည်။

ရွှေချက်သိုစေတီသည် ယခုရွှေဘိုမြို့ အနောက်ဈေးရပ်ကွက်တွင် တည်ရှိပြီး စေတီတော်တည်ခဲ့သည့်နေရာသည် ၁၇၁၄ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ဖွားမြင်ခဲ့သည့် အလောင်းမင်းတရားလောင်းလျာ မောင်အောင်ဇေယျ၏ ချက်မြှုပ်ခဲ့သည့်နေရာဖြစ်သည်။ ရွှေချက်သိုစေတီတော်၏ အရှေ့တောင်ထောင့်တွင် ပဟိုရ်ခေါင်းလောင်းတော်ကို ယနေ့တိုင် မြင်တွေ့ကြရသည်။ ပဟိုရ်ခေါင်းလောင်းသည် အစောက် သုံးပေသုံးလက်မ၊ လုံးပတ် ခြောက်ပေနှင့် အထူ သုံးလက်မရှိကာ ခေါင်းလောင်းတော်ကို အုတ်ဖြင့်ပြုလုပ်ထားသည့် ပဟိုရ်ခေါင်းလောင်းစင်ပေါ်တွင် ချိတ်ဆွဲထားသည်။ ခေါင်းလောင်းတော်ကို အလောင်းမင်းတရားလက်ထက်မှ နောင်တော်ကြီးမင်း၊ ဆင်ဖြူရှင်မင်းတို့လက်ထက်တိုင် အချိန်လျှောက်ကြားရာတွင် အသုံးပြုခဲ့သည်ဟု ဆိုကြသည်။

အလောင်းဘုရားဦးအောင်ဇေယျမှ သီပေါမင်းအထိ ကုန်းဘောင်ဘုရင်များသည် မင်းကွန်းခေါင်းလောင်း အပါအဝင် သမိုင်းဝင်ခေါင်းလောင်းကြီးများကို သွန်းလုပ်ခဲ့ကြသည်။ ကုန်းဘောင်ဘုရင် ၁၁ ပါးအနက် ဘုရင်ခုနစ်ပါးသည် ခေါင်းလောင်းကိုးလုံးကို သွန်းလုပ်ခဲ့ကြပြီး ကမ္ပည်းစာများရေးထိုး၍ စေတီပုထိုးများတွင် လှူဒါန်းချိတ်ဆွဲထားခဲ့ကြရာ ရန်ကုန်မြို့ ရွှေတိဂုံစေတီတွင် နှစ်လုံး၊ မန္တလေးမြို့အိမ်တော်ရာစေတီတွင် နှစ်လုံး၊ ရွှေဘိုမြို့ ရွှေချက်သိုစေတီ၊ စစ်ကိုင်းမြို့ အောင်မြေလောကစေတီ၊ မြန်အောင်မြို့ ရွှေဘုံသာစေတီ၊ အမရပူရမြို့ မဟာဝိဇယရံသီ ပုထိုးတော်ကြီးစေတီနှင့် မင်းကွန်းတွင် တစ်လုံးစီကို ယနေ့တိုင် မြင်တွေ့လေ့လာနိုင်ကြပေသည်။



ပဟိုရ်ခေါင်းလောင်းစင်

**အလောင်းမင်းတရားနှင့် မိဖုရား ခေါင်းလောင်းတော်များ**

အလောင်းမင်းတရားသွန်းလုပ်ခဲ့သည့် ခေါင်းလောင်းနှင့် အလောင်းမင်းတရား၏ မိဖုရားခေါင်ကြီး မယ်ယွန်းစံ လှူဒါန်းခဲ့သည့် ခေါင်းလောင်းတို့ကို ရွှေချက်သိုစေတီ အရှေ့ဘက်ရင်ပြင်တွင် ချိတ်ဆွဲထားသည်။ ခေါင်းလောင်းတော်နှစ်လုံးကို တောင်မြောက်ယှဉ်လျက် ချိတ်ဆွဲထားရာ အလောင်းမင်းတရားခေါင်းလောင်းတော်သည် အမြင့် ၂၈ လက်မ၊ အချင်းဝက် ၂၅ လက်မ၊ အထူ သုံးလက်မရှိပြီး ခေါင်းလောင်း လုံးပတ်သည် အောက်ခြေတွင် ၇၇ လက်မ၊ ခါးပတ်နေရာတွင် ၆၇ လက်မနှင့် ထိပ်တွင် ၅၇ လက်မရှိသည်။ ခေါင်းလောင်းချိတ်၌ ရှစ်လက်မစီအမြင့်ရှိသည့် ခြင်္သေ့ရုပ်နှစ်ရုပ် သွန်းလုပ်ထားသည်။

မိဖုရားခေါင် ခင်ယွန်းစံ၏ ခေါင်းလောင်းတော်သည် အလောင်းမင်းတရား၏ခေါင်းလောင်းထက် အနည်းငယ်သေးငယ်ကာ အမြင့် ၂၆ လက်မ၊ အချင်းဝက် ၂၃ လက်မ၊ အထူ နှစ်လက်မရှိပြီး ခေါင်းလောင်းလုံးပတ်အဝန်းသည် အောက်ခြေတွင် ၇၅ လက်မ၊ ခါးပတ်နေရာတွင် ၆၀ လက်မနှင့် ထိပ်တွင် ၅၁ လက်မရှိသည်။ ခေါင်းလောင်းချိတ်၌ ၁၁ လက်မစီ အမြင့်ရှိသည့် နယားရုပ်နှစ်ရုပ်နှင့် ၁၂ လက်မစီမြင့်သည့် မနုဿီဟရုပ်နှစ်ရုပ်ကို သွန်းလုပ်ထားသည်။

အလောင်းမင်းတရား၏ခေါင်းလောင်းသည် အခြားကုန်းဘောင်ဘုရင်များလှူဒါန်းသည့် ခေါင်းလောင်းများကဲ့သို့ မဂ်ဖိုလ်နိဗ္ဗာန်ကို တောင်းဆုပြုသည့် သဒ္ဒါနအလှူတော် မဟုတ်ဘဲ လောကီအကျိုးစီးပွားကို ရည်စူးလှူဒါန်းခဲ့သည့် ခေါင်းလောင်းဖြစ်သည်။ အလောင်းမင်းတရားသည် အတုလယသ မဟာဓမ္မရာဇာဓိရာဇာဂုရု ဘွဲ့တံဆိပ်တော်ရ အတုလဆရာတော် အရှင်ယသ၏ အကြံဉာဏ်များအတိုင်း တိုင်းရေးပြည်မှုများကိုဆောင်ရွက်ခဲ့ရာ ခက်ခဲသောကိစ္စများတွင် အောင်မြင်မှုများရရှိခဲ့သည်။ ထို့ကြောင့် မိမိ၏ ဘုန်းတန်ခိုးအာဏာကြီးထွား၍ ရန်အပေါင်းကိုအောင်နိုင်ရန် ရည်ရွယ်လျက် အတုလဆရာတော်၏ ညွှန်ကြားမှုအတိုင်း ခေါင်းလောင်းကို သွန်းလုပ်ခဲ့ခြင်းဖြစ်နိုင်ကြောင်း ဆရာကြီးဦးစိန်မောင်ဦးက ကောက်ချက်ချခဲ့သည်။

အလောင်းမင်းတရား ခေါင်းလောင်းတော်တွင် သွန်းလုပ်သည့်သက္ကရာဇ်ကို ရေးထိုးထားခြင်းမရှိသော်လည်း မိဖုရားခေါင်ကြီးခင်ယွန်းစံ၏ ခေါင်းလောင်းတွင် မြန်မာသက္ကရာဇ် ၁၁၂၈ ခုနှစ် တော်သလင်းလဆန်း ၆ ရက်တွင် သွန်းလုပ်လှူဒါန်းကြောင်း ခေါင်းလောင်းစာ ရေးထိုးထားသည်။ ခေါင်းလောင်းများကို အုတ်တိုင်များပြုလုပ်၍ သံတန်းတွင် ချိတ်ဆွဲထားသော်လည်း အမိုးအကာမရှိသဖြင့် ရေရှည်ကြံ့ခိုင်ရေးအတွက် စဉ်းစားဖွယ်ဖြစ်နေပေသည်။

ရွှေဘိုမြို့တွင် အလောင်းမင်းတရားနန်းတော်ကို နိုင်ငံတော်က ပြန်လည်တည်ဆောက်ခဲ့သည်။ ထို့အပြင် မြို့ထောင့်စေတီ၊ ရွှေတန်ဆာစေတီ၊ ရွှေချက်သိုစေတီနှင့် ပဟိုရ်နာရီစင်၊ အလောင်းမင်းတရားနှင့် မိဖုရားတို့၏ အလှူတော် ခေါင်းလောင်းတော်နှစ်လုံး၊ မဟာနန္ဒာကန်တို့သည် ကုန်းဘောင်ခေတ်ဦး အမွေအနှစ်များအဖြစ် ရွှေဘိုမြို့တွင် ကျန်ရှိနေရာ သုတေသီများ၏ သုတေသနဆောင်ရွက်မှုများကြောင့် ကုန်းဘောင်သမိုင်းကို အပြည့်အစုံနီးပါး ဖော်ထုတ်နိုင်ခဲ့ကြပြီးဖြစ်သည်။ တတိယမြန်မာနိုင်ငံတော်၏ အဦးအစ သမိုင်းအမွေအနှစ်များသည် ရွှေဘိုမြို့တွင် များစွာကျန်ရှိနေပေရာ မြန်မာတို့၏ ဂုဏ်ယူဖွယ် ရှေးဟောင်းအမွေအနှစ်များအဖြစ် ထိန်းသိမ်းစောင့်ရှောက်လျက် ကျန်ရှိသည့် သုတေသနလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ကြရမည်သာဖြစ်ပေသည်။ ။

**ကိုးကား**


(၁) **ကုန်းဘောင်ခေတ်လက်ရွေးစဉ် ခေါင်းလောင်းစာများ (ဦးစိန်မောင်ဦး)**
(၂) **မြန်မာ့ရက်စွဲသမိုင်း၊ကုန်းဘောင်ဆက် (ဦးတိက္ခဓမ္မာလင်္ကာရ၊ဒေါက်တာသန်းထွန်း)**
(၃) **ကုန်းဘောင်ဆက်မဟာရာဇဝင်ကြီး(ဦးမောင်မောင်တင်)**

# ပြည်တွင်းပြည်ပ ခရီးသွားလုပ်ငန်းသုံး ဆိပ်ခံတံတား ကော့သောင်းမြို့၌တည်ဆောက်

**ကော့သောင်း ဇူလိုင် ၁၇**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့သည် ခရီးသွားလုပ်ငန်း တစ်စတစ်စ ဖွံ့ဖြိုးတိုးတက်လာနေမှုနှင့် အတူ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ ဝင်ရောက်မှုများလာလျက်ရှိရာ ခရီးသည်များ အဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်ရေးအတွက် ခရီးသွားလုပ်ငန်းသုံး ရေဆင်းဆိပ်ခံတံတားတစ်စင်းကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။



အဆိုပါ တံတားမှာ အကျယ် ၅၅ ပေ၊ အရှည် ၃၃ ပေ၊ အမြင့် ၁၇ ပေရှိ သံကူကွန်ကရစ်အမျိုးအစား ရေဆင်းဇောတံတားအမျိုးအစားဖြစ်ပြီး ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက် ကမ်းနားလမ်း ဘုရင့်နောင်အငူအနီး ပင်လယ်ကမ်းစပ်တွင် တည်ဆောက်နေခြင်းဖြစ်သည်။ တံတားကို တနင်္သာရီတိုင်းဒေသကြီး အစိုးရ၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၃၃၃ သန်း သုံးစွဲ၍ ကော့သောင်းခရိုင် လမ်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် Sgalacdicos ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ကော့သောင်းခရိုင် အက်ဒမန် ပင်လယ်အတွင်းရှိ သာယာလှပသည့် သဘာဝကျွန်းများ၊ သဘာဝကမ်းခြေများ၊ ပင်လယ်ရေအောက် သက်ရှိသက်မဲ့ သဘာဝ အလှအပများကြောင့်လည်းကောင်း၊ ပွင့်လင်းလာသည့် စီးပွားရေး စနစ်နှင့်အတူ ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှု ဟိုတယ်များ၊ ရီဆော့များကြောင့်လည်းကောင်း ကော့သောင်းဒေသသို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ အထူးစိတ်ဝင်စားကာ နှစ်စဉ် လာရောက်လည်ပတ်မှု များပြားလာလျက်ရှိရာ ခရီးသွားများ ပင်လယ်ကျွန်းများဆီသို့ ဝင်ထွက်သွားလာရန် ဆိပ်ခံတံတား လိုအပ်ချက်ကြောင့် အဆိုပါ ဆိပ်ခံတံတားကို အကောင်အထည်ဖော် တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဆိပ်ခံတံတား ပြီးစီးသွားပါက ပြည်တွင်းခရီးသွားများ၊ ထိုင်းနိုင်ငံမှ တစ်ဆင့် လာရောက်လည်ပတ်ကြမည့် ပြည်ပခရီးသွားဧည့်သည်များ ဝင်ထွက်သွားလာမည့် Speed Boat နှင့် အပျော်စီးသင်္ဘောများ ဆိုက်ကပ်ရပ်နားခြင်းကိစ္စများတွင် အသုံးပြုရန် ရည်ရွယ်ထားကာ လာမည့် ခရီးသွားရာသီအမီ အသုံးပြုနိုင်ရန် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# ရေကြီးရေလျှံဖြစ်ပါက ကြိုတင်စီမံနိုင်ရန် ဆွေးနွေး

**တိုက်ကြီး ဇူလိုင် ၁၇**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်းမှ အဖျောက်၊ ဥက္ကံဒေသများတွင် ရေကြီးရေလျှံမှုဖြစ်ခဲ့ပါက ကြိုတင်စီမံနိုင်ရန်အတွက် မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ ဇူလိုင် ၁၄ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တိုက်ကြီးမြို့နယ်အတွင်းရှိ အဖျောက်နှင့် ဥက္ကံဒေသများတွင် နှစ်နှစ်ဆက်တိုက် ရေကြီးမှုများဖြစ်ပေါ်ခဲ့၍ ပျက်စီးဆုံးရှုံးမှုများ တွေ့ကြုံတွေ့ခဲ့ရသောကြောင့် ယခုနှစ်တွင် အလားတူဖြစ်ရပ်များ မဖြစ်ပွားစေရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားကြရေးအတွက် ဆွေးနွေးခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဆွေးနွေးပွဲတွင် မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးလွင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်သော ဦးတင်ရှိန်နှင့် ဦးလွင်စိုးမင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြီးခဲ့သည့်နှစ်က ရေကြီးမှုကြုံတွေ့ခဲ့ရသော ကျေးရွာအုပ်စု ၄၀ မှ အုပ်ချုပ်ရေးမှူးများက ရေဘေးအတွက် ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် အခက်အခဲများ၊ ရေဘေးကြုံတွေ့ရပါက ဦးစားပေးလုပ်ဆောင်ရမည့် နည်းလမ်းများ၊ သဲအိတ်များ ကြိုတင်စုဆောင်းထားရန်နှင့် လူနှင့် တိရစ္ဆာန်များကို ရွှေ့ပြောင်းပေးရန်အတွက် နေရာများ ပြင်ဆင်ထားကြရန် စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

**ထွန်းလှိုင်(မြိုင်)**

# ရေကြီးမှုဖြစ်ပွားပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် အစမ်းလေ့ကျင့်



**ကလေး ဇူလိုင် ၁၇**

ကလေးမြို့၌ ရေကြီးရေလျှံမှုဖြစ်ပေါ်လာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အစမ်းလေ့ကျင့်မှုကို ကလေးမြို့အထွက် ကလေး-ကလေးဝ-တမူးကားလမ်းပေါ်ရှိ ဖောင်ကူးတံတားအောက် နေရဥ္စရာမြစ်အတွင်း၌ ကလေးခရိုင်မီးသတ်တပ်ဖွဲ့နှင့် မြို့နယ်ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ ဇူလိုင် ၁၅ ရက်က ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်အတွင်း သဘာဝဘေးအတွက် ကြိုတင်ကာကွယ်ပြင်ဆင်သည့်အနေဖြင့် လေ့ကျင့်ခြင်းဖြစ်ကြောင်း၊ မြစ်အတွင်း စက်လှေများဖြင့် အစမ်းလေ့ကျင့်ကာ ဇူလိုင် ၁၅ ရက်မှ ၁၇ ရက်အထိ သုံးရက်တိုင်တိုင် လေ့ကျင့်မှုများ ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ကလေးမြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးအရာရှိ ဦးအောင်ကိုဌေးထံမှ သိရသည်။

**ချင်းတွင်းသား**

# ရေစကြိုမြို့နယ်တွင် လိုင်စင်မဲ့ဆိုင်ကယ်များကို မှတ်ပုံတင်ပေး

**ရေစကြို ဇူလိုင် ၁၇**

ရေစကြိုမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာအသီးသီးမှ ဒေသခံပြည်သူများ၏ လိုင်စင်မဲ့ဆိုင်ကယ်များကို ပခုက္ကူခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံးက ရေစကြိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကွင်းဆင်း၍ ဇူလိုင်လ ဒုတိယပတ်မှစ၍ လိုင်စင်များပြုလုပ်ပေးရာ ဆိုင်ကယ်မှတ်ပုံတင်ရန် လာရောက်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

"လိုင်စင်မဲ့ဆိုင်ကယ်တွေကို မူလပေါက်စျေးရဲ့ ၅၀ ရာနှုန်း ဒဏ်ကြေးပေးဆောင်ပြီးတော့ မှတ်ပုံတင်ခွင့်ပြုပေးနေပါတယ်။ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ခွင့်ပြုလို့ ဆောင်ရွက်ပေးနေတာပါ။ ရေစကြိုမြို့မှာ ဆိုင်ကယ်တွေ မှတ်ပုံတင်တာကို ဇူလိုင် ၁၄၊ ၁၅၊ ၁၆ သုံးရက်ကြာ ဆောင်ရွက်ပေးနေပါတယ်။ မကွေးတိုင်းဒေသကြီး ယာဉ်အမှတ်နဲ့သာ မှတ်ပုံတင်ခွင့်ပြုပေးပါတယ်။ ၁၄ ရက်နေ့က ဆိုင်ကယ်အစီး ၁၅၀ ကို မှတ်ပုံတင်ပေးခဲ့တယ်။ ဒီနေ့လည်း ဆက်လက်ဆောင်ရွက်ပေးနေပါတယ်"ဟု ပခုက္ကူခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးမှ လက်ထောက်အင်ဂျင်နီယာ ဦးဝင်းမောင်က ဇူလိုင် ၁၅ ရက်တွင် ပြောသည်။

လိုင်စင်မဲ့ဆိုင်ကယ်များကို လိုင်စင်ပြုလုပ်ပေးရာတွင် ကုန်ကျမည့်အခကြေးငွေနှုန်းထားများ စာရင်းကို အများပြည်သူမြင်သာအောင် ဗီနိုင်းများဖြင့်ကပ်၍ ကြော်ငြာပေးထားသည်ကိုလည်း တွေ့ရသည်။

**အိမွန်ဆွေ(ရေစကြို)**



# ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

**ကလေးဝ ဇူလိုင် ၁၇**

ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် မြို့ပေါ်ရပ်ကွက် သုံးရပ်ကွက်နှင့် ကျေးရွာ ၃၄ ရွာမှ အိမ်ခြေ ၃၈၃ အိမ်၊ အိမ်ထောင်စု ၃၈၆ စုရှိ လူဦးရေ ၁၈၁၇ ဦးအား ရေလွတ်ရာနေရာသို့ ပြောင်းရွှေ့နေရာချထားပေးရပြီး အဆိုပါ ပြောင်းရွှေ့နေရသူများအား ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် ကုမ္ပဏီများက ထောက်ပံ့ငွေနှင့် ပစ္စည်းများ ဇူလိုင် ၁၅ ရက်က ပေးအပ်ခဲ့သည်။

ကလေးဝမြို့နယ် သစ်ချောက်ကျေးရွာ ရုပ်ရှင်ရုံဟောင်း နှင့် အမှတ်(၃)ရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်း၊ အမှတ်(၁)ရပ်ကွက် အခြေခံပညာ အလယ်တန်းကျောင်းခွဲများသို့ ယာယီပြောင်းရွှေ့နေကြရသော ဒေသခံပြည်သူများအား ကလေးတပ်နယ်မှ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်ဖြိုးသန့်၊ ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မိုး၊ ခရိုင်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးမင်း၊ ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှူး ဦးမြတ်ဇော်ထွန်းနှင့် ကလေးဝမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်လင်းတို့က သွားရောက်တွေ့ဆုံအားပေးပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထောက်ပံ့လှူဒါန်းသည့် ခေါက်ဆွဲခြောက်များ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထောက်ပံ့သည့် ကယ်ဆယ်ရေးပစ္စည်း ငါးမျိုးနှင့် ခုနစ်ရက်စာ ဆန်ဖိုးထောက်ပံ့ငွေများကို ထောက်ပံ့ပေးအပ်ခဲ့ကြကာ လူမှုရေးနှင့် ကျန်းမာရေး လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ချင်းတွင်းမြစ်တစ်လျှောက် ကျေးရွာများသို့ လှည့်လည်ကြည့်ရှု၍ ရွှေတောင်ကျေးရွာဘုရားကုန်းနှင့် ဆင်ခေါင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ရေဘေးကြောင့် ပြောင်းရွှေ့နေထိုင်ရသူများကို တွေ့ဆုံအားပေးကာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ထောက်ပံ့ပစ္စည်းနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ ရေဘေးကြောင့် ပြောင်းရွှေ့နေထိုင်ရသူများအား ကလေးခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဆန်ရိက္ခာဖိုးထောက်ပံ့ငွေ ၃၈ သိန်းကျော်နှင့် တန်ဖိုးကျပ် ၄၁ သိန်းကျော်ရှိ ကယ်ဆယ်ရေးပစ္စည်းငါးမျိုးကို ထောက်ပံ့ခဲ့သည်။

ထို့အပြင် ရွှေတောင်သတ္တုတူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်ကလည်း ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေ ကျပ် ၁၀ သိန်းနှင့် ကျောင်းသားကျောင်းသူများအတွက် ထောက်ပံ့ငွေ ကျပ်ငါးသိန်းတို့ကို ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် ပညာရေးဌာန တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် ချင်းတွင်းမြစ်ရေ မြင့်တက်နေမှုကြောင့် ကလေးဝမြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၃၀ ကို ယာယီပိတ်ထားခဲ့ရပြီး အဆိုပါကျောင်း ၃၀ တွင် ကျောင်းသား ကျောင်းသူပေါင်း ၄၀၀၀ နီးပါးရှိကြောင်း ပညာရေးဌာနမှ သိရသည်။

**ဂျူနိုင်း**



# ပွင့်ဖြူမြို့နယ်တွင် မိုးစပါးကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းသရုပ်ပြပွဲကျင်းပ

**ပွင့်ဖြူ ဇူလိုင် ၁၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် မိုးစပါးကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းနှင့် လယ်ယာသုံးစက်ကိရိယာသရုပ်ပြပွဲကို ယနေ့ နံနက်ပိုင်းက ပွင့်ဖြူမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်းရှေ့လယ်ကွင်းထဲတွင် ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုးမြင့်က အမှာစကားပြောကြားဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေကော်မတီအဖွဲ့ဝင် ဦးလှဆန်းက လယ်ယာကဏ္ဍနှင့်ပတ်သက်၍လည်းကောင်း၊ စက်မှုလက်ယာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်ဇင်က ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းနှင့် လယ်ယာသုံးစက်ကိရိယာများ သရုပ်ပြပွဲကျင်းပရခြင်းကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီး ဦးစိုးမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ကောက်စိုက်စိုက်ဖြင့် စိုက်ပျိုးခြင်း သရုပ်ပြပွဲကို ကြည့်ရှုအားပေးကြောင်း သိရသည်။

**မကွေး-ဝင်းမောင်**

## အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

**မြင်းခြံ ဇူလိုင် ၁၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် တလုတ်မြို့အခြေခံပညာအထက်တန်းကျောင်း၌ နှစ် (၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာရွတ်ပြိုင်ပွဲနှင့် ကျောင်းသား ကျောင်းသူများအား အာဇာနည်နေ့အကြောင်း သိကောင်းစရာများ ဟောပြောပွဲကို ဇူလိုင် ၁၄ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်က ကျောင်းသား ကျောင်းသူများအား အာဇာနည်နေ့နှင့်ပတ်သက်သော သိကောင်းစရာများကို ဟောပြောခဲ့သည်။ စာစီစာကုံးနှင့် ကဗျာရွတ်ပြိုင်ပွဲတွင် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့်ဟူခွဲ၍ ကျင်းပခဲ့ပြီး အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို မမေ့နိုင်သောဇူလိုင် (၁၉) ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို မမေ့အပ်သော အာဇာနည်ပုဂ္ဂိုလ်ကြီးများ ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပခဲ့သည်။ ကဗျာရွတ်ဆိုပြိုင်ပွဲတွင် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် နှစ်ခုစလုံးကို အာဇာနည်နေ့ တို့မမေ့ ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ပြီး ပြိုင်ပွဲများတွင် ကျောင်းသား ကျောင်းသူ ၉၃ ဦး ပါဝင်ယှဉ်ပြိုင်ကာ ဆုရရှိသူများကို ကျောင်းအုပ်ဆရာကြီးက ဆုများချီးမြှင့်ခဲ့သည်။ ပြိုင်ပွဲတွင် ဆုရရှိသူများအား မြို့နယ်အဆင့်သို့ စေလွှတ်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**



## အာဇာနည်နေ့ ဂုဏ်ပြုသောအားဖြင့် ကျေးရွာစာကြည့်တိုက်အား ကရင်ရိုးရာဒုံးအကဖြင့် ဖွင့်လှစ်

**ဘားအံ ဇူလိုင် ၁၇**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကော့ရင်းအထက်ကျေးရွာ အုပ်စု ရွှေဝါထွန်းကျေးရွာ၌ နှစ်(၇၀)ပြည့် အာဇာနည်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဘဝအလင်းစာကြည့်တိုက်ကို ကရင်ရိုးရာဒုံးအကဖြင့် ဇူလိုင် ၁၆ ရက် နံနက် ၈ နာရီက အဆိုပါကျေးရွာစာကြည့်တိုက်၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကရင်ရိုးရာဒုံးအကဖြင့် ကရင်တိုင်းရင်းသား တိုင်းရင်းသူများက ဖွင့်ပွဲအားစတင်ပြီး ဘားအံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစောဝင်ဂိတ်၊ ကော့ရင်းအထက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစောရွှေသိန်း၊ ပရိဘောဂ အလှူရှင် ဦးအားတီနှင့် ကျေးရွာစာကြည့်တိုက်ကော်မတီဝင်တို့က ဘဝအလင်း စာကြည့်တိုက်အား ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြသည်။ ထို့နောက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားရာတွင် ကျေးရွာစာကြည့်တိုက်ကို တည်ဆောက်ပြီးစီးခဲ့ပြီး စေတနာရှင်များ၊ ကျေးရွာနေပြည်သူများ၏ ပံ့ပိုးသောစာအုပ်စာပေများဖြင့် ငှားပေးနိုင်ခဲ့သည်မှာ တစ်နှစ်ခန့်ကြာခဲ့ပြီဖြစ်ကာ ကျေးရွာသူ ကျေးရွာသားများ၊ အထူးသဖြင့် လူငယ်လူရွယ်များ စာပေ ဖတ်ရှုနိုင်ရန် ပုံမှန်အချိန်ပိုင်းဖြင့် ဖွင့်လှစ်ပေးနိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစောဝင်ဂိတ်က အာဇာနည်နေ့ဖြစ်ပေါ်လာပုံနှင့် ကျေးရွာစာကြည့်တိုက်တွင် စာဖတ်ရှိန်မြှင့်တင်ရေးကို ရှင်းလင်းပြောကြားပြီး ကျေးရွာစာကြည့်တိုက်အတွက် စာပေရေချမ်းစင်စာအုပ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲအပြီးတွင် တက်ရောက်လာကြသော ကျေးရွာသူ ကျေးရွာသားများက စာကြည့်တိုက်အတွင်း ခင်းကျင်းပြသထားသော စာအုပ်စာပေများ၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်စေရေးအတွက် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများရုပ်ပုံနှင့် သမိုင်းအထွေထွေပွတ္တိများ၊ မူးယစ်ဆေးဝါးအန္တရာယ် ပညာပေး နံရံကပ်ဘုတ်များအား ဖတ်မှတ်ကြည့်ရှုလေ့လာကြကြောင်းနှင့် အဆိုပါ စာကြည့်တိုက်အား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ ကျပ်သိန်း ၃၀၊ ကျေးလက်နေ ပြည်သူများ၏ စုပေါင်းထည့်ဝင်ငွေ ကျပ်ငါးသိန်း စုစုပေါင်းငွေကျပ် ၃၅ သိန်းဖြင့် ဆောက်လုပ်ခဲ့သော အလျားပေ ၃၀၊ အနံ ၁၅ ပေရှိ RC အဆောက်အအုံဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**



## အာဇာနည်နေ့အထိမ်းအမှတ် အခြေခံပညာနှင့်တက္ကသိုလ်အဆင့် စာစီစာကုံးနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

**ဘားအံ ဇူလိုင် ၁၇**

နှစ်(၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကျပန်းစကားပြောပြိုင်ပွဲကို ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ဇူလိုင် ၁၄ ရက်နှင့် ၁၅ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲကို အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်နှင့် တက္ကသိုလ်ကောလိပ်အဆင့်ဟူ၍ အဆင့်သုံးဆင့်ခွဲ၍ ကျင်းပခဲ့ရာ စာစီစာကုံးပြိုင်ပွဲတွင် ဘားအံမြို့ပေါ်အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်ကောလိပ်များမှ ကျောင်းသား ကျောင်းသူ ၁၀၆ ဦးက မျက်ရည်ဖြိုင်သည့် ၁၉ ဇူလိုင်၊ မမေ့အပ်သည့် အာဇာနည်၊ ၁၉ ဇူလိုင်မမေ့နိုင်စသည့် ခေါင်းစဉ်များဖြင့်လည်းကောင်း၊ ကျပန်းစကားပြောပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၃၄ ဦးတို့က နှစ် ၇၀ တိုင်ပြီ အာဇာနည်၊ ဂုဏ်ပြုစံထား အာဇာနည်များ၊ ဂုဏ်ယူလေးစား အာဇာနည်များ၊ မော်ကွန်းတင်ထိုက်သည့် အာဇာနည်သူရဲကောင်းများ၊ အာဇာနည်နေ့ဒို့မမေ့၊ စံပြုထိုက်သည့် အာဇာနည်ပုဂ္ဂိုလ် စသည့်ခေါင်းစဉ်များဖြင့် ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

နိုင်ငံနှင့်လူမျိုးအကျိုးကို သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့သည့် အာဇာနည်ခေါင်းဆောင်ကြီးများအား အစဉ်အမြဲ အောက်မေ့သတိရနေစေရန်၊ ကျောင်းသားလူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန်၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ စိတ်ဓာတ်နှင့်နိုင်ငံအတွက် သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့သည်များကို လေးစားအတုယူ အားကျလာစေရန် ရည်ရွယ်၍ ပြိုင်ပွဲကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲကျင်းပနေစဉ်ကာလအတွင်း အာဇာနည်နေ့အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံများ၊ နံရံကပ်ပိုစတာနှင့် ပြဘုတ်များ၊ စာအုပ်စာစောင်များကိုလည်း ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပပြီး ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရရှိသူများက ပြန်လည်ဖျော်ဖြေကာ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်နှင့် ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ခင်စောလင်းတို့က ဆုရကျောင်းသားကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က လုံခြုံရေးတိုးမြှင့်ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၁၇**

ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပမည်ဖြစ်ရာ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ လုံခြုံရေး တိုးမြှင့်ဆောင်ရွက်ထားကြောင်း သိရသည်။

အာဇာနည်နေ့တွင် အများပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန် ဖွင့်လှစ်ထားသည့် ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး (ဟောင်း) ၌ လည်းကောင်း၊ ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်းရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၌ လည်းကောင်း၊ ကန်တော်ကြီး နတ်မောက်လမ်းရှိ ဗိုလ်ချုပ်ကြေးရုပ်၌ လည်းကောင်း ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် လာရောက်လေ့လာနိုင်ရန် အဆိုပါ နေရာများ၌ လုံခြုံရေးအပြည့်အဝချထားကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် အာဇာနည်နေ့မတိုင်မီ ဇူလိုင် ၁၃ ရက်ကစတင်၍ မြို့နယ်အသီးသီးတွင် ယာဉ်စစ်ပိတ်ဆို့ စစ်ဆေးဆောင်ရွက်ခြင်း၊ မြို့ဝင်/ထွက်ဂိတ်များတွင် ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိပြီး နယ်မြေအတွင်း ကင်းလှည့်စောင့်ရှောက်ခြင်းကို မော်တော်ယာဉ်၊ ဆိုင်ကယ်၊ စက်ဘီး၊ ခြေကျင်လှည့်ကင်းများဖြင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့်အပြင် ခရိုင်လေးခရိုင်အတွင်း၌လည်း ခိုးဆိုး၊ လုယက်မှုများ မဖြစ်ပွားစေရေးအတွက် စွန့်ရဲစီမံချက်အဆင့် (၃)ဖြင့် ဖော်ထုတ်ဖမ်းဆီး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အာဇာနည်နေ့အကြို ပုံတူပန်းချီဆွဲပြိုင်ပွဲ ထီးလင်း၌ကျင်းပ




**ထီးလင်း ဇူလိုင် ၁၇**

နှစ် (၇၀) ပြည့် အာဇာနည်နေ့အကြို ပုံတူပန်းချီဆွဲပြိုင်ပွဲကို ဇူလိုင် ၁၄ ရက်နံနက်က ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပရာ ကျောင်းသား ကျောင်းသူ ၂၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲတွင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ပုံတူပန်းချီကို ပါဝင်ရေးဆွဲယှဉ်ပြိုင်ကြပြီး ထီးလင်းအထက ဆဋ္ဌမတန်းမှ မောင်ကျော်မိုးအောင်က ပထမ၊ သတ္တမတန်းမှ မောင်သောင်းထက်စံက ဒုတိယ၊ အဋ္ဌမတန်းမှ မောင်ကျော်လင်းအောင်က တတိယဆုများရရှိကြ၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးကျော်မြင့်က ဆုများချီးမြှင့်ခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

## အာဇာနည်နေ့အခမ်းအနားတွင် လူထုလူတန်းစားအလွှာစုံ ပါဝင်နိုင်ရေး ပြင်ဆင်နေ

**ဖျာပုံ ဇူလိုင် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၌ ဇူလိုင် ၁၉ ရက်တွင်ကျင်းပမည့် နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကို လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူထုလူတန်းစားအလွှာစုံ ပူးပေါင်းပါဝင်ပြီး ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖျာပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၅ ရက်က ကျင်းပသည့် ညှိနှိုင်းအစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုမင်းဇော်က “ယခုနှစ် နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကို ယခင်နှစ်ကထက်ပိုပြီး စည်ကားသိုက်မြိုက်စွာကျင်းပဖို့စီစဉ်ဆောင်ရွက်နေပါတယ်။ ဒီနှစ်မှာ ခါတိုင်းနှစ်နဲ့မတူတာက ဖျာပုံမြို့အဝင်မှာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလမှာ ဖွင့်လှစ်ခဲ့ပြီဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်း ကြေးသွန်းရုပ်တုရှေ့မှာ ကျင်းပမှာဖြစ်ပါတယ်။ အခုလို အပြင်မှာကျင်းပတဲ့အခါ လူထုလူတန်းစားအလွှာစုံ ပါဝင်နိုင်အောင် သက်ဆိုင်ရာဌာနဆိုင်ရာတွေ မြို့မိမြို့ဖတွေနဲ့ ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေဘက်က လုပ်ပေးလို့ရတာမှန်သမျှ ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်”ဟု ပြောသည်။

နှစ်(၇၀)ပြည့် အာဇာနည်နေ့ အခမ်းအနားတွင် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ဖျာပုံမြို့ သာသနာ့ဗိမာန်၌ သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ မြောက်ပိုင်းရပ်ရှိ ဗိုလ်ချုပ်အောင်ဆန်း ကြေးသွန်းရုပ်တုရှေ့တွင် အာဇာနည်တေးသီချင်းများဖြင့် သီဆိုဂါရဝပြုခြင်း၊ အငြိမ်းစားကျောင်းဆရာကြီး ဦးအောင်မြင့်က အာဇာနည်စိတ်ဓာတ်ခေါင်းစဉ်ဖြင့် ဟောပြောခြင်း၊ ချီတက်လာသော နိုင်ငံရေးပါတီများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဧည့်သည်တော်များက လွမ်းသူ့ပန်းခွေချ ဂုဏ်ပြုအလေးပြုခြင်း၊ အာဇာနည်နေ့ အထိမ်းအမှတ် ကဗျာ၊ စာစီစာကုံးပြိုင်ပွဲများမှ ဆုရရှိကြသူများအား ဆုချီးမြှင့်ခြင်း စသည့် အစီအစဉ်များဖြင့် လူထုလူတန်းစားအလွှာစုံ ပူးပေါင်းပါဝင်နိုင်သည့် အာဇာနည်နေ့အခမ်းအနားအဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**



## အာဇာနည်နေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူ

**ညောင်ဦး ဇူလိုင် ၁၇**

နှစ်(၇၀)ပြည့် အာဇာနည်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပုဂံမြို့ ရတနာဘုံစံတောရကျောင်းတိုက် နာယကဆရာတော် အရှင်သာဂရ ဦးစီးတည်ထောင်ထားသည့် မြင်းကပါကျေးရွာ မြတ်စေတနာ သွေးလှူရှင်အသင်းမှ အသင်းအဖွဲ့သားများက ပခုက္ကူဆေးရုံကြီးတွင် ဇူလိုင် ၁၅ ရက်က စုပေါင်းသွေးလှူခဲ့ကြောင်း သိရသည်။

သွေးလှူဒါန်းပွဲတွင် ရတနာဘုံစံတောရကျောင်းတိုက် နာယကဆရာတော် အရှင်သာဂရ ဦးဆောင်သည့် မြင်းကပါကျေးရွာ မြတ်စေတနာ သွေးလှူရှင်အသင်းမှ အသင်းသားများက စုပေါင်းသွေးလှူဒါန်းခဲ့ရာ အေသွေးငါးလုံး၊ ဘီသွေး ၁၀ လုံး၊ အိုသွေး ၁၀ လုံးနှင့် အေဘီသွေးလေးလုံး စုစုပေါင်း သွေးပုလင်း ၂၉ လုံး လှူဒါန်းနိုင်ခဲ့ကြောင်း၊ မြတ်စေတနာ သွေးလှူရှင်အသင်းအနေဖြင့် ပခုက္ကူဆေးရုံကြီးတွင် မကြာခဏ သွေးလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# အုတ်ကျင်းများရေနစ်မြုပ်သဖြင့် အခြေခံလုပ်သားများ စားဝတ်နေရေး အခက်အခဲဖြစ်

**မကွေး ဇူလိုင် ၁၇**
ဧရာဝတီမြစ်ရေကြီးသဖြင့် မကွေးမြို့နယ်အတွင်းရှိ အုတ်ကျင်းများ ရေနစ်မြုပ်လျက်ရှိရာ အုတ်လုပ်ငန်းကို မှီခိုလုပ်ကိုင်နေကြသည့် အခြေခံလုပ်သားမိသားစု ၂၀၀ ကျော်အနေဖြင့် စားဝတ်နေရေး အခက်အခဲ ကြုံတွေ့ရလျက်ရှိကြောင်း သိရသည်။

ဇူလိုင်လအတွင်း ဧရာဝတီမြစ်ရေတက်နှုန်းမြင့်လာသဖြင့် မကွေးမြို့နယ် မယ်လှတောင်အုပ်စု သဘော်ဆိပ်ကျေးရွာနားရှိ အုတ်ကျင်း ၁၀ ကျင်းကျော် ရေနစ်မြုပ်ခဲ့၍ အုတ်ဖုတ်လုပ်ငန်းများမှ အခြေခံလုပ်သား မိသားစု ၂၀၀ ကျော် စားဝတ်နေရေး အခက်ဖြစ်နေရကြောင်း သဘော်ဆိပ်ကျေးရွာမှ ရွာခံတာဝန်ခံ ဦးဝင်းမင်းသိန်းက ပြောသည်။

"ကျွန်တော်တို့ရွာက အုတ်လုပ်ငန်းကိုမှီခိုပြီး အလုပ်လုပ်နေရတယ်။ ဇွန်လကစပြီး မိုးအဆက်မပြတ်ရွာတာဆိုတော့ အုတ်လုပ်ငန်းရှင်တွေက လုပ်ငန်းအလေအလွင့် အပျက်အစီးမရှိအောင် ရပ်နားထားတယ်။ ဆက်ပြီး မြစ်ရေကြီးလာတော့ အုတ်ကျင်းတွေ ဆက်တိုက်ဆိုသလို ရေနစ်မြုပ်ပြီး အခြေခံလုပ်သားတွေ အလုပ်အကိုင်မရှိကြဘဲ စားဝတ်နေရေး အခက်အခဲဖြစ်လာကြတယ်။ ပေါင်းထိုးချိန် နှမ်းနုတ်ချိန်မဟုတ်တဲ့ ကာလဆိုတော့လည်း အလုပ်အကိုင် ရှားပါးကြတယ်"ဟု ဦးဝင်းမင်းသိန်းက ဆိုသည်။

အဆိုပါ အုတ်ဖုတ်လုပ်ငန်းများတွင် သဘော်ဆိပ်ကျေးရွာမှ မိသားစု ၁၅၀ ကျော် မှီခိုလုပ်ကိုင်ကြသည့်အပြင် မယ်လှတောင်၊ သဲရင်းတော၊ ကျွန်းမြတ်၊ တပ်ကုန်းကျေးရွာများနှင့် အခြားမြို့နယ်များမှ အခြေခံလူတန်းစား မိသားစုများလည်း လာရောက်လုပ်ကိုင်နေကြသည်။ အုတ်ကျင်းတစ်ကျင်းလျှင် မိသားစု ၂၀ ကျော် မှီခိုလုပ်ကိုင်ကြနေကြရ၍ ရေမြုပ်နေသော အုတ်ကျင်း ၁၀ ကျင်းခန့်တွင် လုပ်ကိုင်နေသည့် မိသားစု ၂၀၀ ကျော် ရှိနေခြင်းဖြစ်သည်။ အုတ်ဖိုလုပ်သားများအနေဖြင့် အလုပ်ဆင်းရလျှင် အမျိုးသမီးတစ်ဦး တစ်ရက် ၃၅၀၀ ကျပ်နှင့် အမျိုးသားတစ်ဦး ၄၅၀၀ ကျပ် ရရှိကြသည်ဟု ဒေသခံများထံမှ သိရသည်။

"ကျွန်တော်တို့ကျေးရွာမှာ အုတ်ကျင်းတွေကို မှီခိုလုပ်ကိုင်စားသောက်ရပါတယ်။ အုတ်ကျင်းတွေ ရေနစ်မြုပ်သွားတဲ့အတွက် လုပ်သားတွေ စားဝတ်နေရေးအခက်အခဲ အများကြီးရှိပါတယ်။ အလုပ်မရှိတာ တစ်လကျော်လောက် ကြာသွားပါပြီ"ဟု သဘော်ဆိပ်ကျေးရွာမှ အလုပ်သမားတစ်ဦးဖြစ်သူ ဦးကြည်ညွန့်က ပြောသည်။

အုတ်လုပ်ငန်းများတွင် အလုပ်မလုပ်ရခြင်းမှ ယခုလတွင် မြစ်ရေကြီးခြင်းအပြင် ယခင်လကလည်း အုတ်လုပ်ငန်း လိုင်စင်သက်တမ်းတိုးရန် နိုင်ငံတော်အစိုးရက ပိတ်ထားခြင်းကြောင့်လည်းကောင်း၊ အုတ်လုပ်ငန်း လိုင်စင်ရပြန်သော်လည်း မိုးအဆက်မပြတ် ရွာသွန်းခြင်းကြောင့်လည်းကောင်း အလုပ်မလုပ်ရခြင်းဖြစ်ပြီး ယခု မြစ်ရေကြီးနေသည့် အခြေအနေအရ သီတင်းကျွတ်နှင့် တန်ဆောင်မုန်းလ မြေကြီးများခြောက်သွေ့ချိန်တွင်မှ လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်လုပ်ကိုင်၍ ရနိုင်မည်ဖြစ်ကြောင်း၊ အချို့လုပ်သားများမှာ တံငါလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းနေရကြောင်း ၎င်းက ဆက်ပြောသည်။



ဧရာဝတီမြစ်ရေသည် သုံးနှစ်ဆက်၍ ရေကြီးခဲ့သဖြင့် အုတ်လုပ်ငန်းရှင်များအနေဖြင့် ယခင်နှစ်များက ဆုံးရှုံးနစ်နာမှုများ ရှိခဲ့သော်လည်း အလုပ်သမားများ စားဝတ်နေရေးအတွက် လုပ်ငန်းရှင်အနေဖြင့် တတ်အားသရွေ့ ကူညီဆောင်ရွက်ပေးမည်ဟု အုတ်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။ အုတ်လုပ်ငန်းရှင်တချို့မှာလည်း အလုပ်သမားများကို မိုးအဆက်မပြတ် ရွာသွန်းချိန်၌ ကြိုတင်ငွေထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ နေ့စဉ်မြစ်ရေခန့်မှန်းချက် ထုတ်ပြန်ချက်တွင် ဇူလိုင် ၁၅ ရက် နေ့လယ် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မကွေးမြို့တွင် ၁၅၈၀ စင်တီမီတာနှင့် မင်းဘူးမြို့တွင် ၁၅၉၆ စင်တီမီတာသို့ ရောက်ရှိနေပြီး ၂၄ နာရီအတွင်း မကွေး၌ ၂၀ စင်တီမီတာနှင့် မင်းဘူးတွင် ၂၅ စင်တီမီတာခန့် ရေတက်နိုင်သည်ဟု သိရသည်။

**ဇွဲထက်ရှင်**

---

## တိုက်ပွဲရှောင်ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီး ကွင်းဆင်းပြုလုပ်ပေး

**ဗန်းမော် ဇူလိုင် ၁၇**
ကချင်ပြည်နယ် ဗန်းမော်မြို့သို့ ရောက်ရှိနေသော မန်စီမြို့နယ်နှင့် ဒေါ့ဖုန်းယန်မြို့နယ်ခွဲအတွင်းမှ တိုက်ပွဲရှောင်ပြည်သူများအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဗန်းမော်မြို့နယ် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနက အသက် ၁၀ နှစ်ပြည့်နှင့် အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဇူလိုင် ၁၅ ရက်က နေ့ချင်းပြီး ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ဗန်းမော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူး ဦးမြင့်ကျော်၊ မန်စီမြို့နယ် ဦးစီးမှူး ဦးလုဂျာနှင့် ဝန်ထမ်းများအဖွဲ့က ဗန်းမော်မြို့သာစည်ရပ်ကွက်ရှိ ဗီ ၂၀၀၀ စစ်ဘေးရှောင်စခန်းတွင် ရောက်ရှိနေသော ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ကြရာ ဒေါ့ဖုန်းယန့်မြို့နယ်ခွဲ အတွင်းမှ အသက် ၁၀ နှစ်ပြည့်သူ ၁၁ ဦးနှင့် အသက် ၁၈နှစ်ပြည့်သူ နှစ်ဦးအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးနိုင်ခဲ့ပြီး မန်စီမြို့နယ်အတွင်းမှ အသက် ၁၀ နှစ်ပြည့်သူ ၇၈ ဦးနှင့် အသက် ၁၈ နှစ် ပြည့်သူ ငါးဦး၊ ၁၈ နှစ်ပြည့် လဲလှယ်သူနှင့် ပျောက်၍ လျှောက်ထားသူနှစ်ဦး ပေါင်း ၉၆ ဦးအား နိုင်ငံသား စိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဗန်းမော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဆိုင်ရာဦးစီးဌာနက နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးနေမှုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်သင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်နှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

**ဆီမီးခုံ -နန်းရီ**

---

## ကြွပက်ပြီးသော မိုးစပါးများ မျိုးပေါက်နှုန်းမကောင်း၍ ပြန်လည်ထွန်ယက်ရသဖြင့် ကုန်ကျစရိတ်ပိုများ

**ရေတာရှည် ဇူလိုင် ၁၇**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးရာတွင် အပြောင်းအလဲမြန်သည့် ရာသီဥတုကြောင့် ထွန်ယက်စိုက်ပျိုးသည့်လုပ်ငန်းများကို ခက်ခက်ခဲခဲ ကုန်ကျမှုများစွာဖြင့် လုပ်ကိုင်နေရကြောင်းနှင့် ကြဲပက်ပြီးသားစပါးပင်များမှာ ရေနာ၍ ပင်ပေါက်နှုန်းမကောင်းသည့်အတွက် ပြန်လည်ထွန်ယက်ကြရသဖြင့် ထွန်ယက်ခ၊ ကြဲပက်ခနှင့် မျိုးစပါးဖိုးများ ထပ်မံကုန်ကျလျက်ရှိကြောင်း သိရသည်။

တောင်သူများအနေဖြင့် ထွန်ယက်ရန် ထွန်စက်ငှားခ၊ ကန်သင်းဆယ်၊ ကန်သင်းပေါက်သည့် လယ်ယာလုပ်သားခများစသည့် သွင်းအားစုကုန်ကျစရိတ်များရှိ၍ ကုန်ကျစရိတ်သက်သာစေရန် ပျိုးထောင်စိုက်ခြင်းထက် အစေ့ကြဲပက်သည့် နည်းကိုသာ အသုံးပြုကြသည့်အခါ မိုးရေဝပ်သည့် လယ်အတော်များများ၌ စပါးစေ့ အစို့ထွက် ကြဲပက်ခဲ့သည့် စပါးမျိုးများမှာ ရေနာမိပြီး အပင်မပေါက်သဖြင့် တောင်သူများအနေဖြင့် စပါးများကို ထပ်မံဝယ်ယူ အပင်ဖောက်ကာ ထပ်မံကြဲပက်ရကြောင်း၊ သမန်းပြန်နှိုးခ၊ ကြဲပက်ခနှင့် မျိုးဖိုးကုန်ကျစရိတ်များကြောင့် များစွာအခက်အခဲဖြစ်ရကြောင်း တောင်သူများက ပြောသည်။

"အပင်အစို့ထွက်ပြီးသား အပင်မပေါက်တာက တောင်သူတွေ မျိုးရွေးတာ၊ ရေပြန်ထုတ်ဖို့ နောက်ကျတာလည်း ဖြစ်နိုင်တယ်။ မိုးကလည်း မမှန်တော့ မိုးရာသီမှာဖြစ်လေ့ရှိပါတယ်။ တောင်သူတွေ ကုန်ကျစရိတ် ပိုကုန်တာပေါ့။ အဓိကကတော့ မျိုးကောင်းမျိုးသန့်ဖြစ်ရမယ်။ ကြဲပြီးရင်လည်း ရေကို ပြောင်အောင်မထုတ် နိုင်ရင်တောင် ရေအနည်းဆုံးဖြစ်အောင် လုပ်သင့်တယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက အကြံပြုပြောကြားသည်။

**ကိုလွင်(ဆွာ)**

---

## ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်ရောက်လာ၍ တာတမံများကြံ့ခိုင်မှု လိုက်လံစစ်ဆေး

**ဟင်္သာတ ဇူလိုင် ၁၇**
ဟင်္သာတမြို့၌ ဧရာဝတီမြစ်ရေသည် ဇူလိုင် ၁၅ ရက်တွင် မြို့၏စိုးရိမ်ရေမှတ် ၄၄ ပေသို့ ရောက်ရှိလာ၍ တာတမံများကြံ့ခိုင်မှုနှင့် ရေဘေးကြိုတင်ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများကို ဟင်္သာတခရိုင် အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်နှင့် ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသာယာတို့က လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများအဖွဲ့သည် ဧရာဝတီ-ဟင်္သာတတာ (၁၃/၃ မှ ၁၅/၅ )မိုင်ကြား အလျား ၂ ဒသမ ၈၁ မိုင်တွင်လည်းကောင်း၊ ငဝန်တာ (၂/၀ မှ ၇/၀) မိုင်ကြား အလျား ၃ ဒသမ ၁၄ မိုင်တွင်လည်းကောင်း၊ ဖောင်ဆိပ်ကျေးရွာတာ ၂ ဒသမ ၇၉ မိုင်တွင်လည်းကောင်း မိုးရာသီမတိုင်မီ တာမြှင့် တာခြေထောက်ခြင်း၊ တာတမံပြင်တင်ခြင်းနှင့် သဲကြောဖြတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားသည့်အခြေအနေများကို ကြည့်ရှုပြီး တာတမံများကြံ့ခိုင်ရေးနှင့် ရေကင်းတဲများတွင် အရေးပေါ်ရေဘေးကာကွယ်ရေးအတွက် ပစ္စည်းများ ကြိုတင်ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဟင်္သာတမြို့နယ်တွင် တာတမံနယ် ၄၆ မိုင်ခန့်ရှိသည့်အနက် ရေထိတာ ၃၂ မိုင်ရှိပြီး ဌာနပိုင်ရေကင်းစခန်း ၁၃ ခုလည်း ချထားကြောင်း၊ ဆက်သွယ်ရေးစကားပြောစက်(I-Con)များ တပ်ဆင်ပေးထားပြီး ရေဘေးကာကွယ်ရေးအတွက် အရေးပေါ်သုံးပစ္စည်းများဖြစ်သည့် ပီနံအိတ်၊ မြစ်သဲ၊ မြစ်ကျောက်၊ ဝါးထရံ၊ ယိုင်ခွေနှင့် မျှောတိုင်များ စသည်တို့ကိုလည်း စုဆောင်းထားရှိကြောင်း သိရသည်။ ထို့အပြင် စိုးရိမ်ရေမှတ်ရောက်ရှိချိန်တွင် နှစ်ပတ်လည် တာတမံပုံမှန်လုပ်သားများအပြင် မိုးရာသီ တာတမံလုပ်သားများ ခန့်ထားပြီး ရေကင်းလှည့်လည်ခြင်း၊ ရေကင်းစောင့်ခြင်းများ ဆောင်ရွက်ကာ ရေအခြေအနေကို အချိန်နှင့်တစ်ပြေးညီသတင်းပေးပို့နိုင်ရေးကိုလည်း စီမံဆောင်ရွက်ထားကြောင်း သိရသည်။

ဟင်္သာတမြို့နယ်တွင် တာတမံများကို ၂၀၁၅ ခုနှစ်က မြစ်ရေအမြင့်ဆုံးရောက်ရှိခဲ့သည့် စိုးရိမ်ရေ အမှတ် ၄၈ ဒသမ ၁၅ ပေ၏အထက် ၅ ပေခန့်ကျော်၍ တာတမံမြှင့်တင်ခြင်းနှင့် တာခြေကန်ခြင်းများ ဆောင်ရွက်ထားရှိခဲ့မှုကြောင့် လက်ရှိ ဟင်္သာတမြို့၏ စိုးရိမ်ရေအမှတ်တွင် တာတမံများအတွက် စိုးရိမ်ဖွယ်ရာမရှိနိုင်သေးကြောင်းလည်း ဟင်္သာတမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်မြင့်အောင်က ပြောသည်။

ဟင်္သာတခရိုင်တွင် စုစုပေါင်း ရေဘေးကာကွယ်ရေး တာတမံ အလျား ၂၀၃ မိုင်ရှိပြီး ကာကွယ်ဧကမှာ ငါးသိန်းနီးပါးရှိကြောင်း၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ် မိုးရာသီတွင် မြစ်ရေများသည် ခရိုင်အတွင်းရှိ ကြံခင်း၊ မြန်အောင်၊ အင်္ဂပူ၊ ဟင်္သာတ၊ လေးမျက်နှာ၊ ဇလွန်မြို့များ၌ စိုးရိမ်ရေအမှတ်အထိ ရောက်ရှိခဲ့သော်လည်း ဆည်မြောင်းဌာနဝန်ထမ်းများနှင့် ပြည်သူများ ဝိုင်းဝန်းပူးပေါင်းပြီး နေ့ရောညပါ ကာကွယ်နိုင်ခဲ့ခြင်းကြောင့် တာတမံများ ကျိုးပေါက်နစ်မြုပ်မှုမရှိခဲ့ကြောင်း ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသာယာထံမှ သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

---

## မြန်မာနိုင်ငံ ရေဆေးပန်းချီဆရာအသင်းမှ ပုဂံတွင် ပန်းချီပြပွဲကျင်းပမည်

**မန္တလေး ဇူလိုင် ၁၇**
မြန်မာနိုင်ငံ ရေဆေးပန်းချီဆရာအသင်း၏ ယခုနှစ်အတွင်း ဒုတိယအကြိမ်မြောက် ရေဆေးပန်းချီပြပွဲကို ပုဂံ-ညောင်ဦးကားလမ်းပေါ် ဝက်ကြီးအင်းကျေးရွာရှိ မျိုးမျိုးစားသောက်ဆိုင်အနီး၌ ကျင်းပကာ ရေဆေးပန်းချီကားများ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ရေဆေးပန်းချီဆရာအသင်းအနေဖြင့် တစ်နှစ်လျှင် သုံးကြိမ်ခန့် ပန်းချီပြပွဲများ ကျင်းပလေ့ရှိသော်လည်း ယခင်က ရန်ကုန်၊ မန္တလေးနှင့် မုံရွာမြို့များတွင်သာ ပြုလုပ်ခဲ့ပြီး ယခု ပထမဆုံးအကြိမ်အဖြစ် ပုဂံတွင် သွားရောက်ပြသခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ရေဆေးပန်းချီဆရာအသင်းဥက္ကဋ္ဌ ဦးဇော်ဝင်း(သစ်ထွင်း)က ပြောသည်။

"အသင်းအနေနဲ့ အဖွဲ့လိုက်ပန်းချီပြပွဲတွေ ကျင်းပသလို အဖွဲ့လိုက် သုံးလတစ်ကြိမ် ပြင်ဦးလွင်၊ ပုဂံ၊ ညောင်ဦးနဲ့ ဧရာဝတီမြစ်ရိုးတစ်လျှောက် မင်းကွန်းစစ်ကိုင်းစတဲ့ အညာဒေသ ကျေးလက်အငွေ့အသက်တွေပါတဲ့ ပန်းချီတွေကိုလည်း Outdoor ထွက်ပြီး ရေးဆွဲလေ့ရှိပါတယ်"ဟု ၎င်းကပြောသည်။

ယခု ပုဂံတွင် သွားရောက်ပြသမည့် ပန်းချီပြပွဲ၌ မန္တလေး၊ စစ်ကိုင်းနှင့် ပြင်ဦးလွင်မြို့တို့မှ အသင်းဝင် ပန်းချီဆရာ၊ ဆရာမ ၂၀ တို့က တစ်ဦးလျှင် လေးချိုးဆိုက်အရွယ် ပန်းချီကားသုံးကားစီ ရေးဆွဲကာ ပန်းချီကားပေါင်း ၁၀၀ ကျော် ပါဝင်ပြသသွားမည်ဖြစ်သည်။



မြန်မာနိုင်ငံရေဆေးပန်းချီဆရာအသင်းအနေဖြင့် ယခုနှစ်တွင် ပြည်ပပန်းချီခရီးစဉ်အဖြစ် စင်ကာပူနိုင်ငံ ရေဆေးပန်းချီဆရာအသင်း၏ ဖိတ်ကြားချက်အရ ပန်းချီပညာ လေ့လာဖလှယ်ရေးနှင့် Outdoor ပန်းချီရေးဆွဲခြင်း ခရီးစဉ်အဖြစ် သွားရောက်ခဲ့ပြီး ဆက်လက်၍လည်း မကြာမီလပိုင်းအတွင်း တရုတ်နိုင်ငံ တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း၏ ဖိတ်ကြားချက်အရ ပန်းချီပညာလေ့လာရေးနှင့် Outdoor ရေးဆွဲခြင်းခရီးစဉ်ကို သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
# မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်
## MYANMAR MERCANTILE MARINE COLLEGE

Bayint Naung Road, Kamayut Tsp., University P.O., Yangon, Myanmar. Tel:95-1-539464, 539465
E-mail:mmmc@mptmail.net.mm, Fax:95-1-513448

## ကြော်ငြာစာ

၁။ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တွင် (၂၀၁၈-၂၀၁၉) ခုနှစ်အတွင်း ဖွင့်လှစ်မည့် အောက်ဖော်ပြပါ အရာရှိလောင်း ဒီပလိုမာ သင်တန်းများကို တက်ရောက်လိုသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသား အိမ်ထောင်မရှိ (လူပျို)များသည် ရန်ကုန်မြို့၊ ဘုရင့်နောင်လမ်း၊ ဆင်မလိုက်၊ တက္ကသိုလ်စာတိုက်၊ ကမာရွတ်၊ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ ကျောင်းအုပ်ကြီးထံသို့ ၂၃-၈-၂၀၁၇ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။
- (က) ကုန်သွယ်ရေကြောင်းအရာရှိလောင်း Nautical Cadet(CD/46) Diploma in Nautical Studies / Dip: N.S. သင်တန်းအမှတ်စဉ်(၁၂)
- (ခ) ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်း Marine Engineering Cadet (CE/44) Diploma in Maritime Technology/ Dip: Mar.Tech. သင်တန်းအမှတ်စဉ်(၁၂)

၂။ **ပညာအရည်အချင်းကန့်သတ်ချက်**
တက္ကသိုလ်ဝင်စာမေးပွဲတွင် ရူပဗေဒ၊ ဓာတုဗေဒ ဘာသာများပါဝင်သော ဘာသာတွဲဖြင့် အောင်မြင်ပြီး စုစုပေါင်းအမှတ်အနည်းဆုံး ၄၂၀ ရှိရမည်။

၃။ **အသက်နှင့်အခြားကန့်သတ်ချက်**
- (က) ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အသက် (၁၉)နှစ်ထက် မကျော်လွန်စေရ။
- (ခ) အရပ်အမောင်း (၅ပေ ၄ လက်မ) အနည်းဆုံးရှိရမည်။
- (ဂ) ကိုယ်အလေးချိန် (၁၀၀)ပေါင် အနည်းဆုံးရှိရမည်။
- (ဃ) ရင်အုပ် (၃၂)လက်မ နဂိုအနေအထားအနည်းဆုံးရှိရမည်။
- (င) မျက်မှန်၊ မျက်ကပ်မှန် တပ်ထားသူများမဖြစ်စေရ။ (အင်ဂျင်နီယာအရာရှိလောင်းများမပါ)

၄။ **ပဏာမရွေးချယ်မှု**
လျှောက်ထားသူများ၏ တက္ကသိုလ်ဝင်စာမေးပွဲရမှတ်အရ အများအနည်းအစဉ်လိုက်စီပြီး ရမှတ်အများဆုံးမှစ၍ လိုအပ်သည့်အရေအတွက် ရရှိသည်အထိစိစစ်၍ ပဏာမရွေးချယ်သွားမည်ဖြစ်ပါသည်။

၅။ ပဏာမအဆင့်ရွေးချယ်ခံရသူများအားအောက်ဖော်ပြပါအတိုင်း ဆက်လက်စစ်ဆေးသွားမည်-
- (က) နားစစ်ဆေးခြင်း။
- (ခ) အထွေထွေကျန်းမာရေးစစ်ဆေးခြင်း။
- (ဂ) မျက်စိစစ်ဆေးခြင်း (အရောင်ခွဲခြားနိုင်မှု ရှိ/မရှိစစ်ဆေးခြင်း)။
- (ဃ) စိတ်ရောဂါနှင့်မူးယစ်ဆေးသုံးစွဲမှုရှိ/မရှိစစ်ဆေးခြင်း။

၆။ လျှောက်ထားရာတွင် အောက်ပါအချက်အလက်များကို ဖော်ပြရမည်-
- (က) တက်ရောက်ရန်သင်တန်းတစ်မျိုးတည်းကိုသာလျှောက်ထားရမည်။ (သင်တန်းတစ်မျိုးထက်ပို၍ လျှောက်ထားပါက လက်ခံစဉ်းစားမည်မဟုတ်ပါ)
- (ခ) အမည်
- (ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်။
- (ဃ) မွေးနေ့သက္ကရာဇ်။
- (င) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
- (စ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သော ခုနှစ်/ခုံအမှတ်/မြို့နယ်/တိုင်း/ဘာသာရပ်အလိုက်ရရှိသည့် အမှတ်စာရင်းနှင့် စုစုပေါင်းအမှတ်။
- (ဆ) အဘအမည်နှင့် အလုပ်အကိုင်။
- (ဇ) အမိအမည်နှင့်အလုပ်အကိုင်။
- (ဈ) နေရပ်လိပ်စာအပြည့်အစုံ။
- (ည) ဆက်သွယ်ရန်ဖုန်းနံပါတ်နှင့် နေရပ်လိပ်စာ။

၇။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်။
- (က) လိုင်စင်ဓာတ်ပုံ(၂)ပုံ။
- (ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်း/မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့/စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း။
- (ဂ) မိမိအောင်မြင်ခဲ့သော အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း ကျောင်းအုပ်ကြီးကိုယ်တိုင် လက်မှတ်ရေးထိုးသည့် ထောက်ခံစာမူရင်းတင်ပြရမည်။ ယင်းထောက်ခံစာတွင် ကျောင်းတံဆိပ်ရိုက်နှိပ်ထားသော ဓာတ်ပုံပါရှိရမည်။
- (ဃ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ဘာသာရပ်အလိုက် အမှတ်စာရင်းမူရင်း။ (မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ယူရန်)
- (င) မိဘနှစ်ပါးစလုံးနှင့် မိမိကိုယ်တိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ကြောင်း ကတိဝန်ခံချက်။ (နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများ ပူးတွဲတင်ပြရမည်။)
- (စ) ပဏာမအဆင့်ရွေးချယ်ခံရသော သင်တန်းသားများသည် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၏ စီစဉ်မှုဖြင့် ဆေးစစ်ပြီး၍ ပြန်လည်သတင်းပို့သည့်အခါ မြန်မာနိုင်ငံစာစစ်အဖွဲ့၏တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်မူရင်းနှင့်မိတ္တူတင်ပြရမည်။ သတ်မှတ်သည့်ရက်တွင် မတင်ပြနိုင်ပါက ရွေးချယ်ခြင်းခံရသော ပဏာမစာရင်းမှပယ်ဖျက်ခြင်းခံရမည်။

၈။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြထားသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား စဉ်းစားမည်မဟုတ်ပါ။

၉။ လျှောက်ထားသူသည် အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနမှတစ်ဆင့် လျှောက်ထားကြရမည်။ သက်ဆိုင်ရာဌာနမှတစ်ဆင့် လျှောက်ထားခြင်းမရှိသူများအား ရွေးချယ်ခြင်းခံရစေကာမူ ရွေးချယ်ခြင်းမှပယ်ဖျက်မည်။

၁၀။ ရွေးချယ်ခံရသူများသည် သင်တန်းတက်နေစဉ်အတွင်း နှစ်စဉ်သင်တန်းကြေး ၄၂၀၀၀ိ/-၊ အဆောင်ကြေး၊ ဝတ်စုံစရိတ်နှင့် လစဉ် စားစရိတ် အစရှိသည်တို့ကို ကိုယ်တိုင်ကျခံရမည်။

၁၁။ ဘွဲ့ကြိုဒီပလိုမာ (၂)နှစ်သင်တန်းကာလအတွင်း ပထမနှစ်သင်တန်းကို မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တွင် ကျောင်းအိပ်ကျောင်းစားအဆောင်နေကျောင်းသားအဖြစ် (၁)နှစ်တက်ရောက်ရမည်။

၁၂။ ဘွဲ့ကြိုဒီပလိုမာ(၂)နှစ်သင်တန်းပြီးဆုံးတက်ရောက်အောင်မြင်ပြီးသူများကို ဘွဲ့ကြိုဒီပလိုမာလက်မှတ် (Diploma in Nautical Studies/ Diploma in Maritime Technology) နှင့် ကုန်သွယ်ရေကြောင်းအရာရှိလောင်း သင်တန်းပြီးဆုံးခြင်းလက်မှတ် (Mercantile Marine Nautical/ Engineering Cadet Training Course Completion Certificate)များ အပ်နှင်းပေးပါမည်။

၁၃။ လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြသည့် စာရွက်စာတမ်းများကို ပြန်လည်ထုတ်ပေးခြင်း၊ ရွေးချယ်ခြင်းမခံရသူများထံသို့ မရွေးချယ်ကြောင်း ပြန်ကြားခြင်းပြုမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သည့် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို ချိန်းဆိုထားသည့်နေ့တွင် စုံစမ်းမေးမြန်းနိုင်သည်။

၁၄။ သင်တန်းကိစ္စရပ်များကို အသေးစိတ်သိလိုပါက မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ သင်တန်းဌာနခွဲ၊ (ဖုန်း-၅၃၉၄၆၄၊ ၅၃၉၄၆၅ လိုင်းခွဲ ၁၂၀) တွင် စုံစမ်းမေးမြန်းနိုင်သည်။

**ကျောင်းအုပ်ကြီး**
**မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်**

---

MPT ရှေ့သို့လှမ်းချီ မြန်မာပြည်

# ခေတ်မီအိတ်ချိန်းစက်များ လဲလှယ်မည်ဖြစ်သဖြင့် အော်တိုတယ်လီဖုန်းနံပါတ်များအား ပြောင်းလဲမည်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT အနေဖြင့် ပိုမိုကောင်းမွန်သည့် အရည်အသွေးနှင့် ခေတ်မီဝန်ဆောင်မှုများကိုပေးနိုင်ရန်အတွက် လက်ရှိ အသုံးပြုနေသော အော်တိုတယ်လီဖုန်းနံပါတ်များကို ဂဏန်း (၇)လုံးပါရှိသည့် အော်တိုတယ်လီဖုန်းနံပါတ်အသစ်များဖြင့် ပြောင်းလဲတပ်ဆင်ပေးသွားမည် ဖြစ်ပါသည်။ အောက်ပါနယ်မြေ (၁၀)ခုရှိ အိတ်ချိန်းများကို ၂၀၁၇ ခုနှစ် ဩဂုတ်လ (၁၈)ရက်နေ့တွင် ခေတ်မီအိတ်ချိန်းစက်များနှင့် ပြောင်းလဲတပ်ဆင်မည် ဖြစ်ပါသဖြင့် အော်တိုတယ်လီဖုန်းနံပါတ်များလည်း အောက်ပါအတိုင်း ပြောင်းလဲသွားမည်ဖြစ်ပါသည်။

| အိတ်ချိန်းများ | နယ်မြေ | လက်ရှိအသုံးပြုနေသော ဖုန်းနံပါတ် | အသစ်ပြောင်းလဲမည့် ဖုန်းနံပါတ် |
|---|---|---|---|
| ဘုရင့်နောင်အိတ်ချိန်း | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၀၁-၆၈၀××× | ၀၁-၃၆၈၀××× |
| | | ၀၁-၆၈၁××× | ၀၁-၃၆၈၁××× |
| | | ၀၁-၆၈၂××× | ၀၁-၃၆၈၂××× |
| | | ၀၁-၆၈၃××× | ၀၁-၃၆၈၃××× |
| | | ၀၁-၆၈၄××× | ၀၁-၃၆၈၄××× |
| | | ၀၁-၆၈၅××× | ၀၁-၃၆၈၅××× |
| | | ၀၁-၆၈၆××× | ၀၁-၃၆၈၆××× |
| | | ၀၁-၆၈၇××× | ၀၁-၃၆၈၇××× |
| | | ၀၁-၆၈၈××× | ၀၁-၃၆၈၈××× |
| | | ၀၁-၆၈၉××× | ၀၁-၃၆၈၉××× |
| | | ၀၁-၅၂၈××× | ၀၁-၃၅၂၈××× |
| | | ၀၁-၉၆၈၈××× | ၀၁-၃၅၈၈××× |
| ချောင်းသာအိတ်ချိန်း | ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၄၂××× | ၀၄၂-၂၀၄၂××× |
| ငပုတောအိတ်ချိန်း | ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၄၄××× | ၀၄၂-၂၀၄၄××× |
| လပွတ္တာအိတ်ချိန်း | လပွတ္တာမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၈၀××× | ၀၄၂-၂၀၈၀××× |
| လပွတ္တာ ၃ မိုင် အိတ်ချိန်း | လပွတ္တာမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၈၃××× | ၀၄၂-၂၀၈၃××× |
| ဟသ်ာတအိတ်ချိန်း | ဟသ်ာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | ၀၄၄-၂၁××× | ၀၄၄-၂၀၂၁×× |
| | | ၀၄၄-၂၂××× | ၀၄၄-၂၀၂၂××× |
| မြစ်ကြီးနားအိတ်ချိန်း | မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ် | ၀၇၄-၂၀××× | ၀၇၄-၂၅၂၀××× |
| | | ၀၇၄-၂၁××× | ၀၇၄-၂၅၂၁××× |
| | | ၀၇၄-၂၂××× | ၀၇၄-၂၅၂၂××× |
| | | ၀၇၄-၂၃××× | ၀၇၄-၂၅၂၃××× |
| | | ၀၀၇၄-၂၄××× | ၀၇၄-၂၅၂၄××× |
| | | ၀၇၄-၂၉××× | ၀၇၄-၂၅၂၉××× |
| မြစ်ကြီးနားဈေး အိတ်ချိန်း | မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ် | ၀၇၄-၂၈××× | ၀၇၄-၂၅၂၈××× |
| ပမွတီးအိတ်ချိန်း | မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ် | ၀၇၄-၂၆××× | ၀၇၄-၂၅၂၆××× |
| လားရှိုးအိတ်ချိန်း | လားရှိုးမြို့နယ်၊ ရှမ်းပြည်နယ်(မြောက်) | ၀၈၂-၂၀××× | ၀၈၂-၂၉၂၀××× |
| | | ၀၈၂-၂၁××× | ၀၈၂-၂၉၂၁××× |
| | | ၀၈၂-၂၅××× | ၀၈၂-၂၉၂၅××× |
| | | ၀၈၂-၂၆××× | ၀၈၂-၂၉၂၆××× |
| | | ၀၈၂-၂၈××× | ၀၈၂-၂၉၂၈××× |
| | | ၀၈၂-၃၀××× | ၀၈၂-၂၉၃၀××× |
| | | ၀၈၂-၃၁××× | ၀၈၂-၂၉၃၁××× |
| | | ၀၈၂-၂၂၀၂××× | ၀၈၂-၂၂၀၂××× |
| | | ၀၈၂-၂၂၀၃××× | ၀၈၂-၂၂၀၃××× |
| | | ၀၈၂-၂၂၀၄××× | ၀၈၂-၂၂၀၄××× |

*အဆိုပါ နံပါတ်အဟောင်းမှ နံပါတ်အသစ်သို့ ပြောင်းလဲစဉ်ကာလအတွင်း၌ MPT မှ မိမိတို့၏ဝန်ဆောင်မှုကို အသုံးပြုနေသူများအနေဖြင့် ဆက်သွယ်မှုအဆင်ပြေစေရန် **Call Forward** ဝန်ဆောင်မှုကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလအကုန်အထိ အခမဲ့ပေးထားမည်ဖြစ်ပြီး သုံးစွဲသူများသည် နံပါတ်အသစ်သို့ ပြောင်းလဲနေစဉ်ကာလအတွင်း၌ လက်ရှိနံပါတ် သို့မဟုတ် နံပါတ်အသစ်သို့ခေါ်ဆိုနိုင်မည်ဖြစ်ပါသည်။*

---

### ဖခင်အမည်မှန်
နမ့်ခမ်းမြို့၊ ပေါက်နေရပ်ကွက်၊ အလက(ကောင်းဆာ) ပဥ္စမတန်းမှ စိုင်းဆိုင်ဝမ်းပိန်း၏ ဖခင်အမည်မှန်မှာ စိုင်းပေါင်းနွမ်ခမ်း ၁၃/နခန(နိုင်) ၀၃၇၄၅၉ ဖြစ်ပါကြောင်း။
**စိုင်းပေါင်းနွမ်ခမ်း**

### အမည်မှန်
နမ့်ခမ်းမြို့၊ အထက (၂)၊ တက္ကသိုလ်ဝင်တန်းမှ နန်းအေမွေလွန်း၏ အမည်မှန်မှာ နန်းမွေနွမ်း ၁၃/မဆတ(နိုင်)၀၀၀၄၁၉ ဖြစ်ပါကြောင်း။
**နန်းမွေနွမ်း**

### ဖခင်အမည်မှန်
လားရှိုး ပညာရေးကောလိပ်၊ လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ ပဥ္စမတန်းမှ မထုဂျာ၏ဖခင်အမည်မှန်မှာ ဦးနမ်နော် ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကသာမြို့နယ်၊ မိုးတားလေး အထက စာစစ်ဌာနမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ မမျိုးမြင့်ဌေး၏ဖခင် ဦးဖေသောင်း(ခ)ဦးထွန်းမြင့် ၅/ကသန(နိုင်)၀၁၆၄၂၂ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း
ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့၊ အထက (၂)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ နန်းစံခမ်း၏ဖခင် ဦးစိုင်းပန်းဆာနှင့် ဦးစိုင်းပညာ ၁၃/တယန(နိုင်)၀၄၃၂၄၉ မှာ တစ်ဦးတည်းဖြစ်ပါသည်။

### ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ နည်းပြ/သရုပ်ပြရာထူးအတွက် ရေးဖြေစာမေးပွဲကျင်းပမည့် အစီအစဉ်ကြေညာချက်

| နေ့ရက် | ဘာသာရပ် | အချိန် |
|---|---|---|
| ၁၂-၈-၂၀၁၇ (စနေနေ့) | မြန်မာစာ | ၈း၃၀ နာရီမှ ၁၀း၃၀ နာရီထိ |
| | အထွေထွေဗဟုသုတ | ၁၁း၀၀ နာရီမှ ၁၃း၀၀ နာရီထိ |
| | အင်္ဂလိပ်စာ | ၁၄း၀၀ နာရီမှ ၁၆း၀၀ နာရီထိ |

